# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက် တနင်္ဂနွေနေ့။ Sunday, 26 March 2017 (၈၈၇၇)


**ဘဝကိုတန်ဖိုးရှိအောင်နေထိုင်**

လောက၌ လူအဖြစ်ကိုရခြင်းသည်လည်းကောင်း၊ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည်လည်းကောင်း၊ သူတော်ကောင်းတရားကို နာကြားရခြင်းသည်လည်းကောင်း၊ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်ခြင်းသည် လည်းကောင်း ခဲယဉ်းလှပါပေ၏။ (လူ့ဘဝကိုရ၍ အသက်ရှင်ခြင်းကို ရရှိကြသူတိုင်းသည် မိမိဘဝတန်ဖိုးရှိအောင် ပြုမူနေထိုင်ရာ၏။)

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)




၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပစဉ်။

# အစိုးရသစ်အနေဖြင့် သဘာဝအရင်းအမြစ်များကို မျှမျှတတခွဲဝေနိုင်ရေးနှင့် ရေရှည်ထိန်းသိမ်းနိုင်ရေး အမျိုးသားစီးပွားရေးမူဝါဒရေးဆွဲခဲ့ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများအတွက် မိတ်ဆွေနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်အတူ ဆက်လက်လက်တွဲသွားမည်

**ဘိုအော မတ် ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက် ၉ နာရီတွင် ဘိုအောမြို့၌ကျင်းပသည့် ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေး (Boao Forum For Asia Annual Conference 2017) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ခေတ္တတည်းခိုသည့်ဟိုတယ်မှ Boao International Conference Center သို့ရောက်ရှိရာ ဘိုအောဖိုရမ် ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ကျန်းဖေရန်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလီ၊ အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်ဥက္ကဋ္ဌ မစ္စတာ ယာဆူအို ဖူကူဒါ၊ အခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ဖိတ်ကြားထားသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အာရှဘိုအောဖိုရမ်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## (၇၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၅**

၂၀၁၇ ခုနှစ် (၇၂)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို နေပြည်တော် စစ်ရေးပြကွင်း(ရှမ်းစု)၌ မတ် ၂၇ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ထိုနေ့နံနက် ၅ နာရီခွဲမှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံ(ရေဒီယို) အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



**မော်လမြိုင်မြို့၌ကျင်းပသည့် ကလေးစာပေပွဲတော်၌ 3D ဂိမ်းကစားနေသည့် ကလေးငယ်တစ်ဦးကို မတ် ၂၅ ရက်က တွေ့ရစဉ်။** (ပြန်/ဆက်)

ကြေးမုံ

နိုင်ငံတော်အစိုးရ၏

ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

## ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ကြေးမုံ

# လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုဂရုပြု

လူမှုဘဝပတ်ဝန်းကျင်တွင် လူသားဖွံ့ဖြိုးမှုကို အလေးထားဂရုပြုရမည်ဖြစ်သည်။ လူအများနေထိုင်မှုမြင့်မားသည့် မြို့ပြများတွင် အသိအမြင်ဗဟုသုတများကို လူအများသိရှိနားလည်ကြပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုအတိုင်းအတာတစ်ခုအထိ ရှိလိမ့်မည်ဟုခန့်မှန်းရသည်။ လူသားဖွံ့ဖြိုးမှုဆိုသည်မှာ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်းတို့ပင်ဖြစ်သည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ဆယ်စုနှစ် နှစ်ခုကျော်ကာလအတွင်း ဒေသများအားလုံး၌ ပျမ်းမျှလူသား ဖွံ့ဖြိုးမှုတိုးတက်လာသော်လည်း ပြည်သူ ၁ ဒသမ ၅ ဘီလီယံနီးပါးမှာ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်း အခွင့်အရေးဆုံးရှုံးခြင်းတို့နှင့်အတူ ဆင်းရဲနွမ်းပါးမှုအခြေအနေအမျိုးမျိုးတို့တွင် ရပ်တည်နေထိုင်ကြရကြောင်း စစ်တမ်းများတွင် ဖော်ပြထားသည်။

လူသားဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ကမ္ဘာလုံးရှိ လူသားများနှင့်ပတ်သက်သည့် လူသားများ၏ဝင်ငွေရရှိမှု အခြေအနေ၊ ကျန်းမာရေး၊ ပညာရေးနှင့်ပတ်သက်သည့်အခြေအနေ၊ လူသားလွတ်လပ်ခွင့်ရရှိမှုအခြေအနေတို့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်က တိုင်းတာသည်။ မြန်မာနိုင်ငံတွင် လူသားဖွံ့ဖြိုးမှုအခြေအနေမှာ ယခင်ကာလများထက် အလယ်အလတ်အဆင့်သို့မြင့်တက်လာသော်လည်း အားရလောက်သည့်အခြေအနေသို့ မရောက်သေးချေ။

လူသားဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျရသည့်အကြောင်းအရင်းများတွင် အခွင့်အရေးဆုံးရှုံးနေသော လူအုပ်စုအချို့၊ အထူးသဖြင့် အမျိုးသမီးများ၊ တိုင်းရင်းသားလူနည်းစုများနှင့် ဝေးလံခေါင်သီသော နေရာဒေသများတွင် လူသားအကျိုးခံစားခွင့် အချိုးအစားမညီမျှမှုများပင်ဖြစ်သည်။ ယင်းတို့တွင် ဝင်ငွေရရှိရေး မသေချာမှုများနှင့် နောက်ဆက်တွဲ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များရှိနေရာ ယင်းကို အလေးထားပြုပြင်နေသည်ကို တွေ့ရသည်။

အစိုးရသစ်၏ တစ်နှစ်တာကာလတွင် ကျန်းမာရေးစောင့်ရှောက်မှုကို အထူးအလေးထားဖြန့်ကြက်၍ဆောင်ရွက်ပေးနေပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၏ ရလဒ်များအပေါ် ဆန်းစစ်သုံးသပ်ရန်နှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်ကိုတွေ့ရသည်။ ထိုဆွေးနွေးပွဲတွင် ကျန်းမာရေးစောင့်ရှောက်မှုများအား ဗဟိုတစ်ခုတည်း၏အမြင်မဟုတ်ဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အမြင်များကိုပါ ဖော်ထုတ်ခြင်းဖြစ်၍ လက်တွေ့ကျပေသည်။

ကျန်းမာရေးကဏ္ဍမှ ပြည်သူများအားလွှမ်းခြုံဆောင်ရွက်ပေးရာတွင် တစ်နှစ်တာကာလအတွင်း အားသာချက်များရှိသလို အားနည်းချက်များလည်း ရှိပေလိမ့်မည်။ အထူးသဖြင့် အလှမ်းဝေးသောမြို့များနှင့် ဝေးလံခေါင်သီသောဒေသများတွင် လိုအပ်ချက်များရှိနိုင်ပေသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာ၌ ကျန်းမာရေးဝန်ထမ်းများဖြည့်ဆည်း ဆောင်ရွက်ပေးမှုနှင့် ဗဟိုနှင့်အောက်ခြေဒေသများ ဆက်သွယ်ဆောင်ရွက်မှု အားနည်းမှုများအပေါ် ဖြည့်စွက်ဆွေးနွေးနိုင်မှုမှာ ပွင့်လင်းမြင်သာရာ ရောက်ပေသည်။

အားနည်းမှုများတွင် တစ်နေရာမှတစ်နေရာသို့ ဆေးနှင့်ဆေးပစ္စည်းများ သယ်ယူပို့ဆောင်မှု၊ ထုတ်ယူသုံးစွဲမှုတို့ရှိရာ စနစ်တကျဖြစ်စေရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းသည် ကောင်းမွန်ပေသည်။ အထူးသဖြင့် ကျေးလက်ကျန်းမာရေးဌာနများ၏ လိုအပ်ချက်များကို စဉ်ဆက်မပြတ်သုံးသပ်ကြရန်ဖြစ်သည်။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အောင်မြင်တိုးတက်မှုသည် ကျေးလက်ကျန်းမာရေးဌာနများတွင် ပြည်သူလူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်မှုအပေါ်တွင် မူတည်ပေသည်။

ယခုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ ရလဒ်အပေါ်တွင် ဆန်းစစ်သုံးသပ်ရန်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် တွေ့ဆုံဆွေးနွေးနိုင်ခြင်းသည် တစ်နှစ်တာအတွင်း ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ကောင်းမွန်ရေးအတွက် အလေးထားဆောင်ရွက်မှုများပင်ဖြစ်သည်။ ထို့အပြင် လူသား ဖွံ့ဖြိုးတိုးတက်ရေးနှုန်းစံများ မြင့်မားတိုးတက်လာစေရေးအတွက် အဓိကကျသည့် ကျန်းမာရေးကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်မှုများအဖြစ် ရှုမြင်ပါသည်။ ။

## အားလုံးခြုံငုံပါဝင်သော နိုင်ငံတော်အဆင့် ကျန်းမာရေးစစ်တမ်း

# USAID နှင့် 3MDG ရန်ပုံငွေအဖွဲ့၏ အကူအညီဖြင့် မြန်မာနိုင်ငံက ပထမဆုံးထုတ်ပြန်

**ရန်ကုန် မတ် ၂၅**

မြန်မာနိုင်ငံ လူမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်းကို ပထမဆုံးအကြိမ်အဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ USAID ဌာနေ ညွှန်ကြားရေးမှူး ထရီဆာမက်ဂီတို့က တရားဝင်ထုတ်ပြန်လိုက်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ထုတ်ပြန်သည်။

မြန်မာနိုင်ငံ လူမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက် စစ်တမ်းကောက်ယူခြင်းအတွက် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လူပေါင်း ၁၇၀၀၀ ကျော် ပါဝင်ဆောင်ရွက်ခဲ့ပြီး မိသားစုစီမံကိန်းပညာပေးရေးမှစ၍ မိခင်နှင့်ကလေးကျန်းမာရေး အာဟာရဖွံ့ဖြိုးရေး၊ အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ကဏ္ဍများအထိ ပါဝင်ကြောင်း၊ ရရှိလာသောရလဒ်များမှာ နိုင်ငံအတွင်း ကျန်းမာရေးကဏ္ဍ တိုးတက်ရေးဖော်ဆောင်ရာတွင် သက်သေအချက်အလက်များကို အခြေခံသော ဆုံးဖြတ်ချက်များချရာ၌ ခိုင်မာအားကောင်းသည့် အခြေခံအကြောင်းရင်းတစ်ခုအဖြစ် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ USAID ဌာနေ ညွှန်ကြားရေးမှူး ထရီဆာမက်ဂီက "မြန်မာနိုင်ငံအနေနဲ့ ကလေးငယ်သေဆုံးမှုနှုန်းကို လွန်ခဲ့တဲ့ ၁၅ နှစ်အတွင်း ၅၀ ရာခိုင်နှုန်းကျော် လျှော့ချနိုင်ခဲ့ပြီဖြစ်တဲ့အကြောင်း ဒီရလဒ်တွေက ဖော်ညွှန်းပြသနေပါတယ်။ တစ်ချိန်တည်းမှာပဲ ကျန်းမာရေးကဏ္ဍမှာ လစ်ဟာနေတဲ့ ဝန်ဆောင်မှုတွေကို ဒီအချက်အလက်တွေက ထုတ်ဖော်ပြသလိုက်တဲ့အတွက် ဒီပြဿနာတွေကို ကျော်လွှားနိုင်ဖို့ နိုင်ငံတော်အဆင့် ကြိုးပမ်းအားထုတ်မှုအနေနဲ့ အာရုံစိုက်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်"ဟု သံရုံး ထုတ်ပြန်ချက်မှတစ်ဆင့် ပြောသည်။

မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်းသည် အားလုံး ခြုံငုံပါဝင်သော စစ်တမ်းဖြစ်ပြီး ပဋိပက္ခကြောင့် သက်ရောက်မှုရှိခဲ့သော ဒေသများ အပါအဝင် တိုင်းရင်းသားဒေသများနှင့် နိုင်ငံတစ်ဝန်းရောက်ရှိရန်ခက်ခဲသော လူမှုအသိုက်အဝန်းဒေသများကိုလည်း သွားရောက်ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် စစ်တမ်းများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း ကောက်ယူခဲ့ခြင်းဖြစ်ကာ အဆိုပါ အချက်အလက်များသည် ၂၀၁၇-၂၀၂၂ ခုနှစ် မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေးစီမံကိန်းအတွက် အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**(မွန်းဦးနဒီ)**

■

## ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ




**မိတ္ထီလာ မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၌ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၄ ရက်နံနက် ၉ နာရီမှ ၁၁ နာရီအထိ ယင်းဆေးရုံကြီး၏ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနဝန်ကြီး ဒေါက်တာမြင့်ထွေး၏ ၂၀၁၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဖွင့်ပွဲ မိန့်ခွန်းအား ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်စန်းစန်းဝေက ဖတ်ကြားခဲ့သည်။

ဆက်လက်၍ မိတ္ထီလာခရိုင် ဒုတိယမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝေချိုခိုင် (ရောဂါနှိမ်နင်းရေး-တီဘီဌာန)နှင့် မိတ္ထီလာခရိုင် မြန်မာနိုင်ငံဆရာဝန်များအသင်းမှ တီဘီတိုက်ဖျက်ရေး စီမံချက်အရာရှိ ဒေါက်တာ ခင်စိုးတို့က အမျိုးသား တီဘီတိုက်ဖျက်ရေးလုပ်ငန်းစဉ်များနှင့် တီဘီရောဂါအကြောင်း သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် ၂၀၁၆ ခုနှစ်အတွင်း တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆုများချီးမြှင့်ခဲ့ရာ ကျန်းမာရေးဌာန ငါးခုနှင့် ကျန်းမာရေးဝန်ထမ်း သုံးဦးတို့ကို တီဘီရောဂါ ရှာဖွေတွေ့ရှိမှုနှုန်း အများဆုံးဆုနှင့် ဆေးကုသမှုပျောက်ကင်းနှုန်းအများဆုံးဆုတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း (MHAA-UNOPS) မိတ္ထီလာအဖွဲ့မှ စေတနာ့ဝန်ထမ်း ကျန်းမာရေး စောင့်ရှောက်ပေးသူ CTV သုံးဦးအား တီဘီသံသယလူနာနှင့် လူနာရှာဖွေတွေ့ရှိ မှုအများဆုံးဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီးချီးမြှင့်ခဲ့ရာ ကွန်းဖိုပင်ကျေးရွာမှ CTV ဦးအောင်ငွေက ပထမ၊ မကျီးစုကျေးရွာမှ CTV ဦးဝင်းမောင်က ဒုတိယ၊ ပြည်သာယာမှ CTV ဒေါ်အေးအေးထွန်းက တတိယဆုများကို အသီးသီး လက်ခံရယူခဲ့သည်။ **(ရာဇဖွား)**

## မီးရထားနှင့် ယာဉ်တိုက်မှုဖြစ်စဉ်များ လျှော့နည်းရေးအသိပညာပေး

**ကန်ကြီးထောင့် မတ် ၂၅**

ရထားရဲတပ်ဖွဲ့ အမှတ် (၂၀)တပ်ခွဲ ဟင်္သာတအပိုင်နယ်မြေအတွင်း မီးရထားနှင့် ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ရထားကြိတ်/တိုက်/ပြုတ်ကျသည့် ဖြစ်စဉ်များကြောင့် ထိခိုက်၊ ဒဏ်ရာရသေဆုံးမှုများ လျှော့နည်းကျဆင်းစေရေးအတွက် တပ်စု (၃)ပုသိမ် တပ်စုမှူး ဒု-ရဲအုပ် စောလွင်ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဘဲဂရက်ဘူတာတွင် အခြေပြု၍ ရထားစီးခရီးသည်များ၊ ဘဲဂရက်ကျေးရွာနေပြည်သူများ၊ ရပ်မိရပ်ဖများ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် မောင်းနှင်သူများကို မြန်မာ့မီးရထားဝန်ထမ်းများနှင့် ပူးပေါင်း၍ အသိပညာပေးလှုံ့ဆော်မှုများကို မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲမှ ၂ နာရီခွဲအထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## သတင်းထောက်များနှင့် တွေ့ဆုံမည်

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် သတင်းနှင့်ဓာတ်ပုံများ ပေးပို့လျက်ရှိသော ပန်းတနော်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ပုသိမ်၊ ငပုတော၊ လပွတ္တာ၊ မြောင်းမြ၊ ဟိုင်းကြီးကျွန်းမြို့နယ်များနှင့် ပတ်ဝန်းကျင်မြို့များမှ သတင်းထောက်များ၊ သတင်းလုပ်ငန်းစိတ်ပါဝင်စားသောသူများနှင့် နိုင်ငံပိုင်သတင်းစာတိုက်မှ တာဝန်ရှိသူတို့ တွေ့ဆုံမည်ဖြစ်သည်။ အဆိုပါတွေ့ဆုံပွဲကို မတ် ၂၆ ရက် မွန်းလွဲပိုင်းနှင့် မတ် ၂၇ ရက်နှင့် မတ် ၂၈ ရက်တို့တွင် ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေး၊ ဒေးဒရဲ၊ မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဝါးခယ်မ၊ ပန်းတနော်မြို့နယ်တို့၏ နီးစပ်ရာမြို့များ၌ ပြုလုပ်မည်ဖြစ်ရာ ဖုန်း-၀၉-၃၃၆၄၄၂၀၉ နှင့် ၀၉-၄၂၀၇၆၆၃၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(ကြေးမုံ)**

## စာမူရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာသို့ ပေးပို့လာသည့် ခေါင်းကြီး၊ ဆောင်းပါး၊ သတင်း၊ ကာတွန်း၊ ကဗျာနှင့်ဓာတ်ပုံများအနက် သတင်းစာများတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူအမျိုးအစားအလိုက် စာမူခချီးမြှင့်မှုများကို သတင်းစာတွင် ဖော်ပြပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း ထုတ်ပေးလျက်ရှိပါသည်။

စာမူရှင်များနှင့် ဆက်သွယ်ရရှိမှုအလိုက် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ လာရောက်ထုတ်ယူမှုအပေါ် မူတည်၍ စာမူခများ ထုတ်ပေးလျက်ရှိသည့်အပြင် စာတိုက်မှပေးပို့သည့် နည်းလမ်းဖြင့်လည်း ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ပေးပို့သည့် စာမူများ၌ ဆက်သွယ်ရမည့် လိပ်စာများမပါရှိသဖြင့် စာမူခထုတ်ပေးရာတွင် ကြန့်ကြာမှုများရှိနေပြီး စာမူခပေးရန်ကျန်ရှိနေမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိခဲ့သော စာမူများအလိုက် စာမူခချီးမြှင့်ငွေများကို မန်နေဂျာ၊ ကြေးမုံသတင်းစာတိုက် ရန်ကုန်/နေပြည်တော် ဖုန်း-၀၁-၈၆၁၀၆၈၅၊ ၀၁-၂၉၂၈၃၂၊ ၀၆၇-၃၆၁၂၉ တို့သို့ ဆက်သွယ်ထုတ်ယူရေး ဆောင်ရွက်နိုင်ပါရန်နှင့် နောင်တွင် စာမူများ ပေးပို့ရာ၌ ဆက်သွယ်ရမည့်လိပ်စာများ၊ ပေးပို့စေလိုသည့် နည်းလမ်းတို့အား ဖော်ပြပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းမှူးချုပ်**
**(ကြေးမုံသတင်းစာတိုက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




**ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

**ရှေ့ဖုံးမှ**

အမှုဆောင်ဘုတ်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟိုင်နန်ပြည်နယ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဒုတိယသမ္မတနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘိုအောဖိုရမ်ဥက္ကဋ္ဌ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ ယာဆူအို ဖူကူဒါက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.ZHANG Gaoli၊ မဒါဂါး စကားသမ္မတနိုင်ငံသမ္မတ H.E.Hery Martial Rajaonari-mam pianina၊ မိုက်ခရိုနီးရှား ဖက်ဒရယ်ပြည်ထောင်စုသမ္မတ H.E. Peter M.Christian၊ နီပေါနိုင်ငံဝန်ကြီးချုပ် H.E.Puspa Kamal Dahal 'Prachanda' နှင့် အာဖဂန်နစ္စတန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E.Fazel Hadi Muslimyar တို့က မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက မိန့်ခွန်းပြောကြားရာတွင် မိမိအား ယခုကဲ့သို့ ဖိုရမ်သို့ ဖိတ်ကြားမှု၊ နွေးထွေးစွာကြိုဆိုမှုနှင့် ဖိုရမ်ကျင်းပရေးအတွက် အကောင်းဆုံး စီစဉ်ဆောင်ရွက်ထားမှုတို့အပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ဘိုအောဖိုရမ်ကျင်းပရေး ကော်မတီတို့ကို ကျေးဇူးတင်ရှိပါကြောင်း။

ယခုနှစ် ဖိုရမ်၏ခေါင်းစဉ်မှာ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် လွတ်လပ်စွာ ကုန်သွယ်မှုများနှင့်ပတ်သက်၍ အာရှဒေသ၏ အမြင်များဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ဂလိုဘယ်လိုက်ဇေးရှင်းနှင့် လွတ်လပ်စွာကုန်သွယ်မှုများ ပိုမိုခိုင်မာလာစေရေးအပေါ် နောက်ကြောင်းပြန်လှည့်မည့် လက္ခဏာများ တွေ့မြင်နေရသည့်အတွက် ယခုနှစ်ဖိုရမ်၌ အဆိုပါခေါင်းစဉ်ကို ရွေးချယ်ခဲ့ခြင်းသည် သင့်လျော်မှုရှိပြီး အချိန်အခါနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း။

ကိုယ်ကျိုးစီးပွား ကာကွယ်သောမူဝါဒ (Protectionism)အား ပြန်လည် အသက်သွင်းရန် မည်သည့်ကြိုးပမ်းမှုမဆို ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အတွက် မည်သို့မျှ အထောက်အကူပြုစေမည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဂလိုဘယ်လိုက်ဇေးရှင်း၊ ဖွံ့ဖြိုးတိုးတက်မှု၊ ပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးပုံစံအသစ်များဖြင့် ပတ်သက်ပြီး မိမိတို့၏ ပူးတွဲကြိုးပမ်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရေးအတွက် အလေးထားဆွေးနွေးသွားကြရန် လိုအပ်ပါကြောင်း။

ကုန်သွယ်ရေးအရ ပေါင်းစည်းဆက်နွယ်မှု တိုးမြှင့်ရေးသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန်အတွက် ထိရောက်သော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ဟု မြန်မာနိုင်ငံအနေဖြင့် ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ၌ ရည်မှန်းချက်မြင့်မား၍ ရေရှည်အကျိုးရှိစေမည့် ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၁ ခုနှစ်တွင် စတင်ဖော်ဆောင်ခဲ့ပါကြောင်း၊ အဆိုပါပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံသည် ပိုမိုပွင့်လင်းမြင်သာပြီး တက်ကြွသော လူမှုအသိုက်အဝန်းတစ်ခုအဖြစ် ရောက်ရှိလာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုအခါ ဒေသတွင်း စီးပွားရေးပေါင်းစည်းဆက်နွယ်မှုအတွက် မဟာဗျူဟာအရ ပိုမို ကောင်းမွန်သောအနေအထားတွင် ရောက်ရှိနေပြီဖြစ်ပါကြောင်း။

အာရှဒေသအနေဖြင့် အာဆီယံ - တရုတ် လွတ်လပ်စွာ ကုန်သွယ်မှုဒေသ၊ ဒေသတွင်း ဘက်စုံစီးပွားရေး မိတ်ဖက်အစီအစဉ်၊ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်၊ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းသစ်တစ်ခုဖြစ်သော အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုဘဏ်တို့မှတစ်ဆင့် စီးပွားရေးအရ ပေါင်းစည်းဆက်နွယ်မှုမြှင့်တင်ရန် အလားအလာကောင်းများ ရှိနေပါကြောင်း၊ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်နှင့် အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုဘဏ်တို့သည် ပူးပေါင်းဆောင်ရွက်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေးနှင့် တစ်သားတည်း ပေါင်းစည်းနိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ကုန်သွယ်မှု အဆင်ပြေချောမွေ့ရန်အတွက် ထိရောက်သော ဆောင်ရွက်ချက်များဖြစ်သည့် အမျိုးသား ပို့ကုန်မဟာဗျူဟာကို ချမှတ်ကျင့်သုံးခြင်း၊ ကုန်သွယ်မှု အတားအဆီးများ လျှော့ချခြင်း၊ ပင်လယ်ရေကြောင်းနှင့် ကုန်းတွင်းပိုင်း အကောက်ခွန် ဥပဒေနှင့် မူဝါဒပြုပြင်ပြောင်းလဲခြင်း၊ အာဆီယံနိုင်ငံများအတွင်း ဖြတ်သန်းသယ်ယူပို့ဆောင်သည့် အကောက်ခွန်စနစ်နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ကုန်သွယ်မှုချောမွေ့ရေး သဘောတူညီချက်များတွင် ကုန်သွယ်မှုလွယ်ကူစွာ စီးဆင်းနိုင်ရေးအား ရည်ရွယ်ပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့် ၂၀၁၆ ခုနှစ်တွင် စတင်တာဝန်ယူပြီးနောက်ပိုင်း အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ကြိုးပမ်းမှုများအပေါ် အထောက်အပံ့ဖြစ်ရန် ပြည်နယ်များနှင့် တိုင်းဒေသကြီးများအကြား သဘာဝအရင်းအမြစ်များကို မျှမျှတတ ခွဲဝေနိုင်ရေးနှင့် ရေရှည်ထိန်းသိမ်းသွားနိုင်ရေးအတွက် စီးပွားရေးမူဘောင်ချမှတ်နိုင်ရန် အမျိုးသား စီးပွားရေးမူဝါဒကို ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေချောမွေ့စွာ ရင်းနှီးမြှုပ်နှံနိုင်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန်ရည်ရွယ်ပြီး ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေသစ်သည် ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို အာမခံချက် ခိုင်ခိုင်မာမာပေးထားပါကြောင်း။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုသည်လည်း ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂ ဘီလီယံအထိ မြင့်တက်ခဲ့ပြီး နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံအထိ မြင့်တက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လာမည့်ဆယ်စုနှစ်များ၌ အားကောင်းသော အဖွဲ့အစည်းများ၊ ခိုင်မာသော အခြေခံအဆောက်အအုံနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားရေးတို့အတွက် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဖော်ဆောင်ရန်၊ ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးတို့၌ တစ်သားတည်း ပေါင်းစည်းနိုင်ရေးအတွက် ဒေသအတွင်းရှိ မိတ်ဆွေနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်အတူ ဆက်လက် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**




**ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

# ယခုကာလတွင် ငါးနှင့် ရေထွက်ပစ္စည်းလုပ်ငန်းမှ ဒေါ်လာသန်း ၅၀၀ ကျော်ခန့် ထုတ်လုပ်တင်ပို့နိုင်ခဲ့



**နေပြည်တော် မတ် ၂၅**

စပါးသီးနှံနှင့် ပဲမျိုးစုံသီးနှံသည် အဓိကစိုက်ပျိုးရေးထွက်ကုန်ဖြစ်သည့်အတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်သူများအသင်း ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကို ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် မျိုးကွဲလျှော့ချနိုင်ရေးနှင့် ဒေသအလိုက် မျိုးသတ်မှတ်စိုက်ပျိုးနိုင်ရန် စီမံပေးခြင်း၊ သီးနှံသိုလှောင်ရုံများအပါအဝင် အဆင့်မြင့်ဆန်စက်များတည်ထောင်နိုင်ရေး ပံ့ပိုးကူညီပေးခြင်းဖြင့် သီးနှံအရည်အသွေးမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အဆင့်မြင့်လယ်ယာစနစ် ဆောင်ရွက်နိုင်ရေးနှင့် စိုက်ပျိုးရေးအာမခံစနစ် ပေါ်ပေါက်လာရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည့်နည်းတူ အရည်အသွေးကို အခြေခံသည့် ဝယ်ယူရေးစနစ်နှင့် မျိုးကွဲအလိုက် ခွဲခြားဝယ်ယူသည့်စနစ် ပေါ်ပေါက်လာရေး ဖော်ဆောင်ပေးရန် လိုအပ်လျက်ရှိပါကြောင်းဖြင့် မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ကျင်းပသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကတွေ့ဆုံ ဆွေးနွေးပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ပြောကြားသည်။

ဆွေးနွေးပွဲတွင် အသင်းအဖွဲ့အသီးသီးတို့မှ ဥက္ကဋ္ဌများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်နေမှုနှင့် ရေရှည်တွင်လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ယခုအစိုးရကာလတွင် ငါးနှင့်ရေထွက်ပစ္စည်းလုပ်ငန်းမှ ဒေါ်လာသန်း ၅၀၀ ကျော်ခန့် ထုတ်လုပ်တင်ပို့နိုင်ခဲ့သည့်နည်းတူ ဆန်တင်ပို့မှုအနေဖြင့် ယခုနှစ်တွင် တန်ချိန် ၁ ဒသမ ၅ သန်းကျော် တိုးတက်တင်ပို့ရောင်းချနိုင်ခဲ့ပြီး လာမည့်နှစ်တွင် တန်ချိန် နှစ်သန်း တိုးတက်တင်ပို့ရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာလွှမ်းခြုံစီးပွားရေး လုပ်ဆောင်မှုသည် ကမ္ဘာ့စီးပွားရေးကောင်းမွန်ရန် အထောက်အပံ့ကောင်းဖြစ်သည်ဟု တရုတ်ဒုတိယဝန်ကြီးချုပ်ဆို

**ပေကျင်း မတ် ၂၅**
တရုတ်နိုင်ငံ၏ အဆင့်မြင့်အရာရှိတစ်ဦးက အာရှနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ဖိုရမ်တစ်ခုတွင် လွတ်လပ်သော ကုန်သွယ်မှုတစ်ရပ် အကောင်အထည်ဖော်ဆောင်မှုနှင့် ကမ္ဘာလွှမ်းခြုံစီးပွားရေးလုပ်ဆောင်မှု၏ အရေးပါပုံများကို အလေးထားပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံတောင်ပိုင်းရှိ ဟိုင်နန်ကျွန်းတွင် ကျင်းပသော အာရှနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ဘော်အိုဖိုရမ်တွင် ဒုတိယဝန်ကြီးချုပ် ကျန်းဂါအိုလီက အထက်ပါအကြောင်းများကို သူ၏ အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ အဆိုပါဖိုရမ်သို့ လူပေါင်း ၂၀၀၀ ကျော် တက်ရောက်ခဲ့သည်။

တရုတ်နိုင်ငံ၏ အုပ်ချုပ်မှုစနစ်တွင် အဆင့်ခုနစ်ရှိသော ဒုတိယဝန်ကြီးချုပ် ကျန်းဂါအိုလီက ကမ္ဘာ့နိုင်ငံများအနေဖြင့် ကမ္ဘာတစ်လွှား လွှမ်းခြုံစီးပွားရေးများ လုပ်ဆောင်ရန်နှင့် လွတ်လပ်သော ကုန်သွယ်မှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရန် အလေးပေးလုပ်ဆောင်သင့်ကြောင်းပြောကြားခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းကြောင့် တစ်ဖက်ကလည်း ကမ္ဘာတစ်ဝန်း တည်ငြိမ်အေးချမ်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်များ ထွက်ပေါ်လာမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးချုပ်၏ ပြောကြားချက်သည် မကြာသေးမီက ကမ္ဘာ့နိုင်ငံများအား တုန်လှုပ်ခြောက်ခြားစေခဲ့သော 'အမေရိကန်သည်သာပထမ' မူဝါဒကို အကောင်အထည်ဖော်ဆောင်ရန် ကတိပြုခဲ့သည့် အမေရိကန်သမ္မတထရမ့်၏ မျိုးချစ်စိတ်ပြင်းထန်မှုအပေါ် ပြန်လည်ချေပပြောဆိုခဲ့ခြင်း ဖြစ်နိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်သွားပြီး ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်ကဆိုသည်။




ဖိုရမ်ဥက္ကဋ္ဌ ဂျပန်ဝန်ကြီးချုပ်ဟောင်း ယာဆူအို ဖူကူဒါက ကမ္ဘာလွှမ်းခြုံစီးပွားရေးလုပ်ဆောင်မှုသည် ကမ္ဘာ့စီးပွားရေးပြန်လည်ကောင်းမွန်လာရေးအတွက် အရေးပါသော အခန်းကဏ္ဍတွင်ပါဝင်ကြောင်း သူ၏ အဖွင့်မိန့်ခွန်းထဲတွင် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# အီဂျစ်သတင်းထောက်များသမဂ္ဂ အကြီးအကဲဟောင်းနှင့် အပေါင်းအပါနှစ်ဦးအား ဆိုင်းငံ့ပြစ်ဒဏ်တစ်နှစ်ချမှတ်

**ကိုင်ရို မတ် ၂၅**
အီဂျစ်နိုင်ငံသတင်းထောက်များသမဂ္ဂ အကြီးအကဲဟောင်းအား ၎င်း၏ လုပ်ဖော်ကိုင်ဖက်ဟောင်းများကို အကာအကွယ်ပေးမှု အပါအဝင် မဟုတ်မမှန်သတင်းများ ပြန့်ပွားစေမှုတို့ဖြင့် စွဲချက်တင်ကာ တရားရုံးက အမိန့်ချမှတ်ခဲ့သော ပြစ်ဒဏ်များကို အီဂျစ်အယူခံတရားရုံးက ဆိုင်းငံ့ပြစ်ဒဏ် တစ်နှစ်ချမှတ်လိုက်ကြောင်း ယနေ့ ရိုက်တာသတင်းတစ်ရပ်အရ သိရသည်။

မတ် ၂၅ ရက်တွင် အယူခံတရားရုံးက သတင်းထောက်များသမဂ္ဂ အကြီးအကဲဟောင်း ယာဟီရာကွာလတ်နှင့် သူ့အပေါင်းအပါနှစ်ဦးအား ဆိုင်းငံ့ပြစ်ဒဏ် တစ်နှစ်ချမှတ်ခဲ့သည်။



လွတ်လပ်စွာ ရေးသားဖော်ပြခွင့်ကို တားဆီးပိတ်ပင်သည့် လုပ်ရပ်အဖြစ် ယာဟီရာကွာလတ်နှင့် သူ၏အပေါင်းအပါနှစ်ဦးအား နိုဝင်ဘာလတွင် တရားရုံးက ထောင်ဒဏ်နှစ်နှစ်စီ အသီးသီးချမှတ်ခဲ့သည်။ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့က အဆိုပါ တရားစီရင်ချက်ချမှတ်မှုကို ရှုတ်ချခဲ့ကြောင်း သိရသည်။

၎င်းတို့၏ သတင်းရေးသားဖော်ပြမှုကြောင့် အီဂျစ်သမ္မတ အယ်လ်စီစီအပေါ် ဆန့်ကျင်လိုစိတ်များ ဖြစ်ပေါ်စေခဲ့သည့်အတွက် ၎င်းတို့အား စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ၎င်းတို့အားစွဲချက်တင်မှုသည် မေလအတွင်းက အစိုးရဆန့်ကျင်၊ မဟုတ်မမှန်သတင်းများရေးသားသော သတင်းထောက်နှစ်ဦးအား ဖမ်းဆီးရန် သတင်းထောက်များအဖွဲ့သို့ ရဲအရာရှိများဝင်ရောက်စီးနင်းမှုနှင့် အနည်းငယ်ဆက်နွယ်နေသည်။ ယင်းသို့ ရဲအရာရှိများက သတင်းထောက်အဖွဲ့သို့ ဝင်ရောက်စီးနင်းမှုသည် ၇၅ နှစ်တာကာလအတွင်း ပထမဆုံးသောအကြိမ်ဖြစ်သည်ဟု သတင်းထောက်သမဂ္ဂ တာဝန်ရှိသူများက ဆိုသည်။

သတင်းထောက်သမဂ္ဂအား ဝင်ရောက်စီးနင်းခဲ့ခြင်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာနက ငြင်းဆိုခဲ့သော်လည်း အစိုးရဆန့်ကျင်သည့်သတင်းထောက်နှစ်ဦးအား ဖမ်းဆီးထားသည်ဟု ရဲတပ်ဖွဲ့က အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

**ရိုက်တာ။**

# အိန္ဒိယရေတပ် လေယာဉ်တင်သင်္ဘောပေါ်မှ မြေပြင်မှ ဝေဟင်ပစ်ဒုံး စမ်းသပ်ပစ်ခတ်မှုအောင်မြင်

**နယူးဒေလီ မတ် ၂၅**
အိန္ဒိယရေတပ်မှ လေယာဉ်တင်သင်္ဘော အိုင်အန်အက်စ်ဗစ်ကရာ မာဒီတရာပေါ်တွင် မကြာသေးမီက တပ်ဆင်ခဲ့သည့် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ် (အက်စ်အေအမ်)မှ ဒုံးကျည်တစ်စင်း ပထမဆုံးအကြိမ် စမ်းသပ်ပစ်ခတ်ခဲ့ရာ အောင်မြင်မှုရရှိကြောင်း အိန္ဒိယရေတပ်မှ မတ် ၂၄ ရက်တွင် ပြောကြားသည်။

ယင်းဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို အာရေဗျပင်လယ်တွင် မတ် ၂၂ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယအနောက်ပိုင်း စစ်ရေယာဉ်စု၏ ပုံမှန်ခုတ်မောင်းသွားလာမှုအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းရေယာဉ်စုမှ ဒုတိယရေကြောင်း ဗိုလ်ချုပ်ကြီး ဂီရစ်လူဘရာက တရားဝင်ထုတ်ပြန်ချက်၌ ဖော်ပြသည်။

မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည် စမ်းသပ်ပစ်ခတ်မှုကို အာရေဗျပင်လယ်အတွင်း ပြုလုပ်ခဲ့ပြီး အရှိန်ပြင်းစွာ အနိမ့်ပျံသန်းလာသော ပစ်မှတ်အား ဒုံးကျည်က အောင်မြင်စွာ ထိတွေ့ဖျက်ဆီးနိုင်ခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

အိန္ဒိယရေတပ်မှ လေယာဉ်တင်သင်္ဘော အိုင်အန်အက်စ် ဗစ်ကရာမာဒီတရာသည် ဆိုဗီယက်ခေတ်က တည်ဆောက်ခဲ့သည့် ကိဗ်ယက် အတန်းအစား လေယာဉ်တင်သင်္ဘောအား ပြုပြင်မွမ်းမံမှုများ ပြုလုပ်ထားခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် အိန္ဒိယရေတပ်၌ တာဝန်ထမ်းဆောင်ခြင်း အခမ်းအနားကို ရုရှားနိုင်ငံ ဆီဗီရိုဘင့် ရေတပ်စခန်း၌ ကျင်းပခဲ့သည်။

**ဆင်ဟွာ။**

# ဒါကာမြို့ရှိ အဓိကကျသော လေဆိပ်အနီးတွင် အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွား

**ဒါကာ မတ် ၂၅**
အသေခံဗုံးဖောက်ခွဲရေးသမားတစ်ဦးဟု သံသယရှိသူတစ်ဦးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမြို့တော် ဒါကာ၏ အဓိကကျသော လေဆိပ်တစ်ခုအနီးတွင် မတ် ၂၄ ရက် ညပိုင်းက ၎င်းကိုယ်၎င်း အသေခံဗုံးဖောက်ခွဲမှုပြုလုပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့အရာရှိတစ်ဦးက ပြောကြားသည်။

အသက် (၂၅) နှစ်ခန့်ရှိသည့် လူငယ်တစ်ဦးသည် ၎င်း၏အိတ်အတွင်းရှိ ဗုံးတစ်လုံးကို ဖောက်ခွဲခဲ့ကြောင်း ဒါကာမြို့တော် ရဲတပ်ဖွဲ့မှ အမည်မဖော်သည့်ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ၎င်းအသေခံဗုံးဖောက်ခွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူမရှိသော်လည်း ယင်းဖောက်ခွဲတိုက်ခိုက်မှုကို ပြုလုပ်ခဲ့ကြောင်း မည်သည့်အဖွဲ့အစည်းကမျှ ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။

ဘင်္ဂလားဒေ့ရှ်အထူးအမြန်တိုက်ခိုက်ရေးတပ်ရင်းဌာနချုပ်အား ရည်ရွယ်ရသည့် ယင်းအသေခံဗုံး ဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ မဟာဗျူဟာမြောက်အရေးပါသော နေရာများဖြစ်သည့် လေဆိပ်များနှင့်အကျဉ်းထောင်များအား လုံခြုံရေးသတိပေးမှု အမြင့်ဆုံး အဆင့်ထုတ်ပြန်ထားခဲ့သည်။

ယင်းအသေခံဗုံးဖောက်ခွဲမှုကြောင့် ဗုံးဖောက်ခွဲသူမှာ သေဆုံးခဲ့ပြီး တပ်ဖွဲ့ဝင်နှစ်ဦးထိခိုက်ဒဏ်ရရခဲ့သည်။ စစ်သွေးကြွတစ်ဦးဟု သံသယရှိသည့် ၎င်းဗုံးဖောက်ခွဲသူသည် ဒါကာမြို့ရှိ ဟာဇရက်ရှိက်ဂျာလယ် အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးရှိ ဘင်္ဂလားဒေ့ရှ် အထူးအမြန်တိုက်ခိုက်ရေးတပ်ဖွဲ့ဌာနချုပ်အား ရည်ရွယ်တိုက်ခိုက်ခြင်းဖြစ်သည်။

မတ် ၂၄ ရက် ည အသေခံဗုံးခွဲတိုက်ခိုက်မှု မဖြစ်ပွားမီ တစ်ရက်အလိုက မြို့တော် ဒါကာနှင့် ၂၄၅ ကီလိုမီတာကွာဝေးသည့် ပင်လယ်ဆိပ်ကမ်းမြို့ စစ်တကောင်းတွင် ဘင်္ဂလားဒေ့ရှ်




ရဲတပ်ဖွဲ့က ပုန်းခိုနေသည့် စစ်သွေးကြွများအား စီးနင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

ယင်းသို့စီးနင်းရာတွင် စစ်သွေးကြွငါးဦးအနက် လေးဦးမှာ သေဆုံးခဲ့ရသည်။ စစ်သွေးကြွနှစ်ဦးမှာ ၎င်းတို့ကိုယ်၎င်း အသေခံဗုံးဖောက်ခွဲကာ သေဆုံးခဲ့ပြီး အခြားနှစ်ဦးမှာ ရဲတပ်ဖွဲ့က ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည်။

**ဆင်ဟွာ။**



**ကျောဖုံးမှ ❖**

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၈)မှ တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သော အရှည် ပေ ၉၆၀ ရှိ ပန်ဇင်းချောင်းတံတားသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါတံတားအနီးရှိ မဏ္ဍပ်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် စီမံကိန်းဝန်ထမ်းများ၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့နှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ရခိုင်ပြည်နယ်သို့ ဆက်သွယ်သွားလာနိုင်ရန်အတွက် အဓိကဝင်ပေါက်လမ်းများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ သံတွဲ-ငဝ-ငါးသိုင်းချောင်းလမ်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြည်-ပန်းတောင်း-တောင်ကုတ်-မအီ-ကျောက်ဖြူလမ်း၊ မကွေးတိုင်းဒေသကြီးမှ မင်းဘူး-အမ်း-စစ်တွေလမ်းနှင့် ချင်းပြည်နယ်မှ ကျောက်တော်-ပလက်ဝ-မတူပီ-ဟားခါး-ဖလမ်း-တီးတိန်-တွန်းဇံ-ကျီခါးလမ်း၊ နယ်စပ်လမ်းဖြစ်သည့် တောင်ပြို-မောင်တော-ဘူးသီးတောင်-ရသေ့တောင်-ပုဏ္ဏားကျွန်း-စစ်တွေလမ်းတို့ရှိပြီး အဆိုပါလမ်းများကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ခရီးသည်တင်ယာဉ်များနှင့် ကုန်စည်တင်ယာဉ်များ အများဆုံးသွားလာနေသည့် ရန်ကုန်-စစ်တွေလမ်း(အမ်း-စစ်တွေလမ်း)ကိုလည်း ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် ယနေ့ဖွင့်လှစ်သည့် ပန်ဇင်းချောင်းတံတားအပါအဝင် အခြားသော လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းပေးရန်လိုအပ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက ကျေးဇူးတင်စကားပြောကြားသည်။



**ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုတို့ ပန်ဇင်းချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြစဉ်။**



**ပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုတို့ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။**

ယင်းနောက် ပန်ဇင်းချောင်းတံတားအား ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ဦးသိန်းနိုင်နှင့် ဒေသခံပြည်သူ ဦးမောင်မြသာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပန်ဇင်းချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

ယနေ့ဖွင့်လှစ်သည့် ပန်ဇင်းချောင်းတံတားသည် ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ဘူးသီးတောင်-ရသေ့တောင်လမ်းပေါ်တွင်တည်ရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ တံတားအရှည်ပေ ၉၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ တံတားအောက် ရေလမ်းကင်းလွတ်အကျယ် ပေ ၉၀၊ အမြင့် ၁၉ ပေရှိပြီး တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကာ ၂၀၁၄ ခုနှစ် ဧပြီလတွင် စီမံကိန်းစတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဘူးသီးတောင်-မောင်တော ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါလမ်းမုခ်ဦး၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါလမ်းသည် အရှည် ၁၆ မိုင်၊ ကတ္တရာလမ်းအကျယ် ၁၂ ပေရှိပြီး ယခုကဲ့သို့ အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်ဖြင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းနှင့် ဓာတ်ပုံ-ရာမည၊ တင်စိုး)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ပထမဆုံးဖွင့်လှစ်နိုင်ခဲ့သည့် ပန်ဇင်းချောင်းတံတားနှင့် ပြည်သူတို့၏ စကားသံများ

**ယခင်က လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော ရခိုင်ပြည်နယ်အား အခြားသော တိုင်းဒေသကြီး/ပြည်နယ်များနည်းတူ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်းပြီး လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထား ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သစ်၏ တစ်နှစ်တာကာလအတွင်း ပထမဦးဆုံးအဖြစ် ပန်ဇင်းချောင်းတံတားကို မတ် ၂၅ ရက် နံနက်ပိုင်းက ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ပန်ဇင်းချောင်းတံတားဖွင့်လှစ်နိုင်ခဲ့မှုအပေါ် ဝမ်းသာပီတိစကားဆိုခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

သတင်းနှင့် ဓာတ်ပုံ
ရာမည၊ တင်စိုး



**ဦးအေးထွန်းသာ**



**ဒေါ်အေးဝင်းကြည်**



**ဦးမောင်မြသာ**



**ဦးသိန်းနိုင်**

**ဦးအေးထွန်းသာ**
**(ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ)**

ကျွန်တော်ကတော့ ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီက ကိုယ်စားလှယ်တစ်ဦးအဖြစ် ဒီပွဲကို တက်ရောက်ရခြင်း ဖြစ်ပါတယ်။ အခုလိုတံတားသစ်ကြီးကို ခံ့ခံ့ညားညားမြင်တွေ့ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ပီတိလည်းဖြစ်ရပါတယ်။ ဒါက အစိုးရသစ်တက်လာပြီးတဲ့နောက်ပိုင်း ဖြစ်ထွန်းလာတဲ့ ရလဒ်တစ်ခုလို့လည်း ဆိုနိုင်ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ မြောက်ဘက်မှာရှိတဲ့ ဘူးသီးတောင်မြို့နယ်မှာ ဒါမျိုးဖြစ်လာဖို့က အိပ်မက်တောင် မမက်ခဲ့တဲ့အရာ တစ်ခုပါ။ အဲလိုမျိုး မြစ်ကူးချောင်းကူးတံတားတွေ ဘူးသီးတောင်-ရသေ့တောင်-ပုဏ္ဏားကျွန်း အဲဒီကမှစစ်တွေထိ အရောက်သွားနိုင်ဖို့အတွက် ဆက်လက်လုပ်ဆောင်ပေးဖို့မျှော်လင့်ပါတယ်။

**ဒေါ်အေးဝင်းကြည်(ဒေသခံပြည်သူ)**
**(ဘူးသီးတောင်မြို့နယ် (၅)ရပ်ကွက်)**

အခုလိုတည်ဆောက်ပေးလို့ သွားလို့လာလို့ အတော်ကောင်းသွားပါတယ်။ ဒီတံတားကြီးမရှိခင်က လှေတွေ၊ စက်လှေတွေနဲ့ ကူးကြရတာဆိုတော့ သွားရေးလာရေးအတွက် ခက်ခဲခဲ့ရပါတယ်။ နေ့စဉ် ဖြတ်သန်းကူးသန်းသွားလာနိုင်ဖို့က အခကြေးငွေပေးရတဲ့အတွက် ခဏခဏ ဖြတ်နေရသူတွေအတွက် အဆင်မပြေပါဘူး။ ဒီတံတားကြီး ပြီးသွားပြီဆိုတော့ အဆင်ပြေသွားပြီ။

**ဦးမောင်မြသာ(ရပ်မိရပ်ဖ)**
**(ဘူးသီးတောင်မြို့နယ်၊ (၅)ရပ်ကွက်)**

တံတား မဖွင့်ခင်ကာလတုန်းက သွားဖို့လာဖို့အတွက် ရေလမ်းခရီးကိုပဲ အားကိုးနေရတာ။ ကုန်စည်စီးဆင်းရေးမှာလည်း ရေလမ်းက အဓိကကျတာပေါ့။ ဒီတံတားကြီးဖွင့်လိုက်ခြင်းအားဖြင့် မိဘပြည်သူတွေက ရေလမ်းတင်မဟုတ်ဘဲ ကုန်းလမ်းကပါသွားလို့ရပြီဆိုတာသိတော့ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပါတယ်။

ဒါပေမယ့် ကျွန်တော်အကြံပြုချင်တာက ဒီတံတားတစ်ခုတည်း တည်ဆောက်ပြီး သွားလို့မရသေးပါဘူး။ ဘူးသီးတောင်မြို့နယ်ထဲမှာ နောက်ထပ် ချောင်းကူးမြစ်ကူးတံတားတွေ တည်ဆောက်ဖို့ လိုအပ်နေပါသေးတယ်။ အဲဒီလိုပဲ ရသေ့တောင်မှာလည်း လိုအပ်မှုရှိနေပါတယ်။ ရခိုင်ပြည်နယ်က ရေမြေသဘာဝအရ တောတောင်မြစ်ချောင်းတွေပေါလို့ မြစ်ကူးချောင်းကူးတံတားတွေက အမှန်တကယ်လိုအပ်မှုရှိပါတယ်။ ဘူးသီးတောင်-ရသေ့တောင်-ပုဏ္ဏားကျွန်း တစ်ဆက်တစ်စပ်တည်း သွားလို့ရလာမယ်ဆိုရင် ပိုပြီးဖွံ့ဖြိုးတိုးတက်မှာပါ။

**ဦးသိန်းနိုင်(ဒုတိယညွှန်ကြားရေးမှူး-မြို့ပြ)**
**(တံတားအထူးအဖွဲ့-၈)**

ဒီတံတားကိုတည်ဆောက်ဖြစ်တာက ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောဒေသက ရေလမ်းကိုပဲ အားကိုးနေရလို့ ပထမဦးစားပေးအဖြစ် တည်ဆောက်ခဲ့တာပါ။ မောင်တော-ဘူးသီးတောင်-ရသေ့တောင်-ပုဏ္ဏားကျွန်းကို တောက်လျှောက်သွားလာနိုင်ဖို့အတွက် အရှည်ပေ ၆၀၀ ရှိတဲ့ စိုင်းဒင်တံတား၊ အရှည်ပေ ၅၀၀ ရှိတဲ့ သောင်ဒရားတံတားတို့အပြင် အခြားသော ချောင်းကူးတံတားတွေကို ဆက်လက်တည်ဆောက်ရမှာဖြစ်ပါတယ်။

ရသေ့တောင်-ပုဏ္ဏားကျွန်းကနေ စစ်တွေထိရောက်သွားမယ်ဆိုရင် တစ်နိုင်ငံလုံးနဲ့ ချိတ်ဆက်သွားလာနိုင်တော့မှာပါ။ အဲဒီလိုဖြစ်လာဖို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမှာပါ။ ဒီတံတားတည်ဆောက်ပြီးတဲ့နောက် ဘူးသီးတောင်ကနေတစ်ဆင့် တစ်နိုင်ငံလုံးကို ရာသီမရွေးသွားလာနိုင်တော့မှာပါ။ ဒီတံတားက နယ်စပ်တံတားလို့တောင် ပြောလို့ရပါတယ်။ ဒီတံတားတည်ဆောက်မှုကတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်ပေါ်လာမယ်လို့မျှော်လင့်ထားပါတယ်။

**❂ မြန်မာအမျိုးသမီးမှ**

အုပ်စုပွဲစဉ်များအဖြစ် ဧပြီ ၃ ရက်တွင် အီရန်၊ ဧပြီ ၇ ရက်တွင် ဆီးရီးယား၊ ဧပြီ ၉ ရက်တွင် စင်ကာပူ၊ ဧပြီ ၁၁ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား ရော်ဂျာရိုင်နာက ကိုင်တွယ်နေပြီး ၎င်းလက်ထက်တွင် ပထမဆုံးယှဉ်ပြိုင်သည့် အာရှအဆင့်ပြိုင်ပွဲလည်းဖြစ်သည်။ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်အဖြစ် ရော်ဂျာရိုင်နာ၊ လက်ထောက်နည်းပြများအဖြစ် ဒေါ်သက်သက်ဝင်းနှင့် ဦးအောင်နိုင်၊ ဂိုးနည်းပြအဖြစ် ဦးကိုကိုအောင်၊ အသင်းဆရာဝန်အဖြစ် ဒေါ်ယုနန္ဒာထွန်း၊ အကြောကျွမ်းကျင်အဖြစ် ဦးထွန်းဇော်၊ ကစားသမားများအဖြစ် ဂိုးသမား-မြဖူးငုံ၊ မေဇင်နွယ်၊ ဇာဇာမြင့်၊ နောက်တန်း-ခင်သန်းဝေ၊ ငယ်ငယ်ထွေး၊ ဇင်မာထွန်း၊ လဲ့လဲ့လှိုင်၊ ဇင်မာဝင်း၊ ဖူးပွင့်ခိုင်၊ ဝေဝေအောင်၊ အေးအေးမိုး၊ အလယ်တန်း-ခင်မာလာထွန်း၊ စန်းစန်းမော်၊ နော်အားလိုဝါးဖော၊ ခင်မိုမိုထွန်း၊ ရူပါခိုင်၊ အေးမိုးမြတ်၊ မေသူကျော်၊ လှယဉ်ဝင်း၊ ရှေ့တန်း-ခင်မိုးဝေ၊ ရီရီဦး၊ ဝင်းသီဂီထွန်း၊ ဂျူလိုင်ကျော်တို့ ပါဝင်ကြသည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားအမျိုးသမီးပြိုင်ပွဲတွင် ၂၀၀၃ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ၂၀၀၃၊ ၂၀၀၆၊ ၂၀၁၀၊ ၂၀၁၄ ခုနှစ်တို့တွင် ယှဉ်ပြိုင်ခွင့်ရခဲ့ကာ လေးကြိမ်စလုံး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**သတင်း-ရှိုင်းထက်ဇော်၊**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# ကလေးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလေးစာပေပွဲတော်(မော်လမြိုင်) ဖွင့်ပွဲကျင်းပ

**မော်လမြိုင် မတ် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မော်လမြိုင်တက္ကသိုလ် (ဘက်စုံခန်းမ) ၌ ကျင်းပသည်။

အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ကျောင်းသားကျောင်းသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ မွန်ပြည်နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများက ကလေးစာပေပွဲတော် Theme Song ကို သီဆို၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ကလေးစာပေပွဲတော်၏ ရည်ရွယ်ချက်သည် ကလေးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားကလေးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ဒွန်တွဲပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

စာပေဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် ဒွန်တွဲနေပါကြောင်း၊ မိမိတို့နိုင်ငံသည် မဖွံ့ဖြိုး၊ မတိုးတက်သေးသည့် နိုင်ငံဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းစနိုင်ငံ၊ ကြိုးပမ်းနေဆဲနိုင်ငံဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ထိုတိုင်းပြည်တွင် စာပေထွန်းကားမှုသည် တိုက်ရိုက်အချိုးကျပါကြောင်း။

တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်မှုသည် သဘာဝသယံဇာတထက် လူသယံဇာတဖွံ့ဖြိုးမှုက ပိုအရေးကြီးသည်ကို သိမြင်လာကြပြီဖြစ်ပါကြောင်း၊ တိုင်းပြည်တွင် မြေပေါ်၊ မြေအောက် သယံဇာတမည်မျှရှိရှိ တိုင်းသူပြည်သားများ အရည်အချင်းအစွမ်းအစမရှိ၊ တစ်နည်းအားဖြင့် လူသယံဇာတမဖွံ့ဖြိုးလျှင် တိုင်းပြည် မဖွံ့ဖြိုးမတိုးတက်နိုင်ပါကြောင်း။

စာအုပ်စာပေနှင့် ရင်းနှီးကျွမ်းဝင်ရန်၊ စာကို မကြောက်ရန်၊ စာနှင့် ရင်းနှီးကျွမ်းဝင်လာခဲ့သည့် အလေ့အထ၊ အစဉ်အလာရှိရန်၊ စာဖတ်ဝါသနာ ပျိုးထောင်ပေးရန်လိုပါကြောင်း၊ လူတိုင်းလူတိုင်း စာဖတ်ဝါသနာ ပျိုးထောင်သည့်အလုပ်ကိုလုပ်ရန် အကောင်းဆုံးအသက်အရွယ်မှာ ကလေးအရွယ်ဖြစ်သည့်အတွက် ကလေးစာပေပွဲတော်များကို ကျင်းပခြင်းဖြစ်ပါကြောင်း။

ကလေးများတွင် စာပေပေါ် ချစ်ခင်သည့် စိတ်ဓာတ်၊ စာပေတွင် ပျော်မွေ့သည့် စိတ်ဓာတ် ကိန်းအောင်းသွားပြီဆိုလျှင် စာပေနှင့်ထာဝရထိတွေ့သည့် ကလေးများဖြစ်သွားမည်ဖြစ်ပါကြောင်း၊ ထိုအခါ ကလေးများ၏ဖွံ့ဖြိုးတိုးတက်မှုစိတ်ချရသည့် အနေအထားကို ရရှိမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ကလေးများနှင့် ဖွဲ့စည်းထားသည့် မိမိတို့တိုင်းပြည်၏ အနာဂတ်သည်လည်း လှပလာမည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကားပြောကြားပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ရွှေနတ်တောင် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မွန်ရိုးရာအကဖြင့်လည်းကောင်း၊ သာသနာ့ဗောဓိတက အမှတ်(၅) ဘုန်းတော်ကြီးသင် အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူများက ကရင်ဒိုးအကဖြင့်လည်းကောင်း၊ ပအိုဝ်းတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့က ပအိုဝ်းရိုးရာအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး ကလေးစာပေပွဲတော်သို့ တက်ရောက်လာကြသည့် ကလေးငယ်များနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

မော်လမြိုင်ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို မတ် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲရက်များတွင် ဖျော်ဖြေရေးအစီအစဉ်များ၊ ၃၈ ဖြာမင်္ဂလာသုတ် ရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူခေါက် ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ ဂိမ်းကစားပွဲများ၊ ပန်းချီပြိုင်ပွဲများ၊ စာပေဟောပြောပွဲများနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲများ အပါအဝင် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောင်မင်းဟန်)**



**ပြည်ထောင်စုဝန်ကြီးများ၊ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့တို့ ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုကြစဉ်။**



# ကလေးစာပေပွဲတော် ပထမနေ့ လာရောက်သူများဖြင့် စည်ကားများပြား

**မော်လမြိုင် မတ် ၂၅**

ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ပထမနေ့ကို မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပရာ ပွဲတော်စတင်ချိန် နံနက် ၉ နာရီမှ ပွဲတော်ပြီးဆုံးချိန် ညနေ ၅ နာရီအထိ လာရောက်လေ့လာသူများ၊ ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ပွဲတော်တွင် မော်လမြိုင်မြို့ရှိ အခြေခံပညာကျောင်းများနှင့် ဓမ္မစကူးလ်မှ ကျောင်းသားကျောင်းသူများက အကများဖြင့် ဖျော်ဖြေခြင်း၊ ပအိုဝ်းတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့မှ ပအိုဝ်းရိုးရာအကဖြင့် ဖျော်ဖြေခြင်းများကို ပွဲတော်လာရောက်သူများက တစ်ခဲနက်အားပေးခဲ့ကြသည်။

မော်လမြိုင်မြို့ရှိ အခြေခံပညာကျောင်းများမှ ပါဝင်ယှဉ်ပြိုင်ကြသည့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ (၃၈)ဖြာ မင်္ဂလာသုတ်ရွတ်ဆိုပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဂိမ်းကစားပွဲများ၊ စုပေါင်းယှဉ်ပြိုင်ရသည့်ပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး တာဝန်ရှိသူများက အကဲဖြတ်အမှတ်ပေးခြင်း၊ ဆုများပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၎င်းအပြင် ပညာရေးဌာနပြခန်းများ၊ ကလေးစာဖတ်ခန်း ခင်းကျင်းပြသခြင်း၊ မျက်နှာဆေးရောင်ခြယ်ခြင်း၊ မျက်လှည့်ပြပွဲ၊ ရုပ်သေးပြပွဲ၊ ကျောက်ဆည်ဆင်ကပွဲ၊ ခြင်းအလှခတ်ပွဲများလည်း ပါဝင်ကြောင်း သိရသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာခေတ်ဘုန်းသစ်က "ကလေးတို့ရဲ့ အနာဂတ်အတွက် ရသစာပေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ မိချမ်းဝေက "ကျောက်ပြားဟောင်းတွင် ကမ္ပည်းအသစ်တင်မယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကလေးစာပေ မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် "ယနေ့ကလေးစာပေ မနက်ဖြန်ကလေးစာပေ" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသူ အဖြစ် မင်းထက်မောင်၊ ဆွေးနွေးသူများအဖြစ် မောင်းလင်းရိပ်၊ ခေတ်ဘုန်းသစ်၊ ဝင်းချိုတို့က ဆွေးနွေးဟောပြောခဲ့ကြပြီး ပွဲတော်လာရောက်သူများက စိတ်ဝင်တစား နားထောင်ခဲ့ကြသည်။

**(မြို့နယ်ပြန်/ဆက်)**

# ကလေးစာပေပွဲတော်(ဖျာပုံ)၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပပြီးစီး

**ဖျာပုံ မတ် ၂၅**

ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်(ဖျာပုံ)၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို မတ် ၂၄ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ နှစ်ပိုင်းခွဲ၍ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးငွေထွန်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက အဖွင့်အမှာစကားပြောကြားပြီး အမက(၇)ဖျာပုံ တောင်ပိုင်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက ကလေးစာပေပွဲတော်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်းက အမှာစကား ဆက်လက်ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌက ကလေးစာပေပွဲတော်အတွက် အလှူငွေကျပ်သုံးသိန်းနှင့် ပုဂ္ဂလိကအလှူရှင်များက အလှူငွေပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကလေးစာပေပွဲတော် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဇော်မင်းက ပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာရေးဆရာ/သတင်းထောက် သပြေထွန်းက မုဒိတာစကားလက်ဆောင် ဟောပြောသည်။ ထို့နောက် ကလေးစာပေပွဲတော် ပုံပြောပြိုင်ပွဲ(အလယ်တန်းအဆင့်)နှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ (မူလတန်း၊ အလယ်တန်းအဆင့်) ပြိုင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်ဦးစီးအရာရှိ ဦးဇော်မင်း၊ မြို့နယ်ပညာရေးမှူး ဦးတိုးဝင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝဓဇ)**

■






ပွဲတော်လာပရိသတ်များအား ခြင်းအလှခတ်၊ ကျောက်ဆည်ဆင်အကဖြင့် ဖျော်ဖြေတင်ဆက်မှု။

# ပျော်ရွှင်စွာဆင်နွှဲ မော်လမြိုင်မြို့ရဲ့ ကလေးစာပေပွဲ



ဆေးရောင်ခြယ်ပြိုင်ပွဲဝင်နေသည့် ကလေးငယ်တစ်ဦး။



ပန်းချီပြိုင်ပွဲဝင်နေသည့် ကျောင်းသူတစ်ဦး။



အရုပ်ဆက်ပြိုင်ပွဲဝင်နေသည့် ကျောင်းသူတစ်ဦး။



စာအုပ်အရောင်းဆိုင်၌ စိတ်ဝင်တစား ရွေးချယ်ဝယ်ယူနေကြသည့် စာပေချစ်သူများ။



အိုးလုပ်ငန်းလုပ်ကိုင်နည်းအား စိတ်ဝင်တစားကြည့်ရှုနေကြသည့် ကလေးငယ်များ။



Team Building Game ကစားနေကြသည့် ကျောင်းသား ကျောင်းသူလေးများ။

ဓာတ်ပုံ ပြန်/ဆက်

# ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်နိုင်ငံရှိ ရှင်းလုံအပူပိုင်းရုက္ခဗေဒဥယျာဉ် လေ့လာ

**ဘိုအော မတ် ၂၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောမြို့တွင် ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရှင်းလုံမြို့ရှိ ရှင်းလုံအပူပိုင်းရုက္ခဗေဒဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။**(ယာပုံ)**

ရှင်းလုံအပူပိုင်းရုက္ခဗေဒဥယျာဉ်၌ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက လက်ဖက်၊ ကော်ဖီ၊ ကိုကိုးနှင့် ငှက်ပျောပင်အမျိုးမျိုးအား သုတေသနပြု စမ်းသပ်စိုက်ပျိုးထားမှု၊ အပင်အမျိုးအစားအလိုက် မျိုးကွဲများအား ပြုစုထားမှုနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနေမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါဥယျာဉ်သည် အပူပိုင်းဒေသအပင်များကို အဓိကသုတေသန လုပ်ဆောင်လျက်ရှိသည်။ ရှင်းလုံအပူပိုင်းရုက္ခဗေဒဥယျာဉ်သည် ဆေးသုတေသန အတွက်သာမက ပြည်သူများ အပန်းဖြေအနားယူနေရာတစ်ခုအပြင် စိုက်ပျိုးရေး ထွက်ကုန်များကို ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲ ထုတ်လုပ်နိုင်ရန် အသိပညာပေးသည့်နေရာတစ်ခု ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဟိုင်နန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ လျို့စွတ်ကွေးအား Boao International Conference Center ပင်မဆောင်၌ တွေ့ဆုံ၍ လယ်ယာစိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် နည်းပညာနှင့် အတွေ့အကြုံများဖလှယ်ရေး၊ မြန်မာနိုင်ငံနှင့် ဟိုင်နန်ပြည်နယ်တို့အကြား လေကြောင်းလိုင်းပြေးဆွဲနိုင်ရေး တို့ကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် Boao International Conference Center ပင်မဆောင်၌ ဟိုင်နန်ပြည်နယ် ပါတီအထွေထွေ



အတွင်းရေးမှူး မစ္စတာ လော့ပေါင်မင်က ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံ့ အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်သည်။ **(သတင်းစဉ်)**

# ပြည်သူများ၏ အသံ၊ ဆန္ဒနှင့် သဘောထားတို့ကိုနားထောင်ပြီး ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်

**နေပြည်တော် မတ် ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအား မတ် ၂၄ ရက် မွန်းလွဲ ၃ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ် လွှတ်တော်ရုံး၌တွေ့ဆုံပြီး ဥပဒေပြုရေး၊ ဒေသဖွံ့ဖြိုးရေး နှင့် လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းပြောကြား သည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံ တစ်နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်မည် ဆိုပါက လွှတ်တော်၏အခန်းကဏ္ဍသည် အရေးကြီးပါ ကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးသည့်နိုင်ငံတိုင်းတွင် ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်သည် လွှတ်တော် ဖြစ်သည်ကို အထင်အရှား တွေ့ရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် အချုပ်အခြာအာဏာသည် ပြည်သူ့ ထံမှ ဆင်းသက်ပါကြောင်း၊ အချုပ်အခြာအာဏာသည် ပြည်သူများ၏ လက်ဝယ်တွင်ရှိပါကြောင်း။

ပြည်သူများက အားကိုးယုံကြည်မှုဖြင့် ရွေးချယ် တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များသည် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများ၏အကျိုးကို ထိထိ ရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော် ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ကြရန် လိုအပ်ပါကြောင်း၊ ထို့အတူ လွှတ်တော်ဝန်ထမ်းများ၏ အခန်းကဏ္ဍသည်လည်း အရေးပါသည့်အတွက် အရည် အသွေးမြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါ ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စွမ်းဆောင်ရည် မြင့်မားပြီး လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာထားရန်လိုအပ်ပါကြောင်း၊ မေးမြန်းသည့်မေးခွန်း၊ တင်သွင်းသည့်အဆိုများသည် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတွင်ပါရှိသည့် မေးခွန်း၊ အဆိုတို့နှင့်စပ်လျဉ်း သည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များကို လိုက်နာ ကြရန်လိုပါကြောင်း။

ဥပဒေကြမ်းများရေးဆွဲရာတွင်လည်း တိကျမှန်ကန်၊ ရှင်းလင်းပြတ်သားရန်လိုအပ်ပြီး တရားမျှတရန်လည်း လိုအပ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသည့်ဥပဒေဖြစ်ရန် လိုကြောင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားဖြစ်ထွန်းစေရန်



တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ခေတ်ကာလ အခြေအနေတို့နှင့် လိုက်လျောညီထွေမှုမရှိသည့် ဥပဒေ များကို ပြင်ဆင်ဖြည့်စွက်ခြင်း ပြုလုပ်ရန်လိုကြောင်း၊ ထို့ပြင် ပြည်သူများလေးစားလိုက်နာနိုင်သည့် ဥပဒေဖြစ်ရန်လည်း အထူးလိုအပ်ပါကြောင်း။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း၊ အပြန်အလှန်ထိန်းကျောင်း ခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ နည်း ဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Check and Balance ပြုလုပ်သည့်နေရာတွင် ကန့်သတ်ချက် ဘောင်များကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်ခြင်းမျိုး မဖြစ်ရအောင် အထူးသတိပြုရန်လိုကြောင်း၊ မိမိတို့ မဲဆန္ဒနယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံ လွှတ်တော်ဆိုင်ရာဥပဒေနှင့်အညီ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ခွင့်ရှိပါကြောင်း။

ဒီမိုကရေစီစနစ်တွင် ပြည်သူကိုဗဟိုပြုသည့်အတွက် ပြည်သူများ၏ အသံ၊ ဆန္ဒနှင့်သဘောထားတို့ကို နားထောင်ပြီး ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေး ရန်လိုအပ်ကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် ကျင့်ဝတ် သိက္ခာများကိုလည်း ထိန်းသိမ်းလိုက်နာရန်လိုအပ်ပါ ကြောင်း၊ မိမိတို့၏လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမှု၊ လာဘ်ပေး လာဘ်ယူမှုတို့မပြုလုပ်ရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ် ကြောင်း၊ ဒီမိုကရေစီစနစ်ထွန်းကားမှသာ တိုင်းပြည် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံတည်ဆောက်မည်ဆိုပါက သဘောထား ကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အပြန်အလှန်ပူးပေါင်း ဆောင်ရွက်ခြင်း၊ နားလည်မှုရှိခြင်း၊ ယုံကြည်မှုရှိခြင်းများ ဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အနာဂတ်မျိုးဆက် များအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ် ကြောင်း၊ ဒီမိုကရေစီ၏ပြယုဂ်သည် လွှတ်တော်များဖြစ် သည့်အတွက် လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအား ကောင်းစွာ လည်ပတ်နိုင်ရန် မိမိတို့ လွှတ်တော်ကိုယ်စားလှယ် များက အစဉ်ကြိုးပမ်းရမည်ဖြစ်ကြောင်း။

မိမိတို့ တာဝန်ယူရသည့်ကာလတွင် လိပ်ပြာသန့်သန့်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက တက်ညီ လက်ညီ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန်၊ တရားမျှတ သည့် လူ့အဖွဲ့အစည်းထူထောင်ရန်၊ အဂတိကင်းသည့် လူ့အသိုင်းအဝိုင်းဖော်ဆောင်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် လွှတ်တော်တွင်း ဆောင်ရွက် ချက်များကို ဆွေးနွေးတင်ပြကြပြီး သိရှိလိုသည်များကို မေးမြန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်၊ ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ တပ်ကုန်းအင်ဂျန်ဒို IDP Camp ရှိ နယ်မြေလုံခြုံရေးအခြေ အနေအရ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့ နေထိုင်သူများအား သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က ကယ်ဆယ်ရေးစခန်းများအတွင်း နေထိုင် ကြသည့် မိသားစုများထံ ဆန်အိတ်များ၊ ကျောင်းသုံး ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများ၊ အနွေးထည်များနှင့် ရေသန့်စသည့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တွေ့ဆုံ ပွဲသို့ တက်ရောက်လာကြသည့် ကယ်ဆယ်ရေးစခန်းတွင် နေထိုင်ကြသည့် မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။**(အပေါ်ဝဲပုံ)** **(သတင်းစဉ်)**

## အများပြည်သူများထံသို့ အသိပေးပန်ကြား

**ရန်ကုန် မတ် ၂၅**

ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း Shut Down လုပ်ငန်းကို မတ် ၂၅ ရက်မှ ဧပြီ ၂ ရက်အထိ ဆောင်ရွက်လျက်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရတနာကမ်းလွန်ဓာတ်ငွေ့သုံးစက်ရုံများမှ ထုတ်လုပ်မှုများ လျော့နည်းသွားပါသဖြင့် ရန်ကုန်တိုင်း ဒေသကြီးအတွင်း (40~80)MW ခန့် အလှည့်ကျ ဝန်အား လျော့မှုများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရန်ကုန် ဓာတ်အားဖြန့်ဖြူးမှုစနစ် တည်ငြိမ်စေရေးအတွက် ဝန်အား လျှော့ချရခြင်းကြောင့် ယာယီမီးပြတ်တောက်မှုများ ပေါ်ပေါက်ရမှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများ ပြည်သူများထံသို့ လေးစားစွာအသိပေးပန်ကြားထား ပါသည်။ **(ကြေးမုံ)**

## ပြည်တွင်းရေးရာ

### ဓမ္မာစရိယစာမေးပွဲ စတုတ္ထနေ့ကျင်းပ

**နေပြည်တော် မတ် ၂၅**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲကို မတ် ၂၅ ရက်(စတုတ္ထနေ့)၌ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၆၄၁၆ ပါး အနက် ၁၂၆၃၆ ပါး ဖြေဆိုပြီး ပျက်ကွက်အပါး ၃၇၈၀ ရှိ၍ ၇၆ ဒသမ ၉၇ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

### သတင်းထောက်များနှင့် တွေ့ဆုံမည်

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် သတင်းနှင့်ဓာတ်ပုံများ ပေးပို့လျက်ရှိသော ကျိုက်ထို၊ သိမ်ဇရပ်၊ သထုံ၊ ဘီးလင်း၊ ပေါင်၊ မော်လမြိုင်၊ လှိုင်းဘွဲ့၊ ချောင်းဆုံ၊ ကျိုက္ခမီ၊ သံဖြူဇရပ်၊ ကျိုက်မရော၊ မုဒုံ၊ ဘားအံ၊ ကျုံဒိုး၊ မြဝတီ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ ရေး၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များနှင့် ပတ်ဝန်းကျင်မြို့များမှ သတင်းထောက်များ၊ သတင်းလုပ်ငန်း စိတ်ပါဝင်စားသောသူများနှင့် နိုင်ငံပိုင်သတင်းစာတိုက်မှ တာဝန်ရှိသူတို့ တွေ့ဆုံမည်ဖြစ်သည်။ အဆိုပါတွေ့ဆုံပွဲကို မတ် ၃၁ ရက် မွန်းလွဲပိုင်း၊ ဧပြီ ၁ ရက်၊ ဧပြီ ၂ ရက်နှင့် ဧပြီ ၃ ရက်တို့တွင် မော်လမြိုင်၊ ဘားအံ၊ မြိတ်မြို့တို့ကို ဗဟိုပြု၍ ဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်ရာ အထက်ဖော်ပြပါမြို့နယ်များမှ တက်ရောက်မည့်သူများ နီးစပ်ရာမြို့နယ်များသို့ တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၀၉၇၂၃၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **(ကြေးမုံ)**

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။




## ဘေးဖြစ်စေတတ်သော ဆေးဝါးများ ရောင်းချမှုမရှိစေရေး ပညာပေးဆောင်ရွက်

**နေပြည်တော် မတ် ၂၅**
မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သင်္ကြန်မတိုင်မီကာလ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကာမရာဂစိတ်ကြွဆေးများနှင့် ဘေးဖြစ်စေတတ်သော ဆေးဝါးများရောင်းချမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်စစ်ဆေးခြင်း၊ ပညာပေးခြင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်လျက်ရှိရာ မတ် ၂၄ ရက်က နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက် မြို့မဈေးကြီးအတွင်း/အပြင်ရှိ ဆေးဆိုင်ခန်းများနှင့် လမ်းဘေးဆေးဆိုင်များအား ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိဈေးအတွင်းနှင့် ဈေးအနီးရှိ ဆေးဆိုင်များအား အမှတ်(၁)မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့ကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နှင့် ပုတီးကုန်းမြို့များ၌ မြို့မ/နယ်မြေရဲစခန်းမှူးများပါဝင်သည့် ပူးပေါင်းအဖွဲ့များက လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ အမှတ်(၆) နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့ကလည်းကောင်း မူးယစ်ဆေးဝါး၊ ကာမရာဂစိတ်ကြွဆေးများနှင့် ဘေးဖြစ်စေတတ်သောဆေးဝါးများ ရောင်းချမှု ရှိ/မရှိ လိုက်လံစစ်ဆေးခဲ့ပြီး အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ရဲပြန်ကြား)**





## မောင်တောမြို့နယ်အတွင်း စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၅**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်(ရေ)မှ လုံခြုံရေး လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ညပိုင်းက လက်ခတ်လှေတစ်စင်းနှင့် စိတ်ကြွဆေးပြား ၈၀၄၇၅ ပြား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ်အတွင်း တပ်မတော်(ရေ)မှ လုံခြုံရေး လှည့်ကင်းဆောင်ရွက်စဉ် မတ် ၂၄ ရက် ည ၁၀ နာရီခန့်က မင်္ဂလာကြီးချောင်း အနောက်ဘက်၌ မသင်္ကာဖွယ် သစ်သားလက်ခတ်လှေတစ်စင်းအား တွေ့ရှိသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ လှေပေါ်ပါ လူလေးဦးခန့်မှာ အထုပ်များနှင့်အတူ ရေထဲသို့ခုန်ချထွက်ပြေးသွားခဲ့ပြီး ရေထဲတွင် မျောပါနေသော ပလတ်စတစ်ဖြင့်ထုပ်ထားသည့် အထုပ်များအား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ပလတ်စတစ်အထုပ်များကို ဖွင့်ဖောက်စစ်ဆေးရာ(WY/R)ရေရာပန်းရောင်စိတ်ကြွဆေးပြား ၈၀၄၇၅ ပြား၊ ခန့်မှန်း တန်ဖိုးငွေကျပ် ၁၆၀၉၅၀၀၀ ခန့်ဖြစ်ပြီး သိမ်းဆည်းရမိခဲ့သော လက်ခတ်လှေတစ်စင်းနှင့် မူးယစ်ဆေးဝါးများအား မူးယစ်တပ်ဖွဲ့စုသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီး အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မန္တလေးတက္ကသိုလ်တွင် ပထမဆုံးအကြိမ်အဖြစ် သင်္ကြန်အကြိုပွဲတော် ကျင်းပ

**မန္တလေး မတ် ၂၅**
မန္တလေးတက္ကသိုလ် ၂၀၁၆-၂၀၁၇ ခုနှစ် ကျောင်းသား ကျောင်းသူများ၏ ပထမဆုံးအကြိမ် သင်္ကြန်အကြိုပွဲတော်ကို မတ် ၂၅ ရက် နံနက် ၈ နာရီက မန္တလေးတက္ကသိုလ် အားကစားကွင်း၌ ကျင်းပခဲ့ရာ မြန်မာ့ရိုးရာသင်္ကြန်သီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုဖျော်ဖြေကြပြီး ရေဖလားနှင့်အတူ ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြောင်း သိရှိရသည်။

မြန်မာ့ရိုးရာသင်္ကြန်၏ အစဉ်အလာကို ထိန်းသိမ်းတတ်စေရန် မန္တလေးတက္ကသိုလ်၏ သင်္ကြန်ပုံရိပ်များကို ပြန်လည်ဖော်ထုတ်ရန်နှင့် စာမေးပွဲကာလအတွင်း စိတ်ဖိစီးမှုများလျော့ကျစေရန် ရည်ရွယ်ချက်ဖြင့် အဆိုပါသင်္ကြန်အကြိုပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ တတိယနှစ်ကျောင်းသား ကိုသီဟကျော်ဇင်က ပြောသည်။

"ဒီပွဲမှာ ရိုးရာသင်္ကြန်ရဲ့ပုံရိပ်တွေကို ဖော်ထုတ်တဲ့အနေနဲ့ မြန်မာသင်္ကြန်သီချင်းတွေကို သီဆိုပြီး မြန်မာ့ဆိုင်းဝိုင်းနဲ့အတူ ကျောင်းသူလေးတွေရဲ့ ယိမ်းအကနဲ့ ဖျော်ဖြေခဲ့ပါတယ်။ ရေဖလား၊ သပြေခက်တွေနဲ့ အချင်းချင်းရေပက်ကစားကြပြီး ဖွင့်ပွဲကို ကျင်းပခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ ခေတ်သင်္ကြန်အနေနဲ့ DJ တီးလုံးတွေနဲ့အတူ အဆိုတော် ဂျေဖိုင်ယာ၊ ရဲရင့်အောင်၊ အိုအေစစ် စတဲ့ အဆိုတော်တွေရဲ့ သီဆိုမှုနဲ့အတူ ပျော်ရွှင်စွာကခုန်ရင်း ရေပက်ကစားခဲ့ကြပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့သည့် ဒုတိယနှစ်ကျောင်းသူတစ်ဦးကလည်း "စာမေးပွဲဖြေဖို့ တစ်ဘာသာကျန်နေသေးပေမယ့် ဆရာမတွေကို သပြေခက်နဲ့ ရေပက်ပြီး ဂါရဝပြုချင်လို့ လာခဲ့တာပါ။ သူငယ်ချင်းတွေနဲ့လည်း အပြန်အလှန်ရေပက်ကစားခဲ့ရလို့ စိတ်ထဲမှာကြည်လင်သွားခဲ့ပါတယ်" ဟု ပြောသည်။

ယင်းသင်္ကြန်ပွဲတော်ဖြစ်မြောက်ရန်အတွက် ကျောင်းသားဟောင်းများက ငွေကြေးမတည်ကူညီပေးခဲ့ပြီး အခြားအလှူရှင်များ၏ ကူညီထောက်ပံ့မှုများဖြင့် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့ရိုးရာသင်္ကြန်အစားအစာများဖြစ်သည့် မုန့်လုံးရေပေါ်နှင့် မုန့်လက်ဆောင်းတို့ကိုလည်း ဧည့်ခံကျွေးမွေး၍ နှစ်သစ်ကို အေးချမ်းပျော်ရွှင်စွာ ကြိုဆိုခဲ့ကြောင်း သိရှိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**စနေ-တနင်္ဂနွေ ရန်ကုန် စာအုပ်လမ်းတွင် ဖွင့်လှစ်ထားသည့် စာအုပ်အရောင်းဆိုင်များ၌ စာပေချစ်မြတ်နိုးသူများ စာအုပ်များကို ဝယ်ယူအားပေးနေကြစဉ်။**
(ဓာတ်ပုံ-ဇော်မင်းလတ်)



# သူနာပြု သားဖွားဆိုင်ရာ သုတေသနဌာနခွဲများ အချိန်တိုအတွင်းဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

**ရန်ကုန် မတ် ၂၅**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မတ် ၂၄ ရက် နံနက် ၉ နာရီတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ သူနာပြုတက္ကသိုလ်များတွင် သူနာပြု သားဖွားဆိုင်ရာ သုတေသနဌာနခွဲများ အချိန်တိုအတွင်း ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်သော ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားရာတွင် သုတေသနပြုလုပ်ခြင်းဖြင့် သုတေသနပြုလုပ်သူများအနေဖြင့်လည်းကောင်း၊ သုတေသနပြုလုပ်ခံရသော လူ၊ ပုဂ္ဂိုလ်အကြောင်းအရာအနေဖြင့် လည်းကောင်း၊ သူနာပြု သားဖွားကဏ္ဍတစ်ရပ်လုံး တိုးတက်စေရေးအတွက် လည်းကောင်း ပြည်သူများနှင့် ဆေးရုံတက်လူနာများအတွက် အဆင့်မီကျန်းမာရေးစောင့်ရှောက်မှုများရရှိလာမည်ဖြစ်ပြီး လူနာများ၏ စိတ်ကျေနပ်မှုကိုရရှိနိုင်မည်ဖြစ်၍ အဘက်ဘက်မှ အကျိုးရှိသည့်ကိစ္စရပ်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သူနာပြုတက္ကသိုလ်၊ (ရန်ကုန်)ပါမောက္ခချုပ် ဒေါက်တာ မြတ်သန္တာက သူနာပြုသုတေသနဘာသာရပ်သင်ကြားမှုနှင့် သုတေသနလုပ်ဆောင်မှုများအား ရှင်းလင်းတင်ပြပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်တင်တင်လေးနှင့် တက်ရောက်လာကြသော အငြိမ်းစားကျွမ်းကျင်ပညာရှင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ယခုသူနာပြု သားဖွားဆိုင်ရာ သုတေသနဌာနခွဲ (Clinical Research Unit)များကို ရန်ကုန်နှင့် မန္တလေးရှိ သူနာပြုတက္ကသိုလ်များတွင် စတင်ထူထောင်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးက အသေးစိတ်ဆောင်ရွက်ရန်များကို မှာကြားသည်။

အဆိုပါ သုတေသနဌာနခွဲများ ထူထောင်နိုင်ရန်အတွက် ဆေးသုတေသနဦးစီးဌာနနှင့် အငြိမ်းစားကျွမ်းကျင်ပညာရှင်များကလည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**




# အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးငါးနှစ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်

**နေပြည်တော် မတ် ၂၅**
မြန်မာနိုင်ငံတွင်လည်း တီဘီ၊ တီဘီ/အိပ်ချ်အိုင်ဗွီနှင့် ဆေးယဉ်ပါးတီဘီရောဂါများသည် ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် တည်ရှိနေဆဲဖြစ်ပြီး မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် နှစ်ချုပ်အစီရင်ခံစာအရ စုစုပေါင်းတီဘီလူနာ တစ်သိန်းလေးသောင်းခန့်ကို ရှာဖွေကုသပေးနိုင်ခဲ့ပါကြောင်းနှင့် ကမ္ဘာ့တီဘီရည်မှန်းချက်(၂၀၃၅)ကို ပြည့်မီနိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသော End TB Strategy ကို အခြေခံ၍ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးငါးနှစ်စီမံကိန်း(National Strategic Plan) (၂၀၁၆-၂၀၂၀)ကိုရေးဆွဲခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း မတ် ၂၄ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ပြောကြားခဲ့သည်။

တီဘီရောဂါသည် ကမ္ဘာပေါ်၌ ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် တည်ရှိနေဆဲဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံမှာ တီဘီပိုးကူးစက်ခံထားရကြောင်း၊ နှစ်စဉ်ကမ္ဘာပေါ်တွင် တီဘီလူနာ ၁၀ ဒသမ ၄ သန်းခန့် ဖြစ်ပွားပြီး ၁ ဒသမ ၈ သန်းခန့် သေဆုံးလျက်ရှိကြောင်း၊ တီဘီရောဂါဖြစ်ပွားသူများ၏ ၈၀ ရာခိုင်နှုန်းသည် အသက်(၁၅)နှစ်မှ (၅၄)နှစ်အရွယ်တွင် အဖြစ်များသဖြင့် တိုင်းပြည်၏ ကုန်ထုတ်စွမ်းအား အပေးနိုင်ဆုံးအုပ်စုတွင် ဖြစ်ပွားနေသည်ကို တွေ့ရှိရကြောင်း။

ဆေးယဉ်ပါးတီဘီလူနာများကို ၂၀၁၆ ခုနှစ်၌ မြို့နယ်အားလုံးတွင် ရောဂါရှာဖွေဆေးကုသမှုခံယူနိုင်အောင် စီစဉ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်အတွင်း ကုသခဲ့သော ဆေးယဉ်ပါးတီဘီလူနာများ၏ ဆေးကုသမှုအောင်မြင်နှုန်းမှာ ၈၃ ရာခိုင်နှုန်းအထိ အောင်မြင်မှုရရှိခဲ့ကြောင်း၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့(Global Fund)နှင့် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် သုံးမျိုး (3MDG) ရန်ပုံငွေများဖြင့် ဆေးယဉ်ပါးတီဘီလူနာများကို အာဟာရထောက်ပံ့ခြင်း၊ ခရီးစရိတ်ထောက်ပံ့ခြင်းများနှင့် ဓာတ်ခွဲစစ်ဆေးမှုများအတွက် ကုန်ကျစရိတ်ထောက်ပံ့ခြင်းတို့ကို ဆေးကုသမှုကာလ လပေါင်း ၂၀ အတွင်းရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ပြောကြားခဲ့သည်။

ဆေးယဉ်ပါးတီဘီရောဂါရှာဖွေခြင်းကို လူနာများလက်လှမ်းမီစေရန် လက်ရှိအချိန်တွင် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင် ဇီဝလုံခြုံမှုအဆင့်(၃)ရှိ တီဘီဓာတ်ခွဲခန်းများဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မော်လမြိုင်မြို့၌ တိုးချဲ့ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။ လူဦးရေ ၅၁ ဒသမ ၄ သန်းရှိသည့် မြန်မာနိုင်ငံတွင် နှစ်စဉ် တီဘီလူနာသစ်နှစ်သိန်းခန့် ဖြစ်ပွားနေသည်ဟု ခန့်မှန်းထားရာ ၂၀၁၆ ခုနှစ်တွင် တီဘီလူနာတစ်သိန်းခွဲခန့်သာ ရောဂါရှာဖွေကုသမှုပေးနိုင်ခြင်းကြောင့် တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ Unite to End TB ဖြစ်ပြီး "တီဘီရောဂါကင်းဝေးဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့" ဟု မြန်မာမှုပြုထားရာ တီဘီရောဂါတိုက်ဖျက်ရေးဝန်ထမ်းများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများသည် စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အလှူရှင်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသအောက်ခြေအထိ ရောဂါရှာဖွေကုသမှုပေးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သည်။

တီဘီရောဂါကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်အတူ နီးနွှယ်ဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးပူးပေါင်းဆောင်ရွက်ကြမှသာ ကမ္ဘာ့တီဘီရည်မှန်းချက်ဖြစ်သည့် ၂၀၃၅ ခုနှစ်တွင် တီဘီရောဂါအမှန်တကယ် ကင်းဝေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**(နိုင်လင်းကြည်)**








# လူထုဗဟိုပြုစီမံကိန်းမှ ဒုတိယနှစ်စီမံကိန်းစက်ဝန်း အကောင်အထည်ဖော်မည့်တတိယအကြိမ်အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၅**
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကော့မှူးမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ဒုတိယနှစ်စီမံကိန်းစက်ဝန်း အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များဆောင်ရွက်ရန်အတွက် တတိယအကြိမ်အစည်းအဝေးကို မတ် ၂၃ ရက်က ခလောင်ကျေးရွာအုပ်စု တမံကျေးရွာ၌ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ဒုတိယနှစ်စီမံကိန်းအတွက် ကျေးရွာမှ လုပ်ဆောင်မည့်လုပ်ငန်းများကို မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီမှ အတည်ပြုပြီးဖြစ်ကြောင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအား ကျေးရွာလူထုသို့ အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

**(ခတ္တာစိုး)**

# အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန် ရွေးချယ်ခံရသူများ ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်
၂၀၁၇ ခုနှစ်၊ မတ်လ (၂၃ )ရက်
၂၀၁၆-၂၀၁၇ ပညာသင်နှစ်

**အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်းကြေညာခြင်း**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

**အခြေခံပညာဦးစီးဌာန၊ ၂၀၁၇ ခုနှစ်၊ အဌမတန်း ဘက်စုံပညာထူးချွန်သူများစာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ဖြိုးသက်နိုင် | အထက(၃)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မနှင်းသီရိကျော် | အထက(၁) မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်ဆာဘော်ဇော်ဆီး | အထက(၂)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၄ | မထက်ထက်ရှိန် | အထက(၁)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်ထက်နိုင်လင်း | အထက-နမ္မတီး | မိုးကောင်း | မိုးညှင်း |
| ၆ | မနှင်းဖြူဖြူသန့် | အထက-ဟိုပင် | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်ဇော်မျိုးသန့် | အထက(၂ )ရွှေကူ | ရွှေကူ | ဗန်းမော် |
| ၈ | မဝင်းလဲ့လဲ့မောင် | အထက(၁)ဗန်းမော် | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်စိုင်းခွန်စိုးလင်း | အလက-မြို့မ | ပူတာအို | ပူတာအို |
| ၁၀ | မဒေဇီထွယ်နူး | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၁ | မောင်ရဲရင့်အောင် | အထက(ခွဲ)ငွေတောင်(၂) | ဒီးမော့ဆို | လွိုင်ကော် |
| ၁၂ | မနန်းအေးမြတ်ချမ်းဇံ | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်စောလင်းထက်ကိုကို | အထက-ဖားဆောင်း | ဖားဆောင်း | ဘောလခဲ |
| ၁၄ | မခိုင်လဲ့သင်း | အထက-ဘောလခဲ | ဘောလခဲ | ဘောလခဲ |
| ၁၅ | စောကဲဗလု | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၆ | မအေမီမွန် | အထက(ခွဲ) (၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၇ | မောင်မင်းခန့်ညား | အထက-ကြာအင်းဆိပ်ကြီး | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၁၈ | မကြယ်စင်မြင့်ဆွေ | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၉ | မရှယ်ရွှန်ဒါရ်နှဲမ်တီာလ် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မောင်ကောင်းထက်ဇော် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်ဂိုးဆွင်းမွမ်း | အထက-တွန်းဇံ | တွန်းဇံ | ဖလမ်း |
| ၂၂ | မလာလ်ရွတ်ကိမ်း | အထက(ခွဲ)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၃ | မအက်စတာခင်စန်းဦး | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၄ | မောင်လိန်းမာန် | အထက(၁)မတူပီ | မတူပီ | မင်းတပ် |
| ၂၅ | မောင်စည်ဝေဖြိုး | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၆ | မခင်ချမ်းမြေ့ထွန်း | အထက-အလ္လကပ္ပ | မြင်းမူ | စစ်ကိုင်း |
| ၂၇ | မောင်ဝေယံဘုန်းမြင့် | ပါရမီ (ကပက) | မုံရွာ | မုံရွာ |
| ၂၈ | မဆုရွှေရည်ဖူး | အထက(၂)မုံရွာ | မုံရွာ | မုံရွာ |
| ၂၉ | မောင်ဖြိုးထက်အောင် | အလက(ခွဲ)ကျီကုန်း | ကျွန်းလှ | ရွှေဘို |
| ၃၀ | မောင်ထက်ဝေယံဟိန်း | အထက-ဝက်လက် | ဝက်လက် | ရွှေဘို |
| ၃၁ | မစိုးဝတီလှိုင် | အထက-ဝက်လက် | ဝက်လက် | ရွှေဘို |
| ၃၂ | မလင်းလက်ရှင်းသာ | TWS (ကပက) | ရွှေဘို | ရွှေဘို |
| ၃၃ | မအိမွန်စံ | အထက-ကနီ | ကနီ | ယင်းမာပင် |
| ၃၄ | မောင်သက်ဇော်နိုင် | အလက(ခွဲ)ကျွန်းဖိုပင် | ဆားလင်းကြီး | ယင်းမာပင် |
| ၃၅ | မဆုရတီဦး | အထက-ကလေးဝ | ကလေးဝ | ကလေး |
| ၃၆ | မောင်ကောင်းမြတ်ဇော် | အထက-မင်းကင်း | မင်းကင်း | ကလေး |
| ၃၇ | မောင်ကျော်မျိုးထက် | အထက(၃)ကသာ | ကသာ | ကသာ |
| ၃၈ | မောင်ကျော်သူရလွင် | အထက-ထီးချိုင့် | ထီးချိုင့် | ကသာ |
| ၃၉ | မမိုးသက်ဆွေ | အထက-အင်းတော် | အင်းတော် | ကသာ |
| ၄၀ | မဂျူးမီမီကျော် | အထက(၃)ကသာ | ကသာ | ကသာ |
| ၄၁ | မောင်အောင်ခန့်ဇော် | အထက-မော်လိုက် | မော်လိုက် | မော်လိုက် |
| ၄၂ | မဝင့်ဝါအတွယ်တာ | အထက-မင်းယား | ဖောင်းပြင် | မော်လိုက် |
| ၄၃ | မမေဖူးမြတ်စိုး | အထက(၁)ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၄၄ | မောင်ထက်ဝေအောင် | အလက-မြို့မ | ခန္တီး | ခန္တီး |
| ၄၅ | မောင်စိုးဝေယံထက် | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၆ | မမြတ်သိင်္ဂီချော | အလက(ခွဲ)တီတွတ်ပြင် | သရက်ချောင်း | ထားဝယ် |
| ၄၇ | မောင်လှဘုန်းဟန် | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၈ | မရွှေစင်သန့် | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၉ | မောင်ပြည်ဟိန်း | အထက-ရှပ်ပုံ | ပုလော | မြိတ် |
| ၅၀ | မခြူးခြူးယမုံ | အထက-ပုလော | ပုလော | မြိတ် |
| ၅၁ | မောင်အံ့ဘုန်းမာန် | အထက(၂)ဒိုက်ဦး | ဒိုက်ဦး | ပဲခူး |
| ၅၂ | မောင်ရှိုင်းလင်းအောင် | အထက(၂)ပြွန်တန်ဆာ | ညောင်လေးပင် | ပဲခူး |
| ၅၃ | မသဲဆုခိုင်ဦး | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၅၄ | မဆုဖြူစင်ဦး | အထက(ခွဲ)ညောင်လေးပင် | ညောင်လေးပင် | ပဲခူး |
| ၅၅ | မောင်ထက်ဝေလင်း | အထက(၁)ဖြူး | ဖြူး | တောင်ငူ |
| ၅၆ | မောင်ကောင်းလျှံ | အထက(ခွဲ)ပဲခူးရပ် | ကျောက်ကြီး | တောင်ငူ |
| ၅၇ | မစုယဉ်အေး | လှေ့ကျင့်ရေးအလယ်တန်းကျောင်း | တောင်ငူ | တောင်ငူ |
| ၅၈ | မထက်ထက်မင်းဦး | အထက-ညောင်ခြေထောက် | အုတ်တွင်း | တောင်ငူ |
| ၅၉ | မောင်ခန့်ထက်အောင် | အထက-သုံးဆယ် | သာယာဝတီ | သာယာဝတီ |
| ၆၀ | မောင်အောင်မိုးမြင့် | အထက-အုတ်ဖို | အုတ်ဖို | သာယာဝတီ |
| ၆၁ | မသီရိဇော် | အထက-သုံးဆယ် | သာယာဝတီ | သာယာဝတီ |
| ၆၂ | မသွန်းဖြိုးလှိုင် | အထက-မိုးညို | မိုးညို | သာယာဝတီ |
| ၆၃ | မောင်ဖုန်းမြတ်မင်း | အထက-ပေါက်ခေါင်း | ပေါက်ခေါင်း | ပြည် |
| ၆၄ | မောင်ဘုန်းမြတ်ပိုင် | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၅ | မစိန်စီတိုး | အထက(ခွဲ)အောင်ဆန်း | ပြည် | ပြည် |
| ၆၆ | မမေသူကျော် | အထက(ခွဲ)မင်းကွက် | ပေါင်းတည် | ပြည် |
| ၆၇ | မောင်အောင်ဘုန်းပိုင် | MEC (ကပက) | မကွေး | မကွေး |
| ၆၈ | မောင်ခန့်ညီညီအောင် | အထက(၃)ချောက် | ချောက် | မကွေး |
| ၆၉ | မဖြိုးသီရိလွင် | အလက-ကန်သာ | မကွေး | မကွေး |
| ၇၀ | မကြယ်စင်လင်းလက် | သရပါ (ကပက) | ချောက် | မကွေး |
| ၇၁ | မောင်အောင်ခန့်ဇင် | အထက(၁)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၇၂ | မမေမြတ်လင်း | အထက-ပွင့်ဖြူ | ပွင့်ဖြူ | မင်းဘူး |
| ၇၃ | မောင်ခန့်ကျော်ဇော | အထက-ပခန်းကြီး | ရေစကြို | ပခုက္ကူ |
| ၇၄ | မချမ်းမြေ့ကြည်သာ | အထက-ဆိပ်ဖြူ | ဆိပ်ဖြူ | ပခုက္ကူ |
| ၇၅ | မောင်မင်းခန့်ပိုင် | အထက(၂)သရက် | သရက် | သရက် |
| ၇၆ | မောင်ဇွဲရှိန်လင်း | အထက-ပြလို့ | အောင်လံ | သရက် |
| ၇၇ | မဆုမြတ်နှင်း | အထက(ခွဲ)အင်းဘဲ | ကံမ | သရက် |
| ၇၈ | မဆုလဲ့မွန် | အထက-မလွန် | မင်းလှ | သရက် |
| ၇၉ | မောင်မြတ်သုခ | အထက-ကန် | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၀ | မခင်ပြည့်စုံ | အထက-ထီးလင်း | ထီးလင်း | ဂန့်ဂေါ |
| ၈၁ | မောင်ကျော်ညီသာ | လှေ့ကျင့်ရေးအလယ်တန်းကျောင်း | ချမ်းအေးသာစံ | မန္တလေး |
| ၈၂ | မောင်အာကာကျော် | စံဟိန်း (ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၃ | မခိုင်မြတ်သွယ် | စံဟိန်း (ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၄ | မကြယ်စင်သိန်း | CAE (ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၅ | မောင်မင်းဗညားကို | အလက(၁)မိုးကုတ် | မိုးကုတ် | ပြင်ဦးလွင် |
| ၈၆ | မဝင့်ဖူးအိမ် | အထက(၁)မိုးကုတ် | မိုးကုတ် | ပြင်ဦးလွင် |
| ၈၇ | မောင်ဇင်လင်းနိုင် | အလက-စကားအင်း | တံတားဦး | ကျောက်ဆည် |
| ၈၈ | မဖြူသန့်ကျော် | အထက-ကူမဲ | မြစ်သား | ကျောက်ဆည် |
| ၈၉ | မောင်ဟိန်းထက်ညီ | အထက-ဆီမီးကန် | တောင်သာ | မြင်းခြံ |
| ၉၀ | မမိုးမြင့်စံ | အထက(၄)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၁ | မောင်မင်းသက်ထွဋ် | အထက-ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၉၂ | မယဉ်မင်းကို | အထက-ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၉၃ | မောင်ဟိန်းထက်အောင် | လှေ့ကျင့်ရေးအလယ်တန်းကျောင်း | မိတ္ထီလာ | မိတ္ထီလာ |
| ၉၄ | မယွန်းပွင့်သူ | သမာဓိ (ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၅ | မောင်မင်းသန့်ကျော်စွာ | အထက(၅)လျှော်ဖြူကုန်း(ရ) | ပျော်ဘွယ် | ရမည်းသင်း |
| ၉၆ | မကြယ်စင်ထက်ညွန့် | အထက(၁)ရမည်းသင်း | ရမည်းသင်း | ရမည်းသင်း |
| ၉၇ | မောင်ပြည့်စုံဖြိုး | အထက-ချောင်းဆုံ | ချောင်းဆုံ | မော်လမြိုင် |
| ၉၈ | မင်းဒေရတ် | အထက(၉)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၉၉ | မဆုမြတ်ဦး | အထက(၆)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၁၀၀ | မသရဖီ | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၁၀၁ | မောင်ခန့်ကြယ်စင် | အထက-တောင်စွန်း | ဘီးလင်း | သထုံ |
| ၁၀၂ | မခင်နဒီကျော် | အထက(၁)ကျိုက်ထို | ကျိုက်ထို | သထုံ |
| ၁၀၃ | မောင်ထက်မြက်အောင် | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၄ | မဆုဝေဖြိုး | အထက(၄)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်မင်းခန့်အောင် | အထက(ခွဲ) မြို့မ | သံတွဲ | သံတွဲ |
| ၁၀၆ | မမြပန်းအိမ် | အထက(ခွဲ) မြို့မ | သံတွဲ | သံတွဲ |

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၀၇ | မောင်ပြည့်ဖြိုးသျှန်အောင် | အထက(ခွဲ)ဈေးတန်း | မာန်အောင် | ကျောက်ဖြူ |
| ၁၀၈ | မအေးငြိမ်းစံ | အထက(၂)အမ်း | အမ်း | ကျောက်ဖြူ |
| ၁၀၉ | မောင်မျိုးမြတ်မင်း | အထက(ခွဲ)မြို့မ | ကျောက်တော် | မြောက်ဦး |
| ၁၁၀ | မဖြိုးသွယ်ခိုင် | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၁၁ | မောင်ထက်အောင်ဘုန်းမြတ် | အထက(ခွဲ)ကျီးကန်းပြင် | မောင်တော | မောင်တော |
| ၁၁၂ | မလင်းအေးမိုရ် | အထက-ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၁၃ | မောင်ဇေလင်းမြတ် | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၄ | မောင်လင်းထက်ဦး | အထက(၃)ဒဂုံမြောက် | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၁၁၅ | မောင်ဇွဲမာန် | အထက(၂)ဒဂုံအရှေ့ | ဒဂုံအရှေ့ | အရှေ့ပိုင်း |
| ၁၁၆ | မမိုးပပဇော် | အထက (၁)သဃ်န်းကျွန်း | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၇ | မမိုးမြင့်မြတ် | လေ့ကျင့်ရေးအလယ်တန်းကျောင်း | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၈ | မစုမြတ်ရွှေရည် | အထက(၂)ဒဂုံတောင် | ဒဂုံတောင် | အရှေ့ပိုင်း |
| ၁၁၉ | မောင်ကျော်လင်းသန်း | အထက(၄)အလုံ | အလုံ | အနောက်ပိုင်း |
| ၁၂၀ | မောင်ရဲစွမ်းရည် | အထက(၂)ကမာရွတ် | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၁ | မမြတ်ရတနာပြည့်စုံ | အထက(၂)စမ်းချောင်း | စမ်းချောင်း | အနောက်ပိုင်း |
| ၁၂၂ | မဝင်းပြည့်ပြည့်ဇော် | လေ့ကျင့်ရေးအလယ်တန်းကျောင်း | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၃ | မောင်ထက်အောင်လှိုင် | အထက(၁)သုံးခွ | သုံးခွ | တောင်ပိုင်း |
| ၁၂၄ | မောင်သက်ကိုကိုအောင် | အထက(၂)ကွမ်းခြံကုန်း | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၂၅ | မမေသူချစ် | အထက(၄)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မမေဖြိုးပွင့် | အထက(၂)ကွမ်းခြံကုန်း | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၂၇ | မောင်ရဲမင်းအောင် | အထက(၁)အင်းစိန် | အင်းစိန် | မြောက်ပိုင်း |
| ၁၂၈ | မောင်မင်းဖြိုးသွင် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၉ | မချိုချိုနှင်းအောင် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၃၀ | မစိုးယုယုနှင်း | အထက-မြို့မ | လှည်းကူး | မြောက်ပိုင်း |
| ၁၃၁ | မောင်ပိုင်ရှင်းသန့်ကျော် | အထက(၃)ညောင်ရွှေ | ညောင်ရွှေ | တောင်ကြီး |
| ၁၃၂ | မခိုင်ဇာဇာသင်း | အထက(၁)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၃ | မောင်ကောင်းစည်သူ | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၄ | မနွေးနွေးအိန္ဒြေပိုင် | အထက(၂)ကလော | ကလော | တောင်ကြီး |
| ၁၃၅ | မောင်ပြည့်စုံဟိဏ်း | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | စိုင်းဆိုင်မှိုင်း | အထက-ကျေးသီး | ကျေးသီး | လွိုင်လင် |
| ၁၃၇ | မမြတ်သဥ္ဇာလင်း | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၈ | မသက်နှင်းပြည့် | အလက(ခွဲ) (၂)ဝမ်ကန် | မိုင်းရှူး | လွိုင်လင် |
| ၁၃၉ | မောင်နေအောင်လွင် | အလက-ဝိန်းကောင် | မိုးနဲ | လင်းခေး |
| ၁၄၀ | နန်းနီနီစိုး | အလက(ခွဲ)ဈေးတန်း | မောက်မယ် | လင်းခေး |
| ၁၄၁ | စိုင်းခေးလှိုင် | အထက(၁)တန့်ယန်း | တန့်ယန်း | လားရှိုး |
| ၁၄၂ | စိုင်းဖြိုးဝေမိုး | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၄၃ | နန်းစံဖောင်း | အထက(၁)တန့်ယန်း | တန့်ယန်း | လားရှိုး |
| ၁၄၄ | မမေသက်ထားကို | အထက(၉)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၅ | မောင်အောင်ကျော်ထက် | အထက(၁)သီပေါ | သီပေါ | ကျောက်မဲ |
| ၁၄၆ | မောင်စိုင်းခွန်ဆိုင်ဖ | အထက(၂)နမ္မတူ | နမ္မတူ | ကျောက်မဲ |
| ၁၄၇ | မအိမ့်ဝတ်ရည်ဦး | အထက(၁)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၄၈ | မနန်းရွှေရည်ဖူး | အထက-ကံကြီး၊နောင်ချို | နောင်ချို | ကျောက်မဲ |
| ၁၄၉ | မောင်ပြည့်ဖြိုးနိုင် | အထက(၂)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၀ | မကျန်းမျော် | အထက-ကွတ်ခိုင် | ကွတ်ခိုင် | မူဆယ် |
| ၁၅၁ | မောင်စိုင်းထွန်းမြတ် | အထက(၇)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မနန်းစမ်ဆီဖောင်း | အထက(၁)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၃ | မောင်ပြုံးချို | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၄ | မောင်ထက်ရှိုင်းအောင်အောင် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဖြတ် |
| ၁၅၅ | မခိုင်ဇင်ဇင်လင်း | ရွှေမဟာ (ကပက) | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၆ | မနာနူးလှိုင် | အလက-ပန်တားလေ | မိုင်းပျဉ်း | မိုင်းဖြတ် |
| ၁၅၇ | မောင်ရှင်းသန့် | အထက(၂)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၅၈ | မောင်သက်မျှုးအောင် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၅၉ | နန့်နွေးပိုးအိမ် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၀ | မကြည်ရှင်းခန့် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ပုသိမ် |
| ၁၆၁ | မောင်ပြည့်ဘုန်းပိုင် | အထက(ခွဲ)အလက(၁) | ဟင်္သာတ | ဟင်္သာတ |
| ၁၆၂ | မောင်ရဲမာန်အောင် | အထက-ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၃ | မမေစွမ်းဆင့်ရည် | အထက-မြန်အောင် | မြန်အောင် | ဟင်္သာတ |
| ၁၆၄ | မပြည့်ပြည့်ဖြိုး | အထက(၁)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၆၅ | မောင်ရှိန်းမြတ်မင်း | အထက(၃)မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၆၆ | မယမင်းကြည်ဖြူ | အထက-အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၆၇ | မောင်လင်းဘုန်းပြည့် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၆၈ | မရွှန်းလဲ့လဲ့ဖြူ | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၆၉ | မောင်စွမ်းရည်ဝင်း | အထက(ခွဲ)အလက(၁) | မအူပင် | မအူပင် |
| ၁၇၀ | မထက်ဝတ်ရည်မွန် | အထက(ခွဲ)အလက(၁) | မအူပင် | မအူပင် |
| ၁၇၁ | မောင်အောင်ဘုန်းမော် | အထက(၁)ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၁၇၂ | မယဉ်ပပမင်း | အထက(၁)ကျိုက်လတ် | ကျိုက်လတ် | ဖျာပုံ |
| ၁၇၃ | မောင်မင်းမဟော်ခ | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၄ | မအေးမြတ်မြတ်မွန် | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၅ | မောင်ခိုင်စိုးဟန် | CAE (ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၆ | မရှင်မိုးယံ | CAE (ကပက) | ဥတ္တရသီရိ | ဥတ္တရ |



## ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၈၉ စီး၊ သွင်းကုန် ၈၀၄ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၆၃ စီးဖြင့် ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၂ သန်းခန့်)နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုး ကျပ် ၁၅ ဒသမ ၂၃၇ သန်းခန့်) စုစုပေါင်း ငါးမှု (ခန့်မှန်း တန်ဖိုးကျပ် ၂၇ ဒသမ ၂၃၇ သန်းခန့်)ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၃ ရက်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် Winner Express ခရီးသည်တင်ယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော စပီကာ(အသေး)များ၊ Welding Machine၊ နာရီများ၊ Handphone များနှင့် အဝတ်အထည်များ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၁၂ သန်းခန့်ကို တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မတ်လတတိယပတ်အတွင်း ကျပ်သန်း ၅၅၀ ကျော်တန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

**ရန်ကုန် မတ် ၂၅**

အကောက်ခွန်ဦးစီးဌာန အနေဖြင့် အကောက်ခွန်မဲ့ ပစ္စည်းများအား တားဆီးစစ်ဆေးအရေးယူလျက်ရှိရာ မတ်လ တတိယပတ်အတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၅၅၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် မတ် ၁၇ ရက်မှ ၂၃ရက်အထိ တစ်ပတ်တာအတွင်း တင်သွင်း/တင်ပို့ခွင့်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း ခန့်မှန်းတန်ဖိုးကျပ် ၅၅၁ ဒသမ ၄၀၈၄ သန်း သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ တားဆီးဖမ်းဆီးမိခဲ့ရာတွင် ရန်ကုန်လေဆိပ် ကုန်လှောင်ရုံက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၈၃၃၉ သန်းခန့်)၊ ရန်ကုန်ဆိပ်ကမ်းမှတားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၈၂ ဒသမ ၉၂၃ သန်းခန့်)၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုးကျပ် ၁၃၈ ဒသမ ၃၀၅ သန်းခန့်)၊ ရေပူစစ်ဆေးရေးစခန်းက တားဆီးမှု ၃၀ (ခန့်မှန်းတန်ဖိုးကျပ် ၁၉၅ ဒသမ ၅၈၇ သန်းခန့်)၊ မရမ်းချောင်စစ်ဆေးရေးစခန်းမှ တားဆီးမှု ၄၀ (ခန့်မှန်းတန်ဖိုးကျပ် ၁၂၅ ဒသမ ၀၅၉၅ သန်းခန့်)၊ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၇ ဒသမ ၇သန်းခန့်) စုစုပေါင်း ၈၅ မှု (ခန့်မှန်းတန်ဖိုးကျပ် ၅၅၁ ဒသမ ၄၀၈၄ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**

## ဘူးသီးတောင်မြို့နယ်၌ လူတစ်ဦး ပျောက်ဆုံး

**ဘူးသီးတောင် မတ် ၂၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ မြို့မရပ်ကွက်နေသူတစ်ဦးသည် မတ် ၂၁ ရက် ညပိုင်းက မိကျောင်းခေါင်းဆွဲကျေးရွာသို့ သွားရောက်မည်ဟု ပြောဆိုပြီး ထွက်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိကြောင်းသိရသည်။

ဘူးသီးတောင်မြို့နယ် မြို့မရပ်ကွက်နေ ရှိုဗလီ (ခ) နော်ဘီဟူဆောင်းသည် မတ် ၂၁ ရက် ည ၉ နာရီခွဲက မိကျောင်းခေါင်းဆွဲကျေးရွာရှိ ယောက္ခမဖြစ်သူ မာမောက်ဖွေယော့၏နေအိမ်သို့ သွားရောက်မည်ဟု ပြောဆိုပြီး ထွက်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသည့်အတွက် ဇနီးဖြစ်သူ မဘာခါတူက ဘူးသီးတောင်မြို့မစခန်းတွင် အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျေးရွာမှတာဝန်ရှိသူများသည် ပျောက်ဆုံးနေသူ ရှိုဗလီအား မိကျောင်းခေါင်းဆွဲကျေးရွာ၊ မောင်လှမကျေးရွာ၊ ကူမီကာလီကျေးရွာ၊ ကုန်းတန်းကျေးရွာများသို့ လိုက်လံရှာဖွေခဲ့သော်လည်း ထူးခြားမှုတစ်စုံတစ်ရာမရှိသည့်အတွက် ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်လက်စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# အိုင်ယာလန်အသင်းခေါင်းဆောင် ကိုးလ်မန်း ခြေထောက်ကျိုးသွားခဲ့

ဝေလအသင်းနှင့် ဂိုးမရှိသရေကျခဲ့သည့် ပွဲစဉ်တွင် အိုင်ယာလန်အသင်းခေါင်းဆောင် ဆီးမက်စ် ကိုးလ်မန်း ခြေထောက်ကျိုးသွားခဲ့ပြီး ဆိုရွားလွန်းသည့်ဒဏ်ရာဖြစ်သည်ဟု အိုင်ယာလန်နည်းပြ မာတင်အိုနေးလ်က အတည်ပြုပြောကြားခဲ့သည်။ အသက်(၂၈)နှစ်အရွယ် ကိုးလ်မန်း ခြေထောက်ကျိုးသွားခဲ့ခြင်းက ဥရောပဝင်ခွင့်တစ်နေရာအတွက် ရုန်းကန်နေသည့် သူ၏ ကလပ်အသင်းအဲဗာတန်အသင်းအတွက် ကြီးမားသည့် ထိုးနှက်မှုလည်း ဖြစ်လာခဲ့သည်။

ပွဲကစားချိန် ၇၂ မိနစ်တွင် ဝေလနောက်ခံလူ နေးလ်တေလာ၏ ခြေစုံပစ်ဝင်မှုကြောင့် ကိုးလ်မန်း ခြေထောက်ရိုးကျိုးသွားခဲ့ရာ ဒိုင်လူကြီး ရစ်ဇိုလီက တေလာကို တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။ အဆိုပါ အဖြစ်အပျက် ဖြစ်လျှင်ဖြစ်ချင်း ဆေးအဖွဲ့ဝင်များ အလျင်အမြန် ရောက်ရှိလာပြီး ကိုးလ်မန်းကို အောက်ဆီဂျင်ပေး၊ ထမ်းစင်ဖြင့် သယ်ထုတ်ကာ ဆေးရုံသို့ အလျင်အမြန် ပို့ဆောင်ပေးခဲ့သည်။ နေးလ်တေလာက အိုင်ယာလန်အသင်းထိုင်ခုံသို့ လာရောက်ပြီး သူ၏ လုပ်ရပ်အတွက် တောင်းပန်ခဲ့သော်လည်း ပရိသတ်များကမူ မကျေနပ်နိုင်ကြဘဲ တေလာကို ကာလရှည် ပွဲပယ်ပြစ်ဒဏ်ကျခံလိုကြောင်း တွစ်တာစာမျက်နှာမှ တစ်ဆင့် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ကိုးလ်မန်း၏ ဒဏ်ရာရရှိမှုအပေါ် အဲဗာတန်အသင်းကစားဖော်များအပြင် ပရီမီယာလိဂ်ကစားသမားအတော်များများက ဝမ်းနည်းကြောင်း တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့ကြသည်။ အိုင်ယာလန်နည်းပြ အိုနေးလ်ကလည်း ကိုးလ်မန်းခြေထောက်ကျိုးသွားခဲ့ခြင်းသည် အိုင်ယာလန်အသင်းအတွက် ကြီးမားသောဆုံးရှုံးမှုအဖြစ် အမည်တပ်ခဲ့သည်။



တေလာဖြစ်ထုတ်ပြီးနောက် ခြေထောက်ကျိုးသွားခဲ့သည့် ကိုးလ်မန်း၏ အနေအထားကို မြင်တွေ့ကြရစဉ်။

## ချယ်လ်ဆီးစတား ကော်တွိုက်စ်နှင့် ဟာဇက်တို့ကို ခေါ်ယူရန် မိုရာတာနှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ကို ရီးယဲလ်မက်ဒရစ် အလဲအထပ် ကမ်းလှမ်းခဲ့ဟုသတင်းများထွက်ပေါ်

စပိန်ထိပ်သီး ရီးယဲလ်မက်ဒရစ်သည် ချယ်လ်ဆီးစတား ကော်တွိုက်စ်နှင့် ဟာဇက်တို့ကို ခေါ်ယူရာတွင် ကလပ်အသင်း၏ ကစားသမားနှစ်ဦးဖြစ်သော မိုရာတာနှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့နှစ်ဦးကို အလဲအထပ်သဘောမျိုး ပြုလုပ်၍ ကမ်းလှမ်းခဲ့သည်ဟု သိရသည်။ ဟာဇက်နှင့် ကော်တွိုက်စ်တို့ နှစ်ဦးမှာ လတ်တလော ချယ်လ်ဆီးအသင်းတွင် ပျော်ရွှင်နေသော်လည်း ရီးယဲလ်ကဲ့သို့ ဥရောပထိပ်တန်းအသင်းကြီးတစ်ခု၏ ကမ်းလှမ်းမှုကိုမူ ငြင်းဆန်ရန် ဆန္ဒမရှိကြပေ။

ကော်တွိုစ်မှာ မက်ဒရစ်အခြေစိုက် အက်သလက်တီကို အသင်းနှင့်အတူ သုံးရာသီကြာ အောင်မြင်စွာ ဖြတ်သန်းဖူးသူဖြစ်ပြီး သူ၏ ဇနီးနှင့် သမီးတို့မှာလည်း မက်ဒရစ်မြို့တွင်သာ ဆက်လက်နေထိုင်နေကြဆဲဖြစ်သည်။ ကော်တွိုစ်က စပိန်နိုင်ငံကို သူ၏ ဒုတိယအိမ်ဟုပင် မကြာခဏ တင်စားပြောကြားလေ့ရှိသည်ကို အင်တာဗျူးများတွင် တွေ့ခဲ့ရသည်။

ဟာဇက်သည် ရီးယဲလ်နည်းပြ ဇီဒန်း၏ အမာခံပရိသတ်ဖြစ်သလို ဇီဒန်း ကိုယ်တိုင်ကလည်း မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့ပြီးလျှင် ဟာဇက်မှာ တတိယအကောင်းဆုံး ကစားသမားဖြစ်ကြောင်း ပြောကြားခဲ့ဖူးသည်။ ဇီဒန်းက ရီးယဲလ်သို့ ဟာဇက် ရောက်လာပါက ဟာဇက်ကို ခြံရံအခြေပြုသည့် စိန်ပွင့်ပုံ ကစားကွက်ကို အသုံးပြုမည်ဖြစ်ပြီး ကွင်းလယ်ပိုင်းအတွက် ဟာဇက်-မိုဒရစ်-တိုနီခရူးစ်တို့ကို ဗဟိုကွင်းလယ်အဖြစ် ထားကာ နောက်တွင် ကက်စီမီရို၊ ရှေ့တွင်ဘေးလ်ကို တည်၍ ခင်းကျင်းရန် ကြိုတင်စိတ်ကူးထားပြီးဖြစ်သည်။

သို့သော် ရှေ့တန်းတိုက်စစ်ပိုင်းအတွက် ဘင်ဇီမာနှင့် စီရိုနယ်လ်ဒိုတို့ကိုပင် ဆက်လက်အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။ အစောပိုင်းက ရီးယဲလ်အသင်း ဥက္ကဋ္ဌ ပီရက်ဇ်က ပြင်သစ်လူငယ်တိုက်စစ်မှူး မက်ပီကို ခေါ်ယူလိုသော်လည်း မြင့်မားလွန်းသည့် ပြောင်းရွှေ့ကြေးအပြင် ယခုနှစ်ပြန်လည်ကျင်းပမည့် ဥက္ကဋ္ဌရွေးကောက်ပွဲအတွက် မလိုလားအပ်သည့် ဆန့်ကျင်မှုများ မဖြစ်ပေါ်ရန် ဆန္ဒရှိသဖြင့် လက်ရှောင်လိုက်ရန်သာ အလားအလာ များသွားပြီဖြစ်သည်။

ရီးယဲလ်က ဂိုးသမားနေရာအတွက် ကော်တွိုက်စ်နှင့် မန်ယူဂိုးသမား ဒီဂီယာတို့ကို တစ်ပြိုင်နက်တည်း ပစ်မှတ်ထားခဲ့သော်လည်း မန်ယူနည်းပြ မော်ရင်ဟိုနှင့် ရီးယဲလ်အသင်းကြား ဆက်ဆံရေးမပြေလည်မှုက ကော်တွိုက်စ်ဘက်သို့ ပိုမိုအလေးသာလာစေခဲ့သည်။ ချယ်လ်ဆီးနည်းပြ ကွန်တီက မိုရာတာ၏ ကစားဟန်ကို နှစ်သက်သူဖြစ်သလို မိုရာတာကလည်း ရီးယဲလ်တွင် ပွဲထွက်ကစားချိန်နည်းပါးနေသည့်အတွက် အသင်းသစ်တစ်ခုသို့ ပြောင်းရွှေ့လိုနေခြင်းဖြစ်သည်။ သို့သော် ဟာဇက်မှာ ချယ်လ်ဆီးအသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ်သောကြောင့် ကွန်တီက ဟာဇက်ကို ဆက်ထိန်းရေး နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းနေခြေရှိရာ ရီးယဲလ်မက်ဒရစ်အသင်း ခက်ခက်ခဲခဲ ကြိုးပမ်းရဖွယ်ရှိသည်။

**မေလဲသင်း-ရေးသားသည်**

## ဘောလုံးလောကမှ အနားယူပြီဟု ဒိုနိုဗန် ကြေညာ

အမေရိကန် တိုက်စစ်မှူး လန်ဒန်ဒိုနိုဗန်က သူ၏ သားငယ်ကို အချိန်ပေးနိုင်ရန်ဟူသော အကြောင်းပြချက်ဖြင့် ဘောလုံးကစားခြင်းမှ အပြီးသတ် အနားယူပြီဟု ကြေညာလိုက်ပြီဖြစ်သည်။

ဒိုနိုဗန်က "ကျွန်တော် အကောင်းဆုံးလုပ်ဆောင်ခဲ့ပြီးပါပြီ။ ကျွန်တော့်သားကို အချိန်ပေးဖို့ လိုတာကြောင့် ဘောလုံးဆက်ကစားတော့မှာ မဟုတ်ပါဘူး"ဟု ပြောကြားခဲ့သည်။

ဒိုနိုဗန်သည် နည်းပြ ဘရက်ဒလေ ထုတ်ပယ်ခံရပြီးနောက် ဆွမ်ဆီးနည်းပြအဖြစ် ဆောင်ရွက်ရန် ကမ်းလှမ်းခံခဲ့ရသေးသည်။ ၎င်းက လွန်ခဲ့သည့် နှစ်နှစ်တာကာလက သူ၏ ကလပ်အသင်းအတွက် ဝိုင်းဝန်းဆောင်ရွက်နေရသဖြင့် ဘောလုံးကစားခြင်းမှ ပထမဦးဆုံးအကြိမ် အနားယူခဲ့ဖူးသည်။ သူသည် အမေရိကန်လက်ရွေးစင်အသင်းအတွက် ၁၅၇ပွဲဝင်ရောက်ကစားပြီး ၅၇ဂိုး သွင်းယူထားနိုင်သူဖြစ်ပြီး အမေရိကန်ဘောလုံးလောက၏ အထူးချွန်ဆုံး ဘောလုံးသမား တစ်ဦးအဖြစ် သတ်မှတ်နိုင်သည့် ကစားသမားဖြစ်သည်။

ဒိုနိုဗန်သည် ဂျာမနီကလပ် လေဗာကူဆင် လူငယ်အသင်းတွင် ကစားသမားဘဝကို စတင်ခဲ့ပြီးနောက် အမေရိကန်မေဂျာလိဂ်ကလပ် ဆန်ဂျို့စ်အသင်းသို့ လေးရာသီ အငှားဖြင့် ကစားခဲ့ပြီး အမ်အက်စ်အယ်လ်ဖလား နှစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းနောက် ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် လေဗာကူဆင်အသင်းကြီးအတွက် ကိုးပွဲသာ ပါဝင်ကစားခဲ့ပြီးနောက် အယ်လ်အေဂလက်စီ အသင်းသို့ အမြဲတမ်းစာချုပ်တစ်ရပ်ဖြင့် ပြောင်းရွှေ့သွားခဲ့သည်။

သူသည် ဂလက်စီအသင်းတွင် ကစားနေစဉ်အတွင်း မေဂျာလိဂ်ရာသီသိမ်းချိန်များတွင် ၂၀၀၈-၀၉ဘောလုံးရာသီ၌ ဘိုင်ယန်မြူးနစ်၊ ၂၀၀၉-၁၀၊ ၂၀၁၀-၁၁ဘောလုံးရာသီများ၌ အဲဗာတန်အသင်းသို့ သုံးကြိမ်တိုင် အငှားထွက်ကစားခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းတွင် ခြေစွမ်းပိုင်း ရုန်းကန်ခဲ့ရသော်လည်း အဲဗာတန်အသင်းတွင် ဂိုးသွင်းခြေတွေခဲ့သလို ပရိသတ်များ၏ အကြိုက်နှစ်သက်ဆုံး တစ်လတာ အကောင်းဆုံး ကစားသမားဆုကို နှစ်ကြိမ်တိုင် ရယူနိုင်ခဲ့သည်။

# အသက်(၁၉)နှစ်အောက် အကောင်းဆုံးကစားသမားစာရင်းတွင် ဒိုနာရူးမားက မက်ပီကို နောက်ကောက်ချကာ နံပါတ်(၁)နေရာတွင် ရပ်တည်

**အသက်(၁၉)နှစ်အောက် လူငယ်ကစားသမားစာရင်းတွင် အေစီမီလန်ဂိုးသမား ဒိုနာရူးမားက မိုနာကိုတိုက်စစ်မှူး မက်ပီကို နောက်ကောက်ချပြီး အကောင်းဆုံး နံပါတ်(၁)နေရာကို ရယူထားနိုင်သည်ဟု နောက်လာမည့် မျိုးဆက်အစီအစဉ်စစ်တမ်း၏ ဖော်ပြချက်အရ သိရသည်။ အကောင်းဆုံးလူငယ် ကစားသမား ၁၀ ဦးစာရင်းတွင် ပြင်သစ်နိုင်ငံသား သုံးဦးအထိ ပါဝင်နေပြီး အီတလီကစားသမားနှစ်ဦး၊ အမေရိကန်တစ်ဦး၊ ဆွီဒင်တစ်ဦး၊ ဂျာမနီတစ်ဦး၊ ဒက်ချ် တစ်ဦး၊ နော်ဝေတစ်ဦးတို့ ပါဝင်နေသည်။**




အသက်(၁၈)နှစ်သာ ရှိသေးသည့် အေစီမီလန်ဂိုးသမား ဒိုနာရူးမား။

လောလောဆယ် ဘောလုံးလောကတွင် လူပြောအများဆုံး လူငယ်ကစားသမားနှစ်ဦးဖြစ်သည့် မက်ပီနှင့် ဒိုနာရူးမားတို့ အသက်(၁၉)နှစ်အောက် အကောင်းဆုံး ကစားသမားစာရင်းကို ဦးဆောင်နိုင်ခြင်းမှာ ဆန်းကြယ်သည့် ကိစ္စရပ်မဟုတ်ပေ။ သို့သော် မက်ပီကို ဒိုနာရူးမား နောက်ကောက်ချနိုင်ခြင်းမှာ မိုနာကို အသင်းအတွက် မက်ပီ ပွဲထွက်ကစားခွင့်ရရှိသည်မှာ မကြာသေးဘဲ ဒိုနာရူးမားက အေစီမီလန်အသင်းအတွက် ပုံမှန်ပွဲထွက်ခွင့်ရရှိနေသည်မှာ နှစ်ရာသီကြာမြင့်နေပြီဖြစ်သောကြောင့်ဟု အဆိုပါစစ်တမ်းက ဖော်ပြသည်။ ဒိုနာရူးမားကို အေစီမီလန်အသင်းက ယူရိုသန်း ၁၃၀ အထိ ဈေးခေါ်ထားပြီး ဥရောပအသင်းကြီးတချို့ကလည်း ရေရှည်စီမံကိန်းအတွက် ငွေသုံးကြမ်းရန် လက်မနှေးဘဲ ခေါ်ယူရန် ကြိုးပမ်းနေသည့် ကစားသမားဖြစ်သည်။

**အသက်(၁၉)နှစ်အောက် အကောင်းဆုံး လူငယ်ကစားသမား(၁၀)ဦး**


| အမည် | ကလပ်အမည် | နိုင်ငံ |
| --- | --- | --- |
| ဒိုနာရူးမား | အေစီမီလန် | အီတလီ |
| မက်ပီ | မိုနာကို | ပြင်သစ် |
| ပေါ်လစ်ဆစ် | ဒေါ့မွန် | အမေရိကန် |
| လာဖန့် | တူလောက်စ် | ပြင်သစ် |
| အစ်ဆက် | ဒေါ့မွန် | ဆွီဒင် |
| လော်ကာတယ်လီ | အေစီမီလန် | အီတလီ |
| မာလန်ဆာ | နိုက်စ် | ပြင်သစ် |
| အော်ဒီဂတ် | ရီးယဲလ်မက်ဒရစ် | နော်ဝေ |
| ဖော်ဆူမန်ဆာ | မန်ယူ | နယ်သာလန် |













ကြေးမုံ



# ဖွံ့ဖြိုးမှုဘူမိနက်သန် ကျေးလက်မှာအခြေခံ

ကိုရင်ဩ



ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ မိုးမျှော်တိုက်ကြီးများအနီး တည်ရှိနေသော ဆင်းရဲသားရပ်ကွက်တစ်ခုကို တွေ့ရစဉ်။ ဓာတ်ပုံ– Bloomberg

ကျွန်ုပ်တို့၏ အာရှဒေသ၌ စီးပွားရေးအရ လျှင်မြန်စွာ တိုးတက်လာသည့် ထွန်းသစ်စမြို့ကြီးများကို အားပါးတရ တွေ့မြင်လာကြရသည့်အခါ "ကမ္ဘာမှာ အာရှဟေ့" ဟူ၍ အလွန် ဝမ်းမြောက်ကြည်နူးခြင်းနှင့်အတူ ဥဒါန်း ကျူးကြရဖွယ်ရှိလင့်ကစား အမြင်မတော် ဆင်တော်နှင့် ခလောက်ဟူဘိသို့ပင် ခေတ်မီမိုးမျှော်တိုက်တာ အဆောက်အအုံကြီးများ တည်ရာအရပ်၏ အနီးအပါးဝန်းကျင်တွင် သိုးကာသီကာ တွေ့မြင်ကြရသည်ကား ဆင်းရဲသား ရပ်ကွက်များဖြစ်ကြ၏။ ထွန်းသစ်စ မြို့ကြီးများ၏ အနီး ဆင်ခြေဖုံးအရပ်များ၌ ထွန်းသစ်စ ဆင်းရဲသား ရပ်ကွက် များပေါ်ထွန်းလာနေမှုက အာရှဒေသရှိ အစိုးရအဖွဲ့များအနေဖြင့် ပြည်သူတို့အတွက် နေစရာနေအိမ်များ အလုံအလောက် ထောက်ပံ့ပေးနိုင်ခြင်းမရှိပုံကို ဖော်ကျူးနေသည်ဟု ကမ္ဘာ့ဘဏ်၏ မြို့ပြဆိုင်ရာ ကျွမ်းကျင်သူပညာရှင်တစ်ဦးက ထောက်ပြလိုက်သည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရလေသောအခါ မြို့ပြများရှိ မွန်းကျပ်နေသော ပြည်သူတို့၏ ဘဝကို ကိုယ်ချင်းစာနာစိတ်ဖြစ်မိလေ၏။

## ဆင်းရဲသားရပ်ကွက်များ

မြို့ကြီးများ၏ ဆင်းရဲသားရပ်ကွက်များ၌ နေထိုင်ကြရသူဦးရေမှာ ကမ္ဘောဒီးယားနိုင်ငံ၌ မြို့နေလူဦးရေ၏ ၅၅ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံ၌ ၄၁ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်၌ ၃၈ ရာခိုင်နှုန်း အသီးသီးရှိပြီး ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးနှုန်းဖြင့် စီးပွားရေး တိုးတက်နေသော နိုင်ငံများတွင် ပါဝင်သည့် ဗီယက်နမ်၊ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့၌ မြို့ပြဆင်းရဲသားဦးရေ အချိုးအဆမှာ ၂၀ ရာခိုင်နှုန်းထက် ကျော်လွန်နေသည်ဟု ကမ္ဘာ့ဘဏ်၏ စီးပွားရေးသုခမိန်တို့က ညွှန်းဆိုကြလေသည်။

ယနေ့ကာလတွင် စီးပွားရေးတိုးတက်မှုနှင့်အတူ မြို့ကြီးများက အပြိုင်းအရိုင်းပေါ်ထွန်းလာနေသည်။ စီးပွားရေးကို ချဲ့ထွင်နေသော မြို့ကြီးပြကြီးများသို့ ကျေးလက်တောရွာများမှ လာရောက်ကာ အလုပ်လုပ်ကိုင်သူ တရိပ်ရိပ်တိုးလာသည်။ တောသားများ မြို့တက်ကြသည်။

လျင်မြန်သော အရှိန်အဟုန်ဖြင့် မြို့ကြီးများ ပြန့်ကားကျယ်ပြန့်လာသောအခါ ပြည်သူများအတွက် အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဖြည့်ဆည်းပေးရန်ဟူသော ဝန်ထုပ်ဝန်ပိုးကြီးမှာ အစိုးရအဖွဲ့များအပေါ် ကျရောက်လာပေတော့သည်။

ဧကန်အားဖြင့်မူကား ဆင်းရဲသားရပ်ကွက်များ၌ နေထိုင်ကြရသော လူသန်းပေါင်းများစွာတို့မှာ ၎င်းတို့နေထိုင်ရာ မြို့ပြဒေသအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမောင်းနှင်အားအတွက် အထောက်အကူပေးနေသူများဖြစ်ကြသည်။ မြို့တက်လာသူ ရွှေ့ပြောင်းလုပ်သားများ၏ လုပ်အားကို ရယူကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ချဲ့ထွင်လုပ်ကိုင်နိုင်ကြခြင်းဖြစ်သည်။

မြို့ပြများကို အခြေခံ၍ စီးပွားရေးကို တည်ဆောက်လာကြချိန်တွင် မြို့နေ လူဦးရေ တိုးပွားလာခြင်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေးစွမ်းသော မြို့ကြီးများသည် စီးပွားရေးတိုးတက်မှု၏ ပြယုဂ်ဖြစ်လာသည်။

အစိုးရအဖွဲ့များအတွက် ပြဿနာမှာ တိုးတက်လာသော မြို့ပြလူဦးရေနှင့်အညီ အိမ်ရာများကို အလုံအလောက်ထောက်ပံ့ဖြည့်ဆည်းပေးနိုင်ရေးဖြစ်သည်။

ဤတွင်ရွှေ့ကား မြေရာအသုံးပြုခြင်းဆိုင်ရာမူဝါဒများ ထိရောက်အောင်မြင်စေရန်နှင့် အများပြည်သူတို့အနေဖြင့် သူတို့နေစရာအတွက် သူတို့သုံးစွဲနိုင်သော ငွေကြေးကန့်သတ်ချက်ဘောင်ထဲမှ အိမ်ရာများရရှိစေရန် အစိုးရအဖွဲ့များ၏ ကဏ္ဍမှာ အထူးကြီးမားလာရလေသည်။

သို့ရာတွင် ပြည်သူများအားလုံး နေရေးအတွက် စိတ်အေးရသည့်အနေအထားမှာ အစိုးရအဖွဲ့များက ဖန်တီးပေးနိုင်သည့် အခြေအနေတွင် မရှိသေးရကား ဆက်လက်ကြိုးစားရဦးမည်ဟူ၍သာ ဆိုနိုင်ပေဦးမည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသည် စင်ကာပူ၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့၏ သာယာရှုမငြီးဖွယ်ရာကောင်းလှသော ပသာဒ မြို့ပြမြင်ကွင်းများကို အားကျကာ အတုခိုးဆောင်ရွက်လိုစိတ် နိုးထလာကြသည်ကား အမှန်ပင်။

သို့ရာတွင် ယင်းနိုင်ငံများကိုယ်၌ကပင် အတိတ်ကာလတွင် ပုံကျရပ်ကွက်များ (ဆင်းရဲသားရပ်ကွက်များ)၏ လူနေမှုဘဝဆိုင်ရာ စိန်ခေါ်မှုများကို ကိုယ်တွေ့ကြုံခဲ့ကြရသည်ချည်းဖြစ်၏။

ဥဒါဟရုဏ်တစ်ရပ်အနေဖြင့် စင်ကာပူနိုင်ငံကို ညွှန်းဆိုလို၏။ ဥရောပသားတို့ အခြေချနေထိုင်ခြင်းမရှိမီအချိန်က မျက်မှောက်ကာလ စင်ကာပူသည် မြစ်ဝတွင် တည်ရှိသော မလေးတံငါရွာကလေး တစ်ရွာမျှသာဖြစ်ခဲ့သည်။

၁၈၂၄ ခုနှစ်အထိ မလေးစူလ်တန်စော်ဘွား အုပ်ချုပ်သော နယ်မြေဖြစ်ခဲ့ပြီး ၁၈၂၄ ခုနှစ် ဩဂုတ်လတွင် ဗြိတိသျှကိုလိုနီအဖြစ် တရားဝင်ဖြစ်လာခဲ့သည်။

ကိုလိုနီခေတ် စင်ကာပူ၏ အစပထမမြို့တည်ဆောက်ပုံမှာ အများအားဖြင့် ခွဲခြားအုပ်ချုပ်ရေးစနစ်နှင့်အညီဖြစ်ပြီး ကွဲပြားခြားနားသောလူမျိုးစုတို့သည် ကွဲပြားခြားနားသောနေရာတို့တွင် နေထိုင်ကြသည်။

စင်ကာပူသည် ၁၉၅၉ ခုနှစ်တွင် ဗြိတိသျှအင်ပါယာအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ဖြစ်လာခဲ့သည်။ ယူစွတ်ဘင်အီရှက်သည် ပထမဆုံး အုပ်ချုပ်သူဖြစ်လာခဲ့ပြီး လီကွမ်ယုမှာ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်သည်။ ၁၉၆၃ ခုနှစ် ဩဂုတ်လတွင် လွတ်လပ်ရေးကြေညာခဲ့သည်။

နိုင်ငံသစ်တစ်ခုအဖြစ် ရပ်တည်လာသော စင်ကာပူသည် အလုပ်လက်မဲ့ဦးရေပေါများခဲ့သည်။ နေအိမ်အလုံအလောက်မရှိ။ မြေနေရာနှင့် သဘာဝအရင်းအမြစ်ရှားပါးခြင်းစသည့် ပြဿနာများနှင့် ကြုံတွေ့ရသည်။

လီကွမ်ယုဝန်ကြီးချုပ်အဖြစ် အုပ်ချုပ်ခဲ့သော ၁၉၅၉ မှ ၁၉၉၀ အထိ အချိန်ကာလအတွင်း သူ့အစိုးရက အလုပ်လက်မဲ့များပြားသည့်ပြဿနာကို ကိုင်တွယ်ခဲ့ရသည်။ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးကာ ပြည်သူ့အိမ်ရာစီမံကိန်း အများအပြားကို အကောင်အထည်ဖော်ခဲ့သည်။ ထိုအချိန်မှာကား နိုင်ငံ၏ စီးပွားရေးအခြေခံ အဆောက်အအုံ အုတ်မြစ်ချခဲ့သော အချိန်ကာလပါပေတည်း။

မြို့ပြများ၌ လူဦးရေတိုးလာရခြင်းမှာ ကျေးလက်ဒေသများမှသည် မြို့ပြဒေသများဆီသို့ ရွှေ့ပြောင်းနေထိုင်သူ များပြားလာခြင်းကြောင့်ဖြစ်ပြီး မြို့နေလူဦးရေအတွက် ရေ၊ စားနပ်ရိက္ခာနှင့် လျှပ်စစ်ဓာတ်အားတို့ကဲ့သို့ ဘဝရပ်တည်မှုအတွက် အခြေခံလိုအပ်ချက်များ ပမာဏတိုးလာရသည်။

ပြွတ်သိပ်လာသော မြို့ကြီးများအတွက် ပြည်သူ့ကျန်းမာရေးပြဿနာမှာ ကြီးမားလှသည်။ မော်တော်ကားများနှင့် စက်ရုံများ တိုးလာခြင်းနှင့်အတူ လေထုညစ်ညမ်းမှု၊ အသံဆူညံမှုစသည်တို့ဖြစ်ပေါ်ရသည်။ ပြည်သူ့ကျန်းမာရေးစနစ် နိမ့်ကျနေပါက အီဘိုလာကဲ့သို့ ကြောက်မက်ဖွယ်ရာ ကူးစက်ရောဂါဆိုးများက ခြိမ်းခြောက်လာတတ်သည်။

ပတ်ဝန်းကျင်ညစ်ညမ်းလေလေပြည်သူ့ကျန်းမာရေးနိမ့်ကျလေလေ ဖြစ်ရသည်ကား ထင်ရှားလှ၏။

## မြို့ပြဖွံ့ဖြိုးမှု

မြို့ပြနယ်မြေများ၌ နေထိုင်သူ ပြည်သူများ၏ ဦးရေ တစ်စစ တိုးလာမှုကို ဖြစ်ပေါ်စေသော ကျေးလက်မှ မြို့ပြသို့ ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှုဖြစ်စဉ်အရ မြို့ပြဖွံ့ဖြိုးမှုဖြစ်ပေါ်လာရသည်မဟုတ်ပါလော။

ကျေးတောသားများ မြို့တက်ကာ ဘဝနေထိုင်မှု ပုံစံပြောင်းလဲကြခြင်းသည်ကား မြို့များ၏ ပြန့်ကားကျယ်ပြန့်လာမှုအတွက် အဓိကအကြောင်းတရားပါပေတည်း။

အကျိုးဆက်အဖြစ် တစ်ချိန်တစ်ခါက ဥယျာဉ်မြေ၊ လယ်မြေ၊ ခြံမြေ၊ ကိုင်းမြေများအဖြစ် တည်ရှိခဲ့သော နေရာများ တစ်စစ ပျောက်ကွယ်ခဲ့ရ၏။ စနစ်တကျစိုက်ပျိုးထားသော ကန်စွန်းခင်းများ ပျောက်ကွယ်ခဲ့ရ၏။ စက်ရုံ၊ အလုပ်ရုံများ ထူထောင်ကြသောအခါ စိုက်ပျိုးမြေနှင့် အိမ်ရာမြေများမှာ စက်မှုရပ်ကွက်များအဖြစ်သို့ ပြောင်းလဲသွား၏။

မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ရပ်ကွက်သစ်ကြီးများ ပေါ်ပေါက်လာသည်မှာ အားရခမန်း။ သို့ဖြစ်လင့်ကစား ရပ်ကွက်အမည်က ရိုးရိုးကုပ်ကုပ်ဝေါဟာရဖြစ်သည့် "ကျူးကျော်ရပ်ကွက်"။

ကျူးကျော်ရပ်ကွက်များကို ဖျက်သိမ်း၍ မြို့မြေရပ်ကွက်သစ် ထူထောင်ရေးကို အစိုးရတို့က အလေးပေးလုပ်ဆောင်လာကြပြီးလျှင် လူဦးရေတိုးပွားမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်မှုအကြား ချိန်ခွင်လျှာကိုက်ညီနိုင်ရန် အလေးတင်းလာကြရလေသည်။

ဤတွင်ရွှေ့ကား ကျွန်ုပ်အနေဖြင့် ရှေးခေတ်နှင့် ယခုခေတ် မြို့ပြ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ပြောင်းလဲလာပုံကို စဉ်းစားတွေးတောမိ၏။

ရှေးအခါကမူ ကမ္ဘာနှင့်အဝန်း မြို့ဟူသည်မှာ ဘုရင်မင်းမြတ်နှင့် မင်းညီမင်းသားမှူးမတ်များ စံမြန်းနေထိုင်ရာဒေသများနှင့် နိုင်ငံရေးမြို့တော်များကိုသာလျှင် ခေါ်ဝေါ်ခဲ့သည်။ မြို့ရိုးတွင်း၌ တည်ရှိတတ်သည်။ ဝိနည်းပိဋကတ်တော်လာ ပြည်ရွာခြောက်မျိုးမှာ -

၁။ မင်းအစိုးရတစ်ဖွဲ့၏ အာဏာစက်နှံ့ရာ တိုင်းနိုင်ငံ (ရဋ္ဌ)

၂။ မင်းအိမ်နန်းတော်တည်ရာ နေပြည်တော် (ပူရီ)

၃။ အောက်ဆုံးမြို့အုပ် မြို့ပိုင်ရုံးရှိသော မြို့ (နဂရ)

၄။ ခရိုင်ဝန်မင်းတပိုင်၊ သို့မဟုတ် တိုင်းမင်းကြီး တပိုင်ခရိုင်စု၊ဇနပုဒ် (ဇနပဒ)

၅။ ဈေးရှိသောရွာကြီး (ဂါမ)

၆။ ဈေးမရှိသော ရွာငယ် နိဂုံး (နိဂမ) ဟူ၍ဖြစ်လေသည်။

ယနေ့ကာလတွင်မူ ကမ္ဘာတစ်ဝန်းတွင် မြို့ငယ်၊ မြို့ကြီး၊ မဟာမြို့ကြီးဟူ၍ ဝိသေသပြု ပိုင်းခြားထားသည်ကို တွေ့ရသည်။ မဟာမြို့ကြီး (မဂ္ဂါစီးတီး)ဟူသည် လူဦးရေ ၁၀ သန်းထက်မနည်း နေထိုင်ရာ မြို့ကြီးများကို ရည်ညွှန်းသည်။

ကုလသမဂ္ဂ၏ လေ့လာချက်အရ ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်မှာ မြို့ပြများ၌ နေထိုင်သူများဖြစ်သည်ဟု ကျွန်ုပ်မှတ်သားရသည်။ ကမ္ဘာကျော်ကြား မဟာမြို့ကြီးများအဖြစ် မွမ်ဘိုင်း၊ ရှန်ဟိုင်းနှင့် နယူးယောက်တို့ ရပ်တည်လျက်ရှိကြသည်။ ၂၀၂၅ ခုနှစ်အရောက်တွင် ကင်ရှားဆား၊ လေဂို့စ်နှင့် ဂျကာတာတို့ မဟာမြို့ကြီးများဖြစ်လာမည်ဟု သုတေသီတို့က ခန့်မှန်းကြသည်။

ယနေ့ကာလတွင် ကမ္ဘာတစ်လွှား မြို့ပြထူထောင်ရေးပြဿနာက ကြီးမားလှသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ သာလွန်ခက်ခဲနက်နဲသော ပြဿနာဖြစ်သည်။

ရွာငယ်ဇနပုဒ် မီးကလေးမှိတ်တုတ်က မြို့အဖြစ်သို့ ပြောင်းလဲလာခြင်းကို တိုးတက်မှုအဖြစ် ကျွန်ုပ်တို့ ရှုမြင်ခဲ့ကြသည်။ ဘဝတက်လမ်းအတွက် ဆင်းရဲသားတို့၏ ထွက်ရပ်လမ်းအဖြစ် ကျေးတောသားတို့ မြို့သားဖြစ်လာကြသည်ကိုလည်း တိုးတက်မှုအဖြစ် ပြောစမှတ်ပြုကြသည်။ သို့ရာတွင် မြို့ပြများ၌လည်း ပြည်သူတို့ဆင်းရဲတွင်း နက်ကြသည်မှာ ထင်ရှားလှသည်။

ပြည်တွင်းဖူလုံမှု စိုက်ပျိုးရေးထွန်းကားစဉ်က မြို့ပြထူထောင်မှုပြဿနာမှာ စစ်မက်ကာလမှအပ ပြဿနာအထူးအထွေမရှိခဲ့ချေ။ သို့ရာတွင် စိုက်ပျိုးရေးစနစ်မှသည် စက်မှုစနစ်သို့ ကူးပြောင်းလာခဲ့ပြီး ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာသည့်အခါ မြို့ပြပြဿနာမှာ ကြီးထွားလာတော့သည်။

ရှေးအခါက ကမ္ဘာတစ်လွှား နိုင်ငံများမှာ ဆူကြုံနိမ့်မြင့် မကွာခြားလှသော်လည်း ၁၉ ရာစုခေတ် စက်မှုတော်လှန်ရေးကြီး ပေါ်ပေါက်ခြင်းနှင့်အတူ ခေတ်ရှင်စီးပွားရေးစနစ် ကြီးကျယ်လာသည့်အခါ ဆင်းရဲချမ်းသာ ကွာဟချက်ကြီးမားလာလေသည်။

မြို့နေဆင်းရဲသားများမှာ နေရာထိုင်ခင်းပြဿနာ၊ စားရေရိက္ခာပြဿနာ၊ ကုန်ဈေးနှုန်းပြဿနာ၊ သွားရေးလာရေး ပြဿနာ၊ ကျန်းမာရေးပြဿနာ၊ ရာဇဝတ်ပြစ်မှု ထူပြောခြင်းကဲ့သို့ လူမှုရေးပြဿနာစသည့် ပြဿနာများကို ခါးစည်းခံကြရသည်။

သို့ဖြစ်၍ မြို့ပြထူထောင်ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးတို့ကို ဒွန်တွဲဆောင်ရွက်ကြဖို့ လိုအပ်လှသည်။ ကျေးလက်ဟူသည် မြို့၏အခြေခံဖြစ်ခြင်းကြောင့် ကျေးလက်ဖွံ့ဖြိုးရေးမှာ အခြေခံအကျဆုံးဖြစ်သည်။ မြို့နှင့် ရွာတို့ကို တစ်ဆက်တစ်စပ်တည်း အချိုးညီညီ ဖွံ့ဖြိုးအောင် စဉ်ဆက်မပျက် ကြိုးပမ်းလုပ်ဆောင်ကြဖို့ အရေးကြီးပုံကို တွေးတောမိရင်း **"ဖွံ့ဖြိုးမှု ဘူမိနက်သန် ကျေးလက်မှာ အခြေခံ"** ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။


PREMIER COFFEE
ပရီမီယာရဲ့ (၂) ထပ်ကွမ်း ငွေလမ်း
ကျပ်သိန်း (၅၀၀) ကံထူးရှင် နှစ်ဦးနှင့်
ကျပ်သိန်း (၁၀၀) ကံထူးရှင် ငါးဦး
ပေါ်ထွက်လာပါပြီ
ကျပ်သိန်း ၅၀၀
မဥမ္မာချစ်
၁၀/မလမ (နိုင်) ၂၁၄၄၇၁
မော်လမြိုင်
ကျပ်သိန်း ၅၀၀
ဗိုလ်ကြီးအောင်ကိုလေး
၉/သပက(နိုင်)၀၃၄၁၅၄
မကွေးမြို့
ချက်ချင်းပေါက်ငွေသားကံစမ်းမဲမှ ကျန်ရှိနေသေးသော ဆုမဲများ
အထူးဆုကြီး ငွေကျပ်သိန်း ၁၀၀၀ (၁) ဆု၊
ငွေကျပ် သိန်း ၅၀၀ (၂) ဆု၊ငွေကျပ်သိန်း ၁၀၀ (၁၃) ဆု၊ ငွေကျပ် ၅သိန်း (၁၄၉) ဆု၊ ငွေကျပ် ၁သိန်း (၁၈၅၅) ဆု
ချက်ချင်းပေါက်ဆုမဲများကို မေလ၊ ၂၀၁၇ ခုနှစ်အထိ နောက်ဆုံးထား ထုတ်ပေးသွားပါမည်။

115 Miles

SHWE PYI 115 MILES

ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး ပေါ်ရှိ ၁၁၅မိုင် (ဖြူးမြို့)တွင် ဖွင့်လှစ်ထားသော

"115 Miles Traveller's Inn" အား

၂၇ရက်၊ မတ်လ၊ ၂၀၁၇ ခုနှစ်မှ စတင်၍

"Shwe Pyi 115 Miles" ဟု

အမည်ပြောင်းလဲ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

*Managed by KMA Hotels Group*

ရွှေပြည် ၁၁၅မိုင်၊ ၁၁၅မိုင် ယာဉ်ရပ်နားစခန်း၊ ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး။ Hot Line: 09 457 400005, Email: sp115.rsv@kmahotels.com,
Head Office: ၃လွှာ၊ သမဝါယမစီးပွါးရေးဗဟိုဌာန၊ ဆရာစံပလာဇာနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ Ph: 095 1 401 480~87, 542 874, 557 634,
Hot Line: 09 445 566037, Email: sales@kmahotels.com, Website: www.kmahotels.com

စိန်နန်းတော်
Diamonds & Fine Jewelry

2017 Grand Lucky Draw Program

Grand Prize ငွေသား ကျပ်သိန်း (၁၅၀) – ၁ ဆု
ပထမဆု ငွေသား ကျပ် (၂၅) သိန်း – ၁ ဆု
ဒုတိယဆု ငွေသား ကျပ် (၁၀) သိန်း – ၁ ဆု
တတိယဆု ငွေသား ကျပ် (၃) သိန်း – ၅ ဆု
စတုတ္ထဆု ငွေသား ကျပ် (၂) သိန်း – ၁၀ ဆု
ပဉ္စမဆု ငွေသား ကျပ် (၁) သိန်း – ၁၅ ဆု

Grand Lucky Draw ဖွင့်ပွဲကို ၁.၁၀.၂၀၁၇ (တနင်္ဂနွေ) နေ့တွင် ကံထူးရှင်များကို မဲဖောက်ချီးမြှင့်ပေးပါမည်။

Promotion ကာလ – (၁.၄.၂၀၁၇) မှ (၃၀.၉.၂၀၁၇) ထိ
နေ့စဉ်ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါကံစမ်းမဲအနေဖြင့်

စိန်ဟန်းချိန်း (၁) စု
စိန်နားကပ် (၃) ရံ
စိန်လက်စွပ် (၁၀) ကွင်း
ရွှေဆွဲသီး (၃၀) စု
ပလက်တီနမ်ဆွဲသီး (၅၀) စု
နှင့်အခြားအပိုးတန်ဆုမဲပေါင်းများစွာ

(၇) ဆိုင်ခြောက်ဆိုင်သစ်ဖွင့်ပွဲ

GRAND OPENING



Special Discounts - 10% to 50 % off

မတ်လ (၃၀) ရက်နေ့မှ ဧပြီ (၂) ရက်နေ့ ထိ
မနက် (၉)နာရီ မှ ည (၉)နာရီထိ

Junction City Shopping Center (ဗိုလ်ချုပ်ဈေးအရှေ့)

* ပထမဆုံး လာရောက်ဝယ်ယူသူ (၁၀၀) ဦးကို ပလက်တီနမ်ဆွဲသီး လက်ဆောင်ပေးသွားပါမည်။
* စိန်ထည်ဝယ်ယူသူများကို ပွဲလယ်တင့်စေမည့် ပုလဲဝမ်းဆက်များထပ်မံလက်ဆောင်ပေးသွားပါမည်။


ForEver by Gems
ရွှေနန်းတော်
(2016 ASEAN BUSINESS INNOVATION AWARD)
@
JUNCTION CITY YANGON
25-3-2017
(စနေနေ့) စတင်ဖွင့်လှစ်ပါပြီ
၂၀၁၇ မတ်လ (၂၅)ရက်နေ့မှ ဧပြီလ (၃၀)ရက်နေ့အထိ
သိန်းပေါင်း (1800) ကျော် ချီးမြှင့်ပေးမည့်
Lucky Draw Program
(၁) Nissan brand new ကား (၂) စီး
(၂) ၅ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၅) ၈ပဲ သား ရွှေဆွဲကြိုး (၁၀) ကုံး
ချက်ခြင်းပေါက် ချက်ခြင်းယူဗလာမပါကံစမ်းမဲ
(၂၅-၃-၂၀၁၇ မှ ၃၀-၄-၂၀၁၇ ထိ)
(၁) ၁ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၂) ၈ ပဲသား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၄ ပဲသား ရွှေဆွဲကြိုး (၃၀) ကုံး
(၄) ၃ ပဲသား၊ ၂ ပဲသား၊ ၁ ပဲသား၊
ရွှေလက်စွပ် (၃၀၀)ကွင်း စုစုပေါင်း
ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့် တခြားအဖိုးတန် ပစ္စည်းများ
အများဆုံးဝယ်ယူသူ (၁၀) ဦးအတွက်
ထပ်ဆင့်အထူးလက်ဆောင်မွန်
(၂၅-၃-၂၀၁၇ မှ ၃၀-၄-၂၀၁၇ ထိ)
ရွှေ (၃) ကျပ်သား (၁) ဆု
ရွှေ (၂) ကျပ်သား (၁) ဆု
ရွှေ (၁) ကျပ်သား (၅) ဆု
ရွှေ (၅) မူးသား (၅) ဆု
Road Show
@
Junction City Yangon Atrium
25-3-2017 - 11 -4- 2017
The Most
EXCITING
Opening Sales
Up to
SALE 50% OFF
25-3-2017 မှ 28-3-2017
အမှတ်တရဓါတ်ပုံရိုက်ခြင်း၊ လက်မှတ်ရေထိုးခြင်း နှင့် စင်ကာပူနိုင်ငံမှ Manderville Conservatory (Electric String Instruments)
Hit it Productions (DJ Console LED Barrels ) တို့၏ဖျော်ဖြေမှု၊ နိုင်ငံကျော်တေးသံရှင်များဖြင့်ဖျော်ဖြေမည်။
ပထမဦးဆုံးဝယ်ယူသူ(၁၅၀)ကို (1gm) White Gold ဆွဲသီးလက်ဆောင်ပေးမည်။ (ကံစမ်းရန်မလို)


THE ALL - NEW MAZDA 2 STYLISH URBAN DRIVE PACKED WITH BIG FEATURES STARTING FROM 25,999
mazda
CARSALES CAR OF THE YEAR 2015
SCOTTISH CAR OF THE YEAR 2015
CAR DEALER POWER CAR OF THE YEAR 2015
1.5 SKYACTIV TECHNOLOGY
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
3 YEARS MAZDA WARRANTY


ရွှေနဂါး ပလက်တီနမ် နှင့် ရွှေဆိုင်
အထူးပရိုမိုးရှင်း ကံစမ်းမဲအစီအစဉ်
ဆိုင်အမှတ်(၁)
ဆိုင်အမှတ်(၂)
1-2-2017 မှ 31-7-2017အထိ (၆) လအတွင်း ပါဝင်ကံစမ်းနိုင်မည့်
အခွင့်အရေးကောင်း
ဖေဖော်ဝါရီလအတွက် ကံထူးရှင်များ
ပရိုမိုးရှင်းကာလ (၆) လအတွင်း လစဉ်လတိုင်း KENBO မော်တော်ဆိုင်ကယ် အသစ်(၂)စီး
ပရိုမိုးရှင်းကာလ (၆) လပြည့်လျှင် ထပ်မံကံထူးနိုင်မည့် HONDA CIVIC 2012 MODEL ကား(၁)စီး


Mr. FONE
Telecom Centre
Mr.Fone လှည်းတန်း ၊Mr.Fone သင်္ဃန်းကျွန်း
Mr.Fone မြောက်ဒဂုံ ၊Mr.Fone တောင်ဒဂုံ
Mr.Fone လှိုင်သာယာ
Hotline Number : 09 4581 81 881
ကျပ် သိန်း ၂၀၀ ကျော် တန်ဖိုးရှိ လက်ဆောင်ပစ္စည်းများကို
အစုဝယ် အစုပေါက် ကံစမ်းနိုင်မည့်အခွင့်အရေး
ဖေဖော်ဝါရီလ (၃) ရက်နေ့ မှ ဧပြီလ (၁၀) ရက်နေ့ အထိ


KSD
KHAING KHAING SANGDA MOTORCAR
(15.3.17) မှ (12.4.17) ထိ မြန်မာနှစ်သစ်ကူး Promotion အထူးဈေးရောင်းပွဲတော်
KHAING KHAING SANGDA MOTORCAR စက်ရုံမှ ထုတ်လုပ်သော ဆီစားသက်သာပြီး အကြမ်းခံသည့် Light Truck MPV မော်တော်ယာဉ်များအား မြန်မာနှစ်သစ်ကူးသင်္ကြန်အထူးဈေးရောင်းပွဲတော် (15.3.17) မှ (12.4.17)ထိ မူလဈေးနှုန်းထက်(၁၀)သိန်းလျှော့ရောင်းမည်ဖြစ်ပါကြောင်း မိတ်ဟောင်းမိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။ရုံးချုပ် - အမှတ်(၇၉/၈၀)သာဓုကန်စက်မှုဇုန် (၃/၄)ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
Tel : 09-428333333, 09-30356666,09-799820376, 01-611351, 01-611268, 09-425111111
Show Room - အမှတ်(၁၄၈)ပြည်လမ်း၊ (A-1) မှတ်တိုင်နား၊ မရမ်းကုန်း၊ Tel : 01-660871, 09-331265891


ဂမုန်းပွင့်
စံရိပ်ငြိမ်
အမှတ် (၉၆-၁၀၈)၊ ရန်ကုန် အင်းစိန်လမ်း
စံရိပ်ငြိမ်၊ ကမာရွတ်မြို့နယ်။
Summer Sale
Double Chance!
25 Feb 2017 to 31 Mar 2017
ဂမုန်းပွင့် ( စံရိပ်ငြိမ်) ပထမထပ်ရှိ ဂမုန်းပွင့် အရောင်းကောင်တာများတွင် ၂၅-၂-၂၀၁၇ မှ စ၍ တစ်နေ့တာအတွင်း
ကျပ် 50,000/- ဖိုးနှင့်အထက် ဝယ်ယူသူတိုင်း ကျပ် 5000/- ဖိုး ကူပွန်တစ်ခု လက်ဆောင်ရရှိပါမည်။
ထိုကူပွန်ဖြင့် ဂမုန်းပွင့်(စံရိပ်ငြိမ်) ရှိအောက်ပါ စားသောက်ဆိုင်များတွင် အခမဲ့ပြန်လည်မှာယူစားသုံးနိုင်ပြီး
Discount နှင့် လက်ဆောင်များ ထပ်မံရရှိနိုင်မည့် အခွင့်အရေး ဖြစ်ပါသည်။
Buy 50000/-& Up
Get 5000/-Coupon .....
Get more Discount&Gifts
@ Restaurant & Cafe´
HAPPY CAFE & NOODLES
Chatime
HOLLYWOOD
UNCLE BIRD Food & Snacks
K BOX KARAOKE
ICE MANIAS
CHA THAI
MOON BAKERY
Tokyo Tomato Cafe
Ice Berry
Mr. Chef
Rice Shop
SK HOT POT
FRESH THAI


GREE is Great, Gree is No.1
NEW
နွေရာသီအထူး Promotion 15 March, 2017 to 31 May, 2017
Bee-3 (နောက်ဆုံးပေါ်မော်ဒယ်ဒီဇိုင်း)
Bee
Change 2 (Silent King)
Jade
Portable Air-Con
Koobe
Laffis
မီးအား 140 V ရှိရုံဖြင့် အအေးနှုန်းထုတ်လွှတ်ပေးနိုင်ခြင်း
80 V ~ 260 V အထိ မီးအားအတက်အကျခံနိုင်စွမ်းရှိခြင်း
မီးအားစား 60 % သက်သာခြင်း
ခေတ်မီသေသပ်လှပသော ဂျပန်စတိုင်ဒီဇိုင်း
မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်
CHRIS HO COMPANY LIMITED
THE AIR CONDITIONER EXPERT
Heard Office : No. 153(D), Waizayandar Garden Housing, Waizayandar Road, Thingangyun Tsp, Yangon, Myanmar.
Tel : 95-1-8564352, 8564253, 578605, 457005500. E-mail:chrishovtm@gmail.com, URL : www.ch-aircon.com
Branch Office : Ma-13/15, Theik Pan Street, Between 57 & 58 St, Mandalay. Tel : 09-500 9036, 09-471 21582, 09-910 44737
Show Room သို့ လာရောက်ဝယ်ယူသော Customer များအတွက် 3 % Discount အပြင် Gree T- Shirt နှင့် ထီးလက်ဆောင်


Lilly's®
Cook With Confidence
အချိုမှုန့် မပါတဲ့
လီလီ ကြက်သားမှုန့်
HEALTHIER CHOICE NO MSG ADDED
Happy Thingyan Festival
ရိုးရာသင်္ကြန် စတုဒိသာ အလှူမှာ
လီလီ သုံးဖို့ မမေ့နဲ့နော် . . .
CHICKEN POWDER
Made with Real Chicken Meat
NET WEIGHT 17 g
NET WEIGHT 400 g
BEST BEFORE

SPL SEIN PALAUNG

နိုင်ငံကျော်
စိန်ပလောင် လက်ဖက်နှပ် ပဲနှစ်ပြန်ကြော်(ရောင်းဝယ်ရေး)မှ ပထမဦးဆုံး ထူးခြားဆန်းသစ်သော
**“လက်ဖက်စိမ့်မွကြော်” ထုတ်လုပ်ရောင်းချနေပါပြီ**

ထူးခြားသောအရသာ
“လက်ဖက်စိမ့်မွကြော်” ပါးစပ်ထဲမှာ စိမ့်မွပြီး လျှာပေါ်တွင် ပျော်သွားပါသဖြင့် အလွန်ကြိုက်နှစ်သက်စရာကောင်းသော မြန်မာအစားအစာ တစ်ခုဖြစ်ပါသည်။ မိတ်ဆွေနဲ့ ဆွေမျိုးများကို နိုင်ငံကျော်စိန်ပလောင်မှ ထူးခြားသော လက်ဖက်စိမ့်မွကြော်ကို လက်ဆောင်ပေးခြင်းဖြင့် ဂုဏ်ယူဝင့်ကြွားနိုင်ပါပြီ။

နိုင်ငံကျော်
စိန်ပလောင်လက်ဖက်ညွန့်နှပ်နှင့် ပဲနှစ်ပြန်ကြော်(ရောင်းဝယ်ရေး)

ဖုန်း -၀၉-၉၁၀၂၆၆၆၇ ဆိုင်-၁၊ ဆိုင်-၂ ➤ ၃၀×၃၁ လမ်းကြား၊ ၇၈ လမ်း၊ ဘူတာကြီး
-၀၉-၄၃၁၁၇၉၂၉
-၀၉-၂၁၅၀၉၃၁ ဆိုင်-၃၊ ➤ ၃၄လမ်း၊ ၇၇လမ်းထောင့်၊ ရတနာပုံဈေး၊ မန္တလေးမြို့။
-၀၉-၅၀၇၃၁၃၆ အမှတ် 22B၊ ဒေါ်ဘွင့်လမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
-၀၉-၄၅၈၂၆၄၂၂၀ ရှမ်းရိုးမကွင်းရှေ့၊ ဗိုလ်ချုပ်လမ်း၊ အောင်ချမ်းသာတိုက်တန်း၊ ဆန်ဆိုင်းခရပ်ကွက်၊ တာချီလိတ်မြို့။




သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဗွီ မွဲ သံယံ
SYP ဆေးရိုးပင် SYP
အုတ်ရောင်းဝယ်ရေးနှင့်သယ်ယူပို့ဆောင်ရေး
**ကိုဆန်းနိုင် + မမိုးမိုးအေး**
အမှတ်(၉/၆၉-B)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊
ဒညင်းကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01645757, 095145162, 09965145162, 0973021997, 09455081166, 095408777

ဗွီ မွဲ သံယံ **San brotherhood**
“ခစ်ဆေးခမ်းသပ် (အခမဲ့)”
**Air-Con,** ရေခဲသေတ္တာ၊အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း



အဝတ်လျှော်စက် 190,000Ks | အဝတ်ခြောက်စက် 220,000Ks | အဝတ်လျှော်စက် 140,000Ks | အဝတ်ညှစ်စက် 75,000Ks

(၃နှစ်အာမခံ) တပ်ဆင်ပြီးဈေးနှုန်း
1HP 255000Ks
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation
“အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်”
FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383, 09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

သင်္ကြန်အထူးအစီအစဉ် (Special Discount) ...
ဒက္ကာရီ
အထူးဆံပင်ပြောင့်ဆိုင် 30000တန် Discount 15000 Ks
No. (279) ...

**ueMufEfonf**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ်(၈၂)တွင် တည်ဆောက်ဆဲဖြစ်သည့် အဆောက်အအုံမှ ဆရာစံလမ်းဘက်မျက်နှာမူလျက်ရှိသော အခန်းအမှတ် (#08)၊ (၁၆)ထပ်တိုက်ခန်းအမျိုးအစား(Type-D)၊ အကျယ်အဝန်း(1488 sq.ft)ရှိသော ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်များကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးစံဝင်းနှင့် ဦးဇော်ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ စာချုပ်ချုပ်ဆိုဝယ်ယူထားပါသည်။ ထိုသို့ဝယ်ယူခဲ့ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မှန်ကန်သော အထောက်အထားများနှင့် ကျွန်ုပ်ထံ ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၉၃)**
**အမှတ်(၁၈၉/၁၉၅)၊ ပန်းဆိုးတန်တာဝါ**
**ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၄၃၇၆၅၊ ၀၉-၄၄၈၀၂၂၀၈၈**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ကြည်(တောင်ကြီးမြို့) (၉၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၂၆)၊ မနောသုခခြံနေ (ဦးနေဝင်း)၏ဇနီး၊ ဒေါ်မြမြသိဏ်း၊ ဦးအောင်လွင်-ဒေါ်ကြည်ကြည်အေး၊ ဦးလဝင်း-ဒေါ်အမာဆွေ၊ ဦးညိုဝင်း-ဒေါ်သန်းသန်းရီ၊ (ဦးထွန်းထွန်း)-ဒေါ်ကြည်ကြည်ဝင်း၊ (ဦးမင်းသွေးညွန့်)-ဒေါ်မို့မို့ဝင်းတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂၄-၃-၂၀၁၇ (သောကြာနေ့) ညနေ ၆း၄၅နာရီတွင် တိုက်(B)၊ အခန်း (၄၀၈)၊ ပါရမီကွန်ဒို၊ လှိုင်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန် ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအသင်းများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စန္ဒာညို (၄၆)နှစ်

**(အငယ်တန်းစာရေး) ဆည်/ရေ ဦးစီးဌာန တိုင်းတာရေး၊ ရန်ကုန် မဟာစည်သြဝါဒခံ၊ သီရိမင်္ဂလာဗောဓိရိပ်သာ နုဂ္ဂဟအဖွဲ့၏ ဘဏ္ဍာရေးမှူး**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံ(၈)လမ်း(အနောက်)၊ အမှတ်(၉၅၆/ခ)၊ ပထမထပ်နေ ဦးစန်းတင့်-ဒေါ်ခင်သိန်းတို့၏သမီးချွေးမ၊ ဦးဇော်ဇော်နိုင်၏ချစ်လှစွာသောဇနီး၊ မဆုရတီဇော်(လသာ-၂)၏မွေးသမိခင်၊ ကိုစည်ဇော်မင်းလတ်-မဟန်ကြော့စုတို့၏အစ်မ၊ (ဦးခင်ညို)-ဒေါ်မြမြတို့၏သမီး၊ ဦးသူရ-(ဒေါ်သန်းသန်းဌေး)၊ ဦးသန့်ဇင်-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်သင်းသင်းနိုင် (ဦးစီးအရာရှိ၊ ပဲခူး-ITC)၊ ဦးတင်ဦး-ဒေါ်လွင်မာညို၊ ဒေါ်သီဂီညို (အလယ်တန်းပြ)၊ ဦးကိုကိုလွင်-မစန္ဒာလွင်(ဆည်/ရေ)တို့၏ညီမ၊ ဦးသိန်း ဇော်ထွန်း-ဒေါ်ခင်လဲ့ဝင်းတို့၏အစ်မသည် ၂၄-၃-၂၀၁၇(သောကြာနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဦးလဝင်း-ဒေါ်အမာဆွေ (ယခင်-မနောသုခခြံ)တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်ကြည် (အသက်-၉၁နှစ်)၊ (တောင်ကြီးမြို့)သည် ၂၄-၃-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ငယ်သူငယ်ချင်း အပေါင်းအသင်းများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစန်းငွေ(ခ)ဦးတာ (၆၇)နှစ်

**B.Sc (Maths) M.Sc(Q)**

အမှတ် (၈)၊ ကမာကြည်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ (ဆရာကြီးဦးစိန်မောင်-ဆရာမကြီး ဒေါ်အေးမျှင်)တို့၏သား၊ (ဦးအေး-ဒေါ်ရင်လှ)၏ သားသမက်၊ ဒေါ်အေးအေး (အလက-၁၊ ဒဂုံ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ပြည့်ဖြိုးကျော် (Jr. Programmer (KMD Soft Comm Department)၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ ဦးသန်းထွန်း (အုပ်ချုပ်ရေးမှူး)-ဒေါ်သန်းသန်းမြင့်တို့၏ညီ၊ (မောင်မင်းအုပ်စိုး)-မဝင့်ရွှေစင်ထွန်း၊ မသုန္ဒရီသိမ့်တို့၏ဦးလေး၊ မမေစိုးမိုးခင် (အလက-၁၊ ဒဂုံ)၏ အဘိုးသည် ၂၅-၃-၂၀၁၇ (စနေနေ့) နံနက် ၉း၃၅ နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်မူ (၆၄)နှစ်

**ထားဝယ်**

ထားဝယ်မြို့၊ တလိုင်းမရပ်၊ သခလမ်း၊ အမှတ်(၈၄)နှင့် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဇ/တ)ရပ်ကွက်၊ အမှတ်(၃၆၈)၊ ပြည်သာယာလမ်းနေ (ဦးဘထူးချစ်-ဒေါ်မိတင်)၏ သမီး၊ ဦးဖေကြိုင်-ဒေါ်တင်စိန်(ရတနာအောင် Auto Service)၊ ဦးအုန်းရွှေ-ဒေါ်ဂင်ရှိန်တို့၏ညီမ၊ ဦးမြင့်ဝေ၊ ဦးခင်ဇော်-ဒေါ်ရီရီလွင်၊ ဦးမင်းလွင်-ဒေါ်ရီရီအေး၊ ဦးကျော်လွင်-(ဒေါ်မိုးမိုးမြတ်)၊ ဦးသန်းအောင်-ဒေါ်မေသူလှိုင်၊ ဦးသန်းထိုက်-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးကိုကိုဇော်-ဒေါ်မျိုးမျိုးခင်၊ ဦးအောင်ဇေယျအေး-ဒေါ်ကေခိုင်ဦး၊ ဦးမျိုးမြတ်ဦးတို့၏အဒေါ် ဒေါ်တင်တင်မူသည် ၂၅-၃-၂၀၁၇ ရက် နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းဆင့်(ခ)ဖြူဖြူ အသက်(၆၉)နှစ်

**ကညန(ငြိမ်း)**

ရန်ကုန်မြို့နေ (ဦးအေးဒွေး-ဒေါ်တင်ညွန့်)တို့၏သမီး၊ (ဦးဘရင်-ဒေါ်စောရီ)တို့၏ သမီးချွေးမ၊ ဒေါ်သန်းမြင့်၊ ဒေါ်မြမေ၊ (မောင်ကျော်ကျော်)၊ (မောင်ဝင်းတင်)၊ ဦးအောင်မြတ်၊ (ဦးမော်မော်)၊ ဦးအောင်ညွန့်၊ ဒေါ်ဌေးဌေးစိန်၊ ဦးအောင်နိုင်တို့၏ညီမ/အစ်မ၊ (ကိုဝင်းမျိုးဟန်)၊ ကိုကြည်မင်းဟန်-မလွင်မာအောင် (ကညန၊ ပုသိမ်)၊ ကိုချမ်းငြိမ်းစံ၊ ကိုဇင်လင်းလှိုင်-မမျိုးကေခိုင်(ကညန)တို့၏မွေးသမိခင်၊ မောင်ကောင်းခန့်ဇော်၏အဘွား၊ အမှတ်(၂၉)၊ ပထမထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးဝင်းမြတ်)၏ဇနီး ဒေါ်သန်းဆင့်(ခ) ဖြူဖြူသည် ၂၄-၃-၂၀၁၇ (သောကြာနေ့) ည ၇နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်မြင့် (၆၇)နှစ်

**(BEME-ငြိမ်း)**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ လူပုကျေးရွာနေ (ဦးပန်းဖြူ-ဒေါ်ရွှေရင်)တို့၏သား၊ ပုသိမ်မြို့နေ ဦးခင်ရွှေ-ဒေါ်သိန်းမြတို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦးအောင်ကျော်ထွန်း (မြို့တော်စည်ပင်)-ဒေါ်လင်းလင်းအေး၊ ဦးအောင်ညီညီကျော် (ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)-ဒေါ်မိုးမိုး၊ ဦးထင်လင်းကျော်-ဒေါ်ထားထားနွယ်တို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်ခင်ထားသန်း၏ချစ်လှစွာသောခင်ပွန်းသည် ၂၅-၃-၂၀၁၇ (စနေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အမှတ်(၂၈)၊ ရွှေနှင်းဆီ (၅)လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သာခု(ထူးကြီးမြို့) (၈၉)နှစ်

**အထက(၂) ဟသ်ာတ၊ အထက(၁)ပုဇွန်တောင်၊ အထက(၄)ပုဇွန်တောင်၊ အထက(၆) မန္တလေးကျောင်းအုပ် (ငြိမ်း)**

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့နေ (ဦးမြိုင်-ဒေါ်သန်း)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးသန့်တင်-ဒေါ်သန်းညွန့်)၊ (ဒေါ်ယဉ်မြင့်)တို့၏ညီမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၅၈)၊ ငါးလွှာ(ခ)နေ (ပါမောက္ခ ဒေါက်တာစံထွန်းအောင်)-ဒေါ်ခင်စန်းရီ (ကျောင်းအုပ်-ငြိမ်း)တို့၏အစ်မ၊ ဦးအောင်မြင့်-ဒေါ်သက်သက်ဆွေ၊ ဒေါက်တာကောင်းမြတ်ထွန်း-ဒေါ်ခင်မြတ်ကြွယ်၊ ဦးအောင်သက်ခိုင်-ဒေါ်ခိုင်သွယ်ထွန်းတို့၏အရီးလေး၊ မြေးငါးယောက်တို့၏အဘွား ဒေါ်သာခုသည် ၂၅-၃-၂၀၁၇(စနေနေ့) နံနက် ၅း၂၀နာရီတွင် စမ်းချောင်းလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းမြင့်(ကျွမ်းမေကျုံး) အသက်(၈၀)

**(PISM ဆရာမဟောင်း)**

ရန်ကုန်မြို့၊ အမှတ် (၂၃)၊ ပထမထပ်၊ ခေမာလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးကျော်ဝင်း)၏ဇနီး၊ ဦးသန်းဟန်-ဒေါ်ရီရီခင်၊ ဒေါက်တာတင်ဝင်း(ပါမောက္ခချုပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်)-ဒေါ်ဌေးဌေးမြင့်၊ ဦးဌေးဝင်း-ဒေါ်ယုယုလွင်၊ ဦးတင်ဝင်း-ဒေါ်မြင့်မြင့်ချို၊ ဦးအောင်ထူး-ဒေါ်သန်းသန်းနုတို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၄-၃-၂၀၁၇(သောကြာနေ့)တွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နန်းခင်မြင့် (၇၂)နှစ်

**ထ. ပြ(ငြိမ်း) အ. ထ. က-၁၅၊ မန္တလေး**

**B.Ed(1972 Batch), HGP**

**(အထက်တန်းရှေ့နေ)**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နေ(ဦးစံလှ-ဒေါ်လေးလှ)တို့၏ သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နေ (ဦးတလုတ်-ဒေါ်အေးလှ)တို့၏သမီးချွေးမ၊ ကိုဇော်မင်းလတ်-မဇင်နွယ်၊ ကိုကျော်ဇင်-မကြည်သာနွေး၊ ကိုအောင်ဇင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား၊ [ဦးကျော်ရင် (တရားသူကြီး-ငြိမ်း)]၏ဇနီး ဒေါ်နန်းခင်မြင့်သည် ၂၃-၃-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၃-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၃-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက်တွင် အမှတ်(၂)၊ ဗိုလ်ဗစိုး (၅)လမ်း၊ ဒဂုံ(အရှေ့) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မိုးကိုကို (၄၉)နှစ်

**B.A (Myanmar), Diploma in IT**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ (၃၈)လမ်း၊ မြေညီထပ်၊ အမှတ်(၁၀၂)နေ (ဦးကိုကို)-ဒေါ်တင်တင်အေးတို့၏သမီး၊ (ဦးတင်အောင်-ဒေါ်တင်ချစ်)တို့၏ သမီးချွေးမ၊ ဦးဇော်အောင်၏ဇနီး၊ ဦးမြင့်သန်း-ဒေါ်ခင်ကိုကိုဦး၊ တပ်ကြပ်မင်းမင်းဦး(တပ်မတော်-ရေ)-ဒေါ်ခင်နှင်းနှင်းကိုတို့၏ညီမ၊ မခင်မိုးစန္ဒာ၏အစ်မသည် ၂၄-၃-၂၀၁၇ရက် ည ၁၀း၁၀နာရီတွင် ဗဟိုရိစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းလှိုင် (၇၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၆)လမ်း၊ တိုက်အမှတ်(၉၉-A)၊ ပ-လွှာနေ ဒေါ်ဝင်းဝင်းအေး၏ခင်ပွန်း၊ ဦးညဏ်လင်း-ဒေါ်ခိုင်သဇင်အေး၊ ဦးသန်းထွန်းအောင်၊ ဦးသူရဇော်တို့၏ဖခင်သည် ၂၄-၃-၂၀၁၇ ရက် ည ၁၀း၁၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်နိုင်ဝင်း(ခ)ဝကြီး အသက်(၄၄)နှစ်

**(ကမ္ဘောဇဘဏ်)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၃၁)နေ (ဦးကျော်တင့်-ဒေါ်ချို)တို့၏သား၊ (ဒေါ်အေးမော်)၊ (ဦးတင်ကြိုင်ဝင်း)တို့၏ မောင်/ညီ၊ မောင်အေးမျိုး၏အစ်ကို၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်း၊ အမှတ်(၃၇/၇)နေ ဦးစိန်မြင့်-ဒေါ်အေးချစ်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်အေးလမ်းသွယ်(၁)၊ ဘဏ်ရိပ်သာ၊ တိုက်(၃၂၉/၁၇)နေ ဒေါ်အေးအေးခိုင်(ဗဟိုဘဏ်)၏ ချစ်လှစွာသောခင်ပွန်း၊ မမေသူဟန် (အလက-၅၊ ရန်ကင်း)၊ မောင်ကောင်းခန့်ဇော် (အလက-၅၊ ရန်ကင်း)တို့၏ ချစ်လှစွာသောဖခင် ဦးတင်နိုင်ဝင်း(ခ) ဝကြီးသည် ၂၅-၃-၂၀၁၇ (စနေနေ့) နံနက် ၈း၃၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးဒေါ်ခင်ခင်လှ(ငြိမ်း)

**အင်န်-၂၁၄**

## အသက် (၇၈)နှစ်

**စစ်သူနာပြု အပတ်စဉ်(၃)**

မြောင်းမြမြို့နေ (ဦးဘိုးသိန်း-ဒေါ်ဖွားစိန်)တို့၏ဒုတိယသမီး၊ မြောင်းမြမြို့၊ အမှတ်(၂၄၃)၊ ဦးဘချိုလမ်းနေ [ဦးတင်နွယ် (စားဖျော်-ငြိမ်း)]၊ ဒေါ်ခင်ခင်မြတို့၏ညီမ၊ (ဦးအောင်ညွန့်-ဗိုလ်ကြီး ဒေါ်တင်တင်မြ)၊ ဦးခင်သန်း-ဒေါ်ခင်အုန်းဆွေတို့၏အစ်မ၊ ပြင်ဦးလွင်မြို့၊ အမှတ်(၃၉/၄ ကွက်ပြင်-၁)၊ ရပ်ကွက်ကြီး(၇)နေ ဦးကျော်မင်းစိုး၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာသော်ဒါဝင်း-ဗိုလ်ကြီးဒေါ်လှယဉ်ဝင်းစိုး(က-လ-ဆ ၃၀၀)၊ ဒေါ်အိရွှေစင်စိုး (Telenor Myanmar Co., Ltd.)၊ ဦးကျော်သီဟစိုး (ပြင်ဦးလွင်ရိုးမဘဏ်)တို့၏ ချစ်လှစွာသောမိခင်၊ မောင်သုတသော်ဒါ၊ မောင်သုခသော်ဒါတို့၏ ချစ်လှစွာသောအဘွားသည် ၂၅-၃-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဦးလုဝေ(ပုလောမြို့) အသက်(၄၉)နှစ်

**အသင်းဝင်အမှတ်-၆၁၉၃**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁) ရပ်ကွက်၊ ရှုမဝလမ်းနေ ဒေါ်ကျင်ဝမ်း၏ခင်ပွန်းသည် ၂၃-၃-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၇ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## အနိစ္စ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစိန်ဝင်း (၈၃)နှစ်

**ရုံးအုပ်ကြီး(ငြိမ်း) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အမှတ် (၉၃)၊ လေးလွှာ(ဘီ)၊ ဗိုလ်သူရလမ်းနေ (ဦးတွမ်ကြုံ-ဒေါ်စောလှ)တို့၏သား၊ ဦးဆန်းအေး-ဒေါ်ခင်ခင်ညိုတို့၏ဘကြီး၊ ဦးမြင့်သိန်း(ခ)ဦးဂွန်-ဒေါ်ခင်ခင်ချို၊ ဦးကျော်မြင့်-ဒေါ်ယဉ်ယဉ်ပိုတို့၏ဖခင်၊ မြေး ၁၇ယောက်တို့၏အဘိုး၊ မြစ်ငါးယောက်တို့၏ဘိုးဘိုး ဦးစိန်ဝင်းသည် ၂၄-၃-၂၀၁၇ (သောကြာနေ့) နံနက် ၇း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [၃၀-၃-၂၀၁၇ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စန်း (၈၁)နှစ်

**ကျိုက်ကော်-မော်လမြိုင်**

သုဝဏ္ဏဝတီမြို့နေ (ဦးလွန်းမောင်-ဒေါ်အေးငွေ)တို့၏သမီး၊ ကော့ကရိတ်မြို့နေ (ဦးစိန္တာ-ဒေါ်စိန်)တို့၏သမီးချွေးမ၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်၊ ဇေယျာမြိုင်ရပ်ကွက်နေ [ဒု-ဗိုလ်မှူးကြီး ကျော်ငြိမ်း(ငြိမ်း)]၏ဇနီး၊ ဒေါ်မြသီတာဦး(အထက-၉၊ မော်လမြိုင်)၊ ဦးတင်မိုးကျော်(ISM) -ဒေါ်ညိုမီကျော် (အား/ကာ သိပ္ပံ)၊ ဦးတင်ဝင်းကျော်-ဒေါ်ရီလျက်၊ ဒေါက်တာဝင့်ပပကျော် (တွဲဖက်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်)၊ ခွန်ကျော်ကျော်ထက် ($5^{th}$ E.P, T.U မော်လမြိုင်)တို့၏ချစ်လှစွာသောမိခင်၊ ဗိုလ်လောင်းဉာဏ်မင်းထက် (တတိယနှစ်၊ D.S.T.A)၊ မောင်ကျော်နေသက် [$3^{rd}$ MB,I.M.(1)]၊ မောင်ကျော်နေအောင် ($1^{st}$ MB,IM-1)၊ မဝင့်ရည်ဖြိုးကျော်(G.S၊ အထက-၉၊ မော်လမြိုင်)တို့၏ချစ်လှစွာသောအဘွား ဒေါ်ခင်စန်းသည် ၂၅-၃-၂၀၁၇ (စနေနေ့) နံနက် ၅း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ် ဒါယကာကြီး

## ဦးသန့်ဇင် (၆၃)နှစ်

**OTS(၆၀)၊ သူရတပ်ခွဲ**

**BE (Mechanical) (1979)**

**General Manager of FISCA Co., Ltd**

မော်ဘီမြို့၊ ဆပ်သွားတောကျေးရွာနေ (ရဲအုပ်ကြီးခင်မောင်အေး-ဒေါ်ကြည်ကြည်အေး)တို့၏သား၊ (ဗိုလ်မှူးလှအောင်-ဒေါ်ရီရီသော်)တို့၏ သားသမက်၊ ဦးတင်ဝင်း-ဒေါ်အေးအေးသန့်တို့၏ ညီ/မောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးကြီး ဝင်းဇော်(ငြိမ်း)-ဒေါ်အေးအေးဝင်း၊ ဦးစောဦးလွင်-ဒေါ်အေးအေးစိုး(ကထိက၊ ပညာရေးတက္ကသိုလ်-ငြိမ်း)၊ ဒေါ်အေးအေးမိုး (ကျောင်းအုပ်ဆရာမကြီး၊ မူ/လွန်၊ ဆပ်သွားတော)၊ ဒုရဲမှူးမိုးစိန် (တပ်ဖွဲ့-၄၅၊ ရန်ကုန်လေဆိပ်)-(ဒေါ်အေးအေးနှင်း)၊ ဦးညဏ်ထွန်း-ဒေါ်အေးယုယုထွေးတို့၏အစ်ကို၊ အမှတ် (၉)၊ ဆပ်သွားတောကျေးရွာ၊ မော်ဘီမြို့နေ ဒေါ်ခင်ဌေးရီ (မူ/ပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်နိုင်ထွန်း (လက်ထောက်မန်နေဂျာ)-မနှင်းသဇင်ဦး (ငယ်/ယာ-၃၊ လမ်းဦးစီးဌာန၊ မင်္ဂလာဒုံ)၊ ကိုရဲရင့်ဌေး-မခင်သန္တာထွေးတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မအိရွှေဇင်မှူး၊ ကိုသန့်နိုင်ထွန်း၊ မသီရိနိုင်ထွန်းတို့၏ ချစ်လှစွာသောအဘိုးသည် ၂၅-၃-၂၀၁၇ (စနေနေ့) နံနက် ၆း၃၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ဆပ်သွားတောသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၁၇ (သောကြာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တစန္ဒာဝရ (ကံမ) သိက္ခာတော် (၅၅)ဝါ၊ သက်တော် (၇၅)နှစ်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ကုန်းသောင်ကျေးရွာနေ (ဦးဘသက်-ဒေါ်သိန်းညွန့်)တို့၏သားတော်၊ ရန်ကုန်မြို့၊ လမ်းမတော် မြို့နယ်၊ ရတနာကေသီကျောင်း၊ သရက်တောတိုက်၌ သီတင်းသုံးနေထိုင်သော ဘဒ္ဒန္တစန္ဒာဝရသည် (၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်) ၂၄-၃-၂၀၁၇ (သောကြာနေ့) နံနက် ၁၀း၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်) ၂၈-၃-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပြီး အထက်ပါကျောင်းတိုက်တွင် ဆွမ်းကျွေးအနုမောဒနာတရားတော်နာ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။ (ရတနာကေသီကျောင်းမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ဆရာတော်နှင့်တပည့်ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဆရာတော် ဘဒ္ဒန္တခေမိန္ဒ သိက္ခာတော် (၃၅)ဝါ၊ သက်တော် (၇၃)နှစ်

နေပြည်တော်၊ တပ်ကုန်းမြို့၊ ရွှေကြက်တောင်တောရကျောင်း၌ သီတင်းသုံးတော်မူသော ဆရာတော် ဘဒ္ဒန္တခေမိန္ဒသည် (၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ရက်) ည ၁၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၉-၃-၂၀၁၇ ရက် ညနေ ၃နာရီတွင် အဂ္ဂိစျာပနကို ဆင်ယင်ကျင်းပသွားမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအပ်ပါသည်။

ရွှေကြက်တောင်

ပဓာန နာယက ဆရာတော်ဘုရားကြီး

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## Hj မိုဟမ္မဒ်မတ်စတန်(မ်) (ခ) ဟာဂျီဦးဘသန်း အသက် (၉၀)

**စစ်ကိုင်းတိုင်းဒေသကြီး မြန်မာမွတ်စလင်မ်အမျိုးသားရေးရာအဖွဲ့ခွဲဥက္ကဋ္ဌ**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မင်းလမ်းရပ်၊ ထူပါရုံလမ်းနေ တက်နေဝန်းပရဆေးနှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း ဟာဂျီဦးမြင့်ဦးသန်း-ဟာဂျီမဒေါ်နွယ်နီဦး၊ ဟာဂျီဦးမြင့်သန်း-ဟာဂျီမဒေါ်မာလာသန်း(မြသန်း ပုံနှိပ်တိုက်)၊ ဦးမြင့်ထူးသန်းတို့၏မွေးသဖခင်၊ ကိုဝေထွန်းဦး၊ မနှင်းပွင့်ဖြူ မဇွန်ပွင့်ဖြူတို့၏အဘိုး၊ ဟာဂျီမဒေါ်ခင်မာသန်း၏ချစ်လှစွာသောခင်ပွန်းသည် ၂၄-၃-၂၀၁၇ (သောကြာနေ့) ည ၉း၄၂နာရီတွင် အလ္လာဟ်သျှင်မြတ်၏အမိန့်တော်ခံယူသွားပါသဖြင့် ၂၅-၃-၂၀၁၇(စနေနေ့) မွန်းလွဲ ၁နာရီတွင် ဇိုဟိုရ်နမာဇ်အပြီး အထက်ပါနေအိမ်မှ တင်းတိပ်ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းစော(ပန်းတနော်) (၈၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ဇီဇဝါလမ်းမကြီး၊ (၂)ဈေး၊ အမှတ်(၉၈၇)နေ ဦးမြင့်အေး၏ဇနီး၊ ဦးတင်ယု-ဒေါ်ခင်မျိုးသန့် (ဝိမုတ္တိသက်န်းတိုက်)၊ ဒေါ်ခင်ခင်နု(၂/ဈေး၊ ဇီဇဝါစတိုး)၊ ဦးအောင်သူ-ဒေါ်ခင်ချိုဝင်း၊ ဒေါ်တင်တင်နု၊ ဦးမြင့်လွင်-ဒေါ်တင်တင်နွဲ့တို့၏မွေးသမိခင်သည် ၂၄-၃-၂၀၁၇ (သောကြာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း၊ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## PI DAR ZIIK (၇၅)နှစ်

ချင်းပြည်နယ်၊ ဖလမ်းမြို့နေ (PuKap Ling-Pi Len Cer)တို့၏သမီး၊ (Pu Sui Ling)-Pi Nu Sungတို့၏ညီမ၊ (Pi Sang Thlia)-Robert Siang Lian၊ (Pu Sang Kio)-Pi Sui Par တို့၏အစ်မ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၁၁)နေ Pu Cin Khen Zam(ကျေးလက်ကျန်းမာရေးမှူး-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ Nu Niang Lun Cing(မစဘ-သဃ်န်းကျွန်း)-(Pa Thawng Khan Mang-လမ်းစဉ်လူငယ်ဗဟိုကော်မတီဝင်ဟောင်း)၊ Nu Neih Kim Lian (မူကြိုကျောင်းအုပ်ကြီး-တီးတိန်မြို့)-Pa Zam Cin Mang (မစဘ-ငြိမ်း)၊ Pa Kham Lian Pau (USA)-Nu Niang Ngaih Lun(USA)၊ Nu Sui Lian Zing (သမဦးစီး၊ကျောက်တံတား)-Pa Khup Khan Mung၊ Nu Lian Za Man(BA,His)-Pa Thang Khan Do (ကုန်သည်)၊ Rev.Lal Sang Lian (Asso:Pastor,Word of Hope)-Rev. Dr.Suan Za Pau (အထွေထွေအတွင်းရေးမှူး၊ AG GC ရုံးချုပ် & Senior Pastor,Word of Hope)၊ Nu HauLian Vung (မစဘ၊ ကချင်ပြည်နယ်ရုံး)-Rev. Agu Phong Shane(EBI ၊ မြစ်ကြီးနားမြို့)၊ Nu Len Sung Chin (Singapore)-Pa Thang Lam Tuang (Singapore)တို့၏မွေးသမိခင်၊ မြေး ၂၆ ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၄-၃-၂၀၁၇ (သောကြာနေ့) နံနက် ၁း၂၂ နာရီတွင် SSC ဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၃-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်၊ ဧမာနွေလဘုရားကျောင်း၊ TBC-Y ဘုရားကျောင်း၊ စမ်းချောင်း၊ လှိုင်သီရိအိမ်ရာ၊ ဖူကျင်းစားသောက်ဆိုင်ရှေ့၊ ပိတောက်ကွေ့ယုဇနဥယျာဉ်မြို့တော်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုစိုးလတ်ဝင်း အသက် (၄၁)နှစ်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၆၁×၆၂ကြား၊ အောင်ဇေယျလမ်းနှင့် ဘုရင့်နောင်လမ်းကြား၊ အမှတ် (တတ-၁၄/၅၆)နေ ဦးသန်းဝင်း(မြန်မာနိုင်ငံရဲတပ်ဖွဲ့-ငြိမ်း)-ဒေါ်နှင်းရီတို့၏ သားငယ်၊ ဦးဉာဏ်ရင်-ဒေါ်အမာကြည်တို့၏သားသမက်၊ ဒေါ်ခင်ထားမူ၏တူ၊ ဦးစိုးမြတ်ဝင်း၊ ဒုရဲမှူးအောင်မြင့်ဦး (အမှတ်-၁၁၂၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု-ရွှေဘို)-ဒေါ်လဲ့လဲ့ဝင်း၊ ဦးမင်းမင်းဦး (မန်နေဂျာ၊ NTT အထပ်သားစက်ရုံ၊ ဟူမ္မလင်း)-ဒေါ်တိုးတိုးဝင်းတို့၏ ညီ/မောင်၊ မချောစုဝေ(အထက်တန်းရှေ့နေ)၏အစ်ကို၊ တူ/တူမခုနစ်ယောက်တို့၏ဦးလေး၊ မအေးအေးဝင်း(ခ)မခိုင် ၏ ချစ်လှစွာသောခင်ပွန်း၊ မခိုင်စုဝေ၊ မစုနဒီတို့၏ဖခင်သည် ၂၄-၃-၂၀၁၇ (သောကြာနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ပညာရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၇ ရက် သတင်းစာတွင် ပါရှိမည်**

ပညာရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၇ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။ (ကြေးမုံ)




# လူမှုစီးပွားဘဝ မြင့်မားလာစေမည့် ပန်ဇင်းချောင်းတံတား ဘူးသီးတောင်မြို့နယ်၌ ဖွင့်လှစ်

**မောင်တော မတ် ၂၅**

နိုင်ငံတော်အစိုးရသစ်၏ ပထမတစ်နှစ်တာကာလအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်ရည်ရွယ်၍ လမ်း၊တံတားနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ပန်ဇင်းချောင်းတံတားသည်လည်း အပါအဝင်ဖြစ်ကြောင်း၊ ယခင်က လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော ရခိုင်ပြည်နယ်အား အခြားသောတိုင်းဒေသကြီး/ပြည်နယ်များ နည်းတူ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်းပြီး လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပန်ဇင်းချောင်းတံတားသစ် ဖွင့်ပွဲအခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

ကြေးမုံ

ထူးခြားသတင်း

စာ - ၁၆၊ ၁၇



မြန်မာအမျိုးသမီးအသင်းတွင် ရွေးချယ်ခံရသည့် ဂိုးသမား မြဖူးငုံ။

# မြန်မာအမျိုးသမီးအသင်း

## အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ပြင်ဆင်

**ရန်ကုန် မတ် ၂၅**

မြန်မာအမျိုးသမီးအသင်းသည် အာရှဖလား အမျိုးသမီးခြေစစ်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားပြိုင်ပွဲတွင် သုံးကြိမ်ဆက်ယှဉ်ပြိုင်ခွင့်ရရန် ခြေစစ်ပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေသည်။

မြန်မာအသင်းယှဉ်ပြိုင်မည့် ခြေစစ်ပွဲအုပ်စု (ဃ) ပွဲစဉ်များကို ဧပြီ ၃ ရက်မှ ၁၁ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်၊ အီရန်၊ ဆီးရီးယား၊ စင်ကာပူတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ယင်းအတွက်ကြောင့် မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ရန် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေသည်။ မြန်မာအသင်းသည်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪

**အခြေခံပညာအဆင့် ဘက်စုံပညာ ထူးချွန် ရွေးချယ်ခံရသူများ ကြေညာ**

စာမျက်နှာ - ၁၁

**ရွှေပြည်နန်း သနပ်ခါး**

"လိမ်းလို့လွယ်ကာ နေဒဏ်ကာ၊ ညနဲ့မနက် လုံးဝမပျက်၊ ရွှေပြည်နန်းရဲ့ထူးခြားချက်"

ကျွန်တော်က ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနရဲ့ အင်ဂျင်နီယာဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ကျွန်တော်တို့တာဝန် တွေက သောင်စုံသဲပူပူ၊နေပူပူ၊လေကြမ်းကြမ်းတွေနဲ့တော့ ရှောင်လွှဲလို့မရပါဘူး။ အလုပ်ဝင်ပြီးသိပ်မကြာခင်မှာပဲ ကျွန်တော် တို့ဝန်ထမ်းသစ်တွေမှာ နေလောင်ဒဏ်ကြောင့် အသားတွေမည်းကုန်ပါတယ်။ ကျွန်တော်အရင်က Peeling Cream တွေ Whitening Cream တွေအမြဲသုံးခဲ့တော့ ခုလိုနေဒဏ်ခံရတဲ့အခါမှာ တစ်ခြားသူတွေထက်ပိုသိသာပါတယ်။ နေပူထဲမှာနေတဲ့ အခါ မျက်နှာ၊နားရွက်နဲ့လည်ပင်းတွေမှာ နီရဲလာပြီး ညနေအလုပ်ပြီးလို့ မျက်နှာသစ်တဲ့အခါ အသားအရေတွေက ညိုညစ်ညစ်ဖြစ်နေပါတယ်။လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းတစ်ယောက်ကတော့ အရေပြားပါးသူဖြစ်တဲ့အတွက် အရေပြားတွေခြောက်၊ အရေအကြောင်းတွေထင်ပြီး ဆားဝက်ခြံတွေထွက်လာပါတယ်။ ရုံးကအန်တီကြီးတစ်ယောက်က ကျွန်တော်တို့အတွက် ကျောက်ပျဉ်တွေ၊သနပ်ခါးတုံးတွေ ဝယ်လာပေးပါတယ်။ သနပ်ခါးသွေးရတာပျင်းတာကြောင့် လိမ်းတစ်ရက်၊ မလိမ်းတစ်ရက် ဆိုတော့ ထိရောက်မှုမရှိလှပါဘူး။ နောက်မှအရာရှိကြီးတစ်ဦးရဲ့ဇနီးက အကြံပေးသောကြောင့် **ရွှေပြည်နန်းရှင်မတောင်သနပ်ခါး နဲ့ သဘာဝအသားဖြူသနပ်ခါး** ကိုဝယ်လိမ်းဖြစ်ပါတယ်။ နေပူထဲထွက်သည့်အခါ ရွှေပြည်နန်းရှင်မတောင်သနပ်ခါး ကိုထူထူလေးလိမ်းပြီး အကျီလက်ရှည်ဝတ် ဦးထုပ်ဆောင်းထားလိုက်ပါတယ်။ အလုပ်ပြီးလို့ မျက်နှာသစ်လိုက်တဲ့အခါ မျက်နှာမှာနေဒဏ်ကြောင့် ညိုမည်းနေတာမျိုးမဖြစ်တော့ဘဲ ကြည်လင်နေပါတယ်။ညဘက်အိပ်ယာဝင်ခါနီးမှာတော့ သဘာဝ အသားဖြူသနပ်ခါးကို ခပ်ကျဲကျဲလေးလိမ်းအိပ်ပါတယ်။ တဖြည်းဖြည်းနဲ့ အသားပြန်ဖြူလာပါတယ်။ အခုဆိုရင်နေပူထဲထွက် ခါနီးတိုင်းသူငယ်ချင်းတွေက ကျွန်တော့်အခန်းကိုစုလာပြီး ရွှေပြည်နန်းသနပ်ခါးလိမ်းကြပါတယ်။ သုံးရလွယ်ကူတဲ့ရွှေပြည်နန်း ကြောင့် ကျောက်ပျဉ်တွေ သနပ်ခါးတုံးတွေလည်း မလိုတော့ပါဘူး။ Peeling Cream တွေ Whitening Cream တွေလည်း မဝယ်ရတော့လို့ အကုန်ကျလည်း သက်သာသွားပါတယ်။ မြန်မာ့သနပ်ခါးကို နိုင်ငံခြားတိုင်းပြည်တွေကတောင် နှစ်သက်လာပြီး ဆုတံဆိပ်တွေ ချီးမြှင့်ခြင်းခံခဲ့ရတဲ့အတွက် **ရွှေပြည်နန်းက နိုင်ငံဂုဏ်ဆောင်နိုင်ခဲ့ပါပြီ။**



ဦးကိုကိုနိုင်
(ဒု-ဦးစီးမှူး)

ဦးကိုကိုနိုင်(ဒု-ဦးစီးမှူး)၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ပြည်စရိုင်ရုံး၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်း။



ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်သန်းသန်းအေး(ဌာနခွဲစာရေး)၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ပြည်စရိုင်ရုံး၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်း။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် (အမှတ်-၅၃၁ (B)၊ မိုးကုတ်လမ်းသွယ်၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့)သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

မတ် ၂၆၊ ၂၀၁၇ (တနင်္ဂနွေနေ့)


ဝတ္ထုတို

# အမှားတစ်ခု၏ နောက်ဆက်တွဲ စာမျက်နှာများ


## မောင်ထွန်း(မိုးခိုင်ကြီး)




(၁)

"ကိုင်း . . နေလည်းစောင်းပြီ၊ ဆံချဖို့ပြင်တော့"

ကျောင်းထိုင်ဆရာတော်ကြီး၏ အသံပင်။ ကျွန်တော် ဆံချမည့်ပိတ်ဖြူကို အဖေနှင့်အဘွားက ကိုင်ပေး၏။ ညီလေးကို ညီမလေးနှင့် အဖေ့ညီမ ဒေါ်လေးခိုင်တို့ ကိုင်ပေးကြသည်။

ဤအချိန်သည် အားလုံးကြည်နူးဝမ်းမြောက်စွာ ကုသိုလ်ပြုရမည့် အချိန်ကောင်းဖြစ်သော်လည်း အားလုံး ရင်ထဲ သောကများ လွှမ်းမိုးထားသလိုပင်။ မျက်နှာများမှာ ညှိုးနွမ်းနေဆဲ။ အထူးသဖြင့် အဖေ မျည်ရည်များပင် မျက်ဝန်းအိမ်အတွင်း ပြည့်လျှံနေ၏။

ကျွန်တော် ခေါင်းကို နည်းနည်းမော့ခွင့်ရသောအခါ မြင်လိုက်ရသော မြင်ကွင်းကြောင့် ရင်ထဲ ဆို့နင့်သွား၏။ ရှိုက်သံမထွက်အောင် မနည်းထိန်းထားရသည်။

အုတ်နံရံဘေးကနေ ဆံချနေသည်ကို ချောင်းကြည့်နေသော အမေ။ ပါးစပ်ကို လက်ဖြင့်အုပ်ကာ ရှိုက်ကြီး တငင်ငိုနေရှာသည်။ အသားအရေကလည်း မွဲခြောက်နေ၏။ ဆေးရုံမှာတွေ့စဉ်က ယခုလောက်အခြေအနေ မဆိုးသေးပေ။ အမေ့ကို မည်သူမျှမတွေ့လိုက်ချေ။

ဆံချပြီး အမေ့ကို တွေ့သည့်နေရာသို့ ကျွန်တော် အပြေးသွားလိုက်သည်။ အမေ့ကို မတွေ့တော့ပေ။ ကျောင်းဝင်း အတွင်း လိုက်ရှာသော်လည်း အမေ့အစအနပင်မတွေ့ရ။

'အမေရယ်'ဟု စိတ်ထဲကသာ အကြိမ်ကြိမ် တမ်းတနေမိပါတော့သည်။

နောက်တစ်နေ့မနက် သိမ်တက်ချိန်တွင် အမေ့ကို တွေ့လိုတွေ့ငြား ရှာမိသေးသည်။ မတွေ့မိပေ။ သိမ်ဆင်းချိန် ကြည့်လိုက်သည့်အခါ အလှမ်းဝေးဝေး ခရေပင်ဘေးမှာ အမေ ရပ်ပြီးကြည့်နေရှာသည်။

(၂)

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ရဟန်းဘဝသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ သင်္ကြန်အတွင်း ရိပ်သာမှာ ရဟန်းဝတ်ကြသည့် လူများမှာ မနည်းလှပေ။ မိသားစု ပြည့်ပြည့်စုံစုံနှင့် ပျော်ရွှင်နေကြသည်ပင်။ သို့သော်လည်း ကျွန်တော်တို့ မိသားစုမှာ ထိုသို့မဟုတ်ပေ။ သောကတွေရင်မှာပိုက်ပြီး လူကြားထဲ မျက်နှာရဲရဲ မမော့ရဲအောင်ဖြစ်ခဲ့ရသည်။

ကျွန်တော်တို့မိသားစုသည် အဖေ့၏ ကြိုးစားလုပ်ကိုင်မှုကြောင့် လူချမ်းသာစာရင်းမဝင်ခဲ့သော်လည်း လူတန်းစေ့တော့ နေထိုင်နိုင်ခဲ့သည်။ ကျွန်တော်နှင့်ညီလေးကလည်း ကျောင်းထွက်ပြီး အဖေ့လုပ်ငန်းတွေကို ကူညီလုပ်ကိုင်ပေးခဲ့၏။

အဖေက အမေ့ကို ဘာအလုပ်မှမခိုင်းပေ။ ကျွန်တော်တို့ကလည်း မလုပ်ဖို့ပြောတာကြောင့် အမေက အိမ်မှာသာနေရသည်။ ညီမလေးကတော့ တက္ကသိုလ်ကျောင်းသူကြီးပင်ဖြစ်နေပြီ။ မိသားစုတွေစုံတိုင်း အဘွားပြောလေ့ရှိသော စကားလေးကို အမှတ်ရသေးသည်။

'ငါ့သားနဲ့ ငါ့ချွေးမက သားအဖတွေကျနေတာပဲ'

ပြောပြီး အဘွားက ရယ်စရာလုပ်ကာ ရယ်နေတတ်သည်။ အဘွားပြောသည်မှာလည်း မမှားချေ။

အမေက နုပျိုနေသော်လည်း အလုပ်ကြမ်းလုပ်ရသော အဖေ့မှာ အသက်လေးဆယ်ကျော်လောက်နှင့် အရွယ်ကျကာ အဘိုးအိုပုံပေါက်နေလေသည်။ မိသားစု စုံလင်စွာ ပျော်ရွှင်နေသော အခြေအနေပျက်စီးစေမည့် ကံကြမ္မာက ရှေ့မှာရှိနေသည်ကို မည်သူမျှ မသိရှာပေ။ ယနေ့အထိလည်း ထိုမြင်ကွင်းကြီးက ရွံစရာ၊ ရှက်စရာ၊ နာကြည်းစရာ၊ မုန်းတီးစရာ တစ်ခုအဖြစ်ရှိနေဆဲ။

(၃)

ညီလေးနှင့် ကျွန်တော်က မြို့ထဲက အဖေ့စတိုးဆိုင်တွင် ဦးစီးလုပ်ရသည်။ အဖေက အိမ်မှာမရှိပေ။ လိမ္မော်ခြံကို သွားနေ၏။ ညမှပြန်ရောက်မည်ဖြစ်သည်။ ပုံမှန်ဆိုလျှင် ကျွန်တော်က အိမ်သို့ ည ၉ နာရီပြန်နေကျ။ ထိုနေ့မှ ခေါင်းကိုက်၍ နေ့လယ်ခင်းကတည်းက အိမ်ပြန်သွားခဲ့သည်။

အိမ်ရောက်သည်နှင့် အောက်ထပ် ဧည့်ခန်းတွင် ကျွန်တော်ထိုင်နေလိုက်သည်။ ညီမလေးကလည်း ကျောင်းပြန်သွားပြီ။ အဘွားကလည်း ဒေါ်လေးခိုင် အိမ်မှာသွားနေရန် မနေ့ကတည်းက ထွက်သွားသည်။ ခေါင်းတွေကလည်း တအားကိုက်နေ၏။ အမေ့ကိုခေါ်ကြည့်သေးသည်။ ပြန်ထူးသံမကြားရပေ။ ပိုက်ဆံကလည်း မယူလာမိချေ။ အမေအိပ်နေသည်ဟုထင်ကာ အပေါ်ထပ် အမေ့အခန်းသို့ ပိုက်ဆံတောင်းရန် တက်လာခဲ့သည်။ အခန်းတံခါး နည်းနည်းဟထားသောကြောင့် တွန်းဖွင့်ပြီး အမေဟု ခေါ်လိုက်၏။

အမေအိပ်မနေပါ။ မြင်လိုက်ရသည့် မြင်ကွင်းက ကျွန်တော် နှုတ်ကိုဆွံ့အစေခဲ့သည့်အပြင် ကျောက်ရုပ်တစ်ခုသဖွယ် ဖြစ်သွား၏။ ကျွန်တော် သတိဝင်လာသည်နှင့် အောက်သို့ပြေးဆင်းခဲ့လေသည်။ ရင်ထဲမှာလည်း ပူလောင်နေ၏။ ခေါင်းကိုက်နေသည်မှာလည်း ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်၏။ သို့သော်လည်း မျက်ဝန်းအိမ်ထဲ မျက်ရည်ဝဲလျက် နှုတ်မှလည်း "လုပ်ရက်လိုက်တာ အမေရယ်" ဟူ၍ အကြိမ်ကြိမ် တီးတိုးရေရွတ်နေမိဆဲ။ ကျွန်တော် အိမ်ထဲပြန်ဝင်ရန် ခြေတွန့်နေမိသည်။ အမေ့မျက်နှာကို ကျွန်တော် ဘယ်လို ကြည့်ရမလဲ။ အဖေပြန်လာလျှင် အဖေ့ကို ပြောသင့်သလား။ ပြောလိုက်လျှင် အဖေ ဘယ်လောက်ထိခံစားရမလဲ။ အမေနှင့်အဖေ ဘာတွေဆက် ဖြစ်ကြမလဲ။ တွေးရင်းနှင့်ပင် ခေါင်းကပူထူလာ၏။

(၄)

'အစ်ကိုကြီးကိုလိုက်ရှာနေတာ၊ ဒီမှာ ဘာလုပ်နေတာလဲ၊ အိမ်မှာ ညီမလေး တစ်ယောက်ထဲ၊ အမေက အိမ်ဘေးနားက ကိုမောင်မြင့်နဲ့ လိုင်းကားပေါ်တက်သွားတာတွေ့တယ်။ ဘယ်သွားတာလဲအစ်ကိုကြီး' ညီလေးစကားကြောင့် ကျွန်တော်တစ်ကိုယ်လုံး တုန်ခါယိမ်းယိုင်သွား၏။ မိုက်ခနဲဖြစ်သွားသောခေါင်းကို လက်နှစ်ဖက်ဖြင့် ဖိကိုင်လိုက်သည်။ ယိမ်းယိုင်သွားသော ကျွန်တော့်ကို ညီလေးက ထိန်းထားလိုက်၏။

'အစ်ကိုကြီး ဘာဖြစ်တာလဲ၊ ခေါင်းကိုက်တာ မသက်သာဘူးလား' ကျွန်တော် ညီလေးကို ပြောလို့မဖြစ်ပေ။ ညီလေးက မွေးရာပါ နှလုံးရောဂါရှိ၏။ ကျွန်တော် အဆင်ပြေအောင် ကြည့်ပြောဖို့သာ ရှိတော့သည်။

'သက်သာပါတယ်၊ အမေသွားစရာရှိလို့ဖြစ်မှာပေါ့ ညီလေး၊ လာအိမ်ပြန်မယ်' အိမ်ရောက်သည်နှင့် အဖေ့ကို တွေ့လိုက်ရတော့ ကျွန်တော် ထိတ်လန့်သွားသည်။ အဖေ့မျက်နှာမှာ မျက်ရည်စတွေနှင့်။ ညီမလေးကလည်းငိုနေ၏။ ညီလေးက အဖေနှင့်ညီမလေးဆီပြေးသွားပြီး 'အဖေနဲ့ ညီမလေး ဘာလို့ငိုနေတာလဲ၊ အဖေဘာလို့ ငိုနေတာလဲ၊ ပြောပါ' ညီလေးက အဖေ့လက်ကိုကိုင်ပြီး အသည်းအသန် မေးနေလေသည်။ အဖေ့ဆီက စကားသံထွက်မလာ။ ညီမလေးကလည်း မဖြေ။ ညီလေး ကျွန်တော့်ဆီပြေးလာပြီး 'အစ်ကိုကြီး ဘာတွေဖြစ်နေတာလဲ၊ သိရင် ပြောပြပါ' ကျွန်တော်လည်း မဖြေရက်ပေ။

'သားငယ် မင်းအမေ မောင်မြင့်နဲ့လိုက်ပြေးသွားပြီ၊ အစကတည်းက အဖေရိပ်မိနေတာ၊ အဖေနောက်ဆုတ်ဖို့ တားနေရင်းနဲ့ မင်းအမေ ခွေးဇာတ်ခင်းသွားတာ' အဖေ့စကားကြားလိုက်သည်နှင့် ညီလေးလဲကျသွား၏။ ကျွန်တော် ညီလေးကို ထိန်းထားလိုက်ရသည်။ မျက်ရည်များ စီးကျလို့နေသည်။

ပတ်ဝန်းကျင်တွင်လည်း အမေ ဖောက်ပြန်သော သတင်းက ပျံ့နှံ့နေ၏။ ကျွန်တော်တို့ မိသားစုမျက်နှာ မပြရဲအောင် ရှက်နေခဲ့သည်။ မလိုအပ်လျှင် အိမ်ထဲကပင် မထွက်တော့ပေ။ ညီမလေးလည်း ရှက်လို့ ကျောင်းပင် မတက်ရဲတော့ပေ။ ညီလေးလည်း ရောဂါပြန်ထပြီး အိပ်ရာထဲ လဲနေ၏။

(၅)

နှစ်လဟူသော အချိန်သည် သိပ်မကြာလိုက်ပေ။ အမေ့၏ ဖောက်ပြန်မှုက ကျွန်တော်တို့ကို အရိပ်မည်းကြီး သဖွယ်စိုးမိုးနေဆဲ။ ပတ်ဝန်းကျင်က နည်းနည်းငြိမ်လာသော်လည်း ကျွန်တော်တို့မိသားစုရင်ထဲမှာတော့ နာကျင်ခံစားနေရဆဲပင်။ အဖေ့၏ တိုက်တွန်းမှုကြောင့် ကျွန်တော်တို့ ညီအစ်ကို သင်္ကြန်ရိပ်သာအတွင်းမှာ ရဟန်းဘောင်တက်ရန် လိုအပ်သည်များကို ပြင်ဆင်ပြီး ဆရာတော်ကျောင်းကို ထွက်လာခဲ့၏။

'ညီမောင်ရယ် နင့်တူက ကြိုက်စရာလူရှားလို့လား၊ ခင်လေးသမီးကိုမှ သွားကြိုက်ရတယ်လို့ သမီးက အမေထက် နှစ်ဆသာနေရင်တော့ နင့်တူ နွားလုံးလုံးဖြစ်ပြီပေါ့၊ အပျော်သဘောကြိုက်မှာဆိုရင်တော့ ပြဿနာမရှိဘူး'

ဒေါ်တုတ် သူ့ယောကျ်ားကို ပြောနေသည့်အသံက လမ်းမှ အတိုင်းသားကြားနေရသည်။ ကျွန်တော်ဒေါသ ထွက်သွားသော်လည်း ကြိတ်မှိတ်ခံနေရ၏။ သူတို့ ပြောနေသောစကားကို ညီလေးက ရောဂါအရှိန်ကြောင့် ခံနိုင်ရည်မရှိဘဲ သတိလစ်သွား၏။ အဖေနှင့် ကျွန်တော် ညီလေးကို ဆေးရုံသို့ ကားငှားပြီး အမြန်ပို့လိုက်သည်။

'စိုးရိမ်စရာတော့ မရှိတော့ပါဘူး၊ သူသတိရလာပြီ၊ နှလုံးရောဂါအခံကလည်းရှိနေတော့ စိတ်တအားထိခိုက်ပြီး သတိလစ်သွားတာပါ' ဆရာဝန် စကားကြောင့် ကျွန်တော် နှင့်အဖေ စိတ်အေးသွား၏။

'သန့်ဇင်၊ သန့်ဇင် မင်းအမေ အောက်မှာ ရောက်နေတယ်၊ မင်းညီလေးကို တွေ့ချင်လို့တဲ့' ပျာပျာသလဲ လာပြောသော အောင်ဇော့်အသံကြောင့် အဖေနှင့် ကျွန်တော် အောက်ဆင်းသွားလိုက်သည်။ ဆေးရုံအပေါက်မှာ ညီမလေးပါရောက်နေ၏။ အမေ့ဆီကို ညီမလေး ဦးတည်သွားနေ၏။ ကျွန်တော်နှင့်အဖေလည်း အမေ့ဆီသို့ အပြေးအလွှား သွားလိုက်သည်။ အမေ ငိုနေ၏။ အဖေ့ကိုမြင်တော့ 'သားလေး အခြေအနေ ဘယ်လိုလဲဟင် ကိုမြ၊ စိုးရိမ်ရလား၊ ကျွန်မသားလေးကို တွေ့ချင်လိုက်တာ တွေ့ခွင့်ပေးပါနော်' အမေငိုယိုပြီး တောင်းပန်နေရှာသည်။

'သားငယ် မင်းကိုမြင်ရင် ရောဂါအခြေအနေက ပိုးဆိုးလာလိမ့်မယ်၊ မင်းပြန်ပါတော့ခင်လေး' 'ဟုတ်တယ်၊ အမေလုပ်ခဲ့တဲ့အမှားကြောင့် သမီးတောင်ကျောင်းက သူငယ်ချင်းတွေရှေ့မျက်နှာမပြရဲတော့ဘူး၊ ကျောင်းထွက်လိုက်ရတယ်၊ ခုလည်း ကိုလတ်ကို သေစေချင်လို့ လာတွေ့တာလား၊ အမေ ပြန်ပါတော့' 'သမီး အဲလိုမပြောရဘူးလေ၊ ဘာပဲဖြစ်ဖြစ် သူက သမီးအမေပဲ၊ ငရဲကြီးလိမ့်မယ်' 'အမေ့မှာသာ မိခင် စိတ်ရှိရင် အခုလိုလုပ်မှာမဟုတ်ဘူး။ အဖေ' 'သမီး တော်တော့မပြောနဲ့တော့၊ ခင်လေး မင်းလည်း သမီးကို ငရဲမပေးပါနဲ့တော့၊ 'မင်းပြန်ပါတော့ကွာ' ကျွန်တော် အမေထွက်သွားသည်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေမိ၏။ သို့သော်လည်း ကျွန်တော့်နှုတ်က အမေလို့ ခေါ်ဖို့ ဆွံ့အနေခဲ့သည်။

(၆)

တစ်ရက်တစ်ရက်နှင့် လူထွက်မည့်နေသို့ ရောက်လာ၏။ အဖေနှင့်ညီမလေးက အဝတ်အစားယူလာပေးသည်။ ညီလေးက တစ်သက်လုံးဝတ်မည်ဟု ဆိုကာ လူမထွက်တော့ပေ။ ကျွန်တော်ကတော့ ရဟန်းသိက္ခာချလို့ လူ့ဘဝပင် ပြန်ရောက်ခဲ့ပြီ။ အချိန်သည် ညနေပိုင်းဖြစ်၏။

ကျွန်တော် ညီလေးကို လှမ်းကြည့်ပြီး 'အရှင်ဘုရားက တကယ်ပဲ တစ်သက်လုံး ရဟန်းဘဝနဲ့နေတော့မှာလား ဘုရား' 'တကယ်ပေါ့ ဒကာလေးရဲ့ ဦးဇင်းက ညာပါ့မလား၊ ပြီးတော့'ဟု ဆိုကာ ညီလေး အဖေ့ဘက်ကို လှမ်းကြည့်လိုက်၏။ ညီလေးမျက်နှာမှာ ကြည်ကြည်လင်လင်နှင့် ပြုံးရွှင်လို့ပင်။ ကြည်ညိုစရာကောင်းလောက်အောင် မျက်နှာလေးက အေးချမ်းနေသည်။

'ဒကာကြီးတို့ အားလုံးကို ဦးဇင်းပြစရာရှိတယ်၊ လိုက်ခဲ့ကြ' ဟုပြောပြီး ရှေ့ကထသွားလေသည်။ တစ်နေရာ အရောက်မှာ တံမြက်စည်းလှည်းနေသော သီလရှင်တစ်ပါးကို လက်ညှိုးထိုးပြကာ 'ဒီ ဆရာလေးရဲ့ ဘွဲ့က ဒေါ်ခေမာတဲ့၊ ဘယ်သူလဲ သေချာကြည့်ပါဦး'

ကျွန်တော်နှင့်အတူ အဖေရောညီမလေးပါ အံ့အားသင့်သွားသည်။ အမေဟု ကျွန်တော်နှင့် ညီမလေး ပြိုင်တူခေါ်လိုက်မိ၏။ အမေက ပြုံးနေ၏။ ကျွန်တော်လည်း မျက်ရည်စတွေနှင့် အမေ့ကိုပြုံး၍ ကြည့်နေမိသည်။ ဝမ်းသာသောမျက်ရည်လား၊ ဝမ်းနည်းသော မျက်ရည်လား ဝေခွဲမရခင် ကျွန်တော် မျက်နှာကိုမော့ပြီး မျက်ရည်သုတ်လိုက်၏။ ထိုစဉ် ယောဂီဆောင်ပြတင်းပေါက်မှ ကျွန်တော်တို့ မိသားစုလေးကို အဘွားကလည်း ပြုံး၍ ကြည့်နေလေသည်။ ကျွန်တော့်ရင်ထဲက နာကျင်မှုများကလည်း အေးချမ်းသော အမေ့အပြုံးအောက်တွင် ပြေပျောက်သွားသလိုပင်။ အဖေနှင့် ညီမလေးလည်း ကျွန်တော်နှင့် ထပ်တူဖြစ်နေလိမ့်မည်ဟု ယုံကြည်နေမိသည်။


မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

## မေနွယ်စိုး(မြန်မာစာ)

# အနားတစ်ခုလိုနေသော တြိဂံ

တရှုတ်ရှုတ်ငိုရှိုက်နေသော တပည့်မလေးကိုကြည့်မိရင်း ကျွန်မပါ ဝမ်းနည်းမိသလို ခံစားလိုက်ရသည်။ ယနေ့မှစ၍ စာမေးပွဲဆိုင်ရာ အလုပ်တာဝန်ပြီးဆုံးပြီး နွေကျောင်းပိတ်ပြီဖြစ်သောကြောင့် ကျွန်မတို့အိမ်ပြန်ရပေတော့မည်။ ကျွန်မတာဝန်ကျနေသည့် အလယ်တန်းကျောင်း(ခွဲ)လေးမှ ပြန်ခါနီးတွင် ကျောင်းသားကျောင်းသူများက လာရောက်နှုတ်ဆက်ကြခြင်းပင်။ ကျောင်းသား ကျောင်းသူများထဲတွင်မှ ငိုရှိုက်နေသော တပည့်မလေးအဖြစ်က သနားစရာကောင်းလွန်းလှသည်။ သူသည် အဋ္ဌမတန်းဖြေဆိုထားပြီး ကျောင်းစာတွင် ထူးချွန်မှုရှိသော ကျောင်းသူတစ်ဦးဖြစ်၏။ စာကြိုးစားမှုရှိသလို လိမ္မာရေးခြားလည်း ရှိပါသည်။ သို့သော် မိဘများက စီးပွားရေးကျပ်တည်းလှသည်။ ဒုတိယနှစ်ဝက်ဆုံးစာမေးပွဲမဖြေခင် တစ်လအလိုကပင် မိဘများကကျောင်းထုတ်သွားခဲ့သဖြင့် ကျွန်မတို့ဆရာဆရာမများက မိဘများကိုမနည်းနားချ၍ အဋ္ဌမတန်းစာမေးပွဲဖြေဆိုရန်လုံးပန်းပေးခဲ့ရ၏။

ရွာလေးတွင် အလယ်တန်းကျောင်း(ခွဲ)သာရှိသဖြင့် အဋ္ဌမတန်းအထိသာ အတန်းအကြီးဆုံးရှိပါသည်။ အဋ္ဌမတန်းအောင်မြင်ပြီး အထက်တန်းပညာကို ဆက်လက်သင်ကြားလိုပါက ရွာနှင့် ၁၀ မိုင်ကျော်ဝေးသော ကျောင်းသို့ ပြောင်းရွှေ့ရမည်ဖြစ်သည်။ မိဘများကစီးပွားရေးအခြေအနေကို အကြောင်းပြ၍ ဆက်မထားနိုင်မည့်အတူ အဋ္ဌမတန်းပင် မဖြေဆိုစေလိုကြတော့။ ကျွန်မတို့အနေဖြင့်မူ စာတော်၍လိမ္မာရေးခြားရှိသော ကျောင်းသူတစ်ဦးကို ကျောင်းပြင်ပလူမှုပတ်ဝန်းကျင်တွင် ကျင်လည်ရမည့်အဖြစ်ကိုလက်မခံချင်။ နဝမတန်းဆက်တက်လိုလျှင် ပရဟိတကုသိုလ်ရှင်များနှင့် ချိတ်ဆက်ပေးမည်ဟုမိဘများကိုနားချသော်လည်းလက်မခံကြ။ ကလေးကို စရိတ်ငြိမ်းကျပ်ခုနစ်သောင်းခွဲဖြင့် သူတို့ဆွေမျိုး၏ ကုန်စုံဆိုင်သို့အလုပ်လုပ်ခိုင်းရန် စီစဉ်ပြီးသားပင်ဖြစ်နေလေပြီ။ ကျွန်မတို့ ဆရာဆရာမငါးဦးက ကလေးကိုကျောင်းဆက်ထားရန် ပရဟိတကုသိုလ်ရှင်နှင့် ချိတ်ဆက်ပေးပါမည်။ ကလေးကိုအလုပ်မခိုင်းပါနှင့်။ ကလေး၏လုပ်အားခုနစ်သောင်းကို ကျွန်မတို့ငါးဦးက လစဉ်ပေးပါမည်ဟု ညှိနှိုင်းသည့်တိုင် မိဘများကလက်မခံကြ။ အားနာပါသည် သူတို့ကိုနားလည်ပေးပါဟုသာ တွင်တွင်ဆိုနေကြ၏။ မည်သို့ပင်ဆိုစေကာမူ အခက်အခဲကြားမှ ကလေးငယ်ကို အဋ္ဌမတန်းစာမေးပွဲဖြေဆိုနိုင်ရန် ကူညီနိုင်ခဲ့ပြီဖြစ်သဖြင့် အတိုင်းအတာတစ်ခုအထိတော့ကျေနပ်မိပါသည်။

"ဆရာမ သမီးလည်းသန်ဘက်ခါအလုပ်ဆင်းရတော့မယ်။ လစာနှစ်လစာကြိုပေးလိုက်ပြီတဲ့"

တပည့်မလေး၏ စကားသံတုန်တုန်ရီရီကိုနားထောင်ပေးရင်း "အေးပါသမီးရယ် ကိုယ်သည်အထက်တန်းကျောင်းသူတစ်ယောက်ဖြစ်တော့မယ်ဆိုတဲ့ ကျောင်းသူစိတ်လေးမပျောက်စေနဲ့။ နွေရာသီမှာ မိဘကိုတစ်ဖက်တစ်လမ်းက ကူညီပေးတယ်လို့ သဘောထား။ ဆရာမတို့လည်း သမီးမိဘတွေကိုနားလည်အောင် ရှင်းပြဖို့ကြိုးစားဦးမှာပါ"ဟု နှစ်သိမ့်လိုက်ရပါသည်။ နှစ်လစာပဲ ကြိုထုတ်လာခဲ့သည်ဆိုတော့ မိဘဖြစ်သူတို့သည် ကျောင်းဖွင့်ချိန်တွင် သမီးဖြစ်သူကို ကျောင်းပြန်ထားရန် မျှော်လင့်ချက်ခပ်ရေးရေးထားသည်ဟု ကျွန်မထင်မိသည်။ မည်သို့ပင်ဖြစ်စေရင်ထဲတွင် ပြောပြချင်နေသည့် ကိုယ့်အကြောင်းကို ကျောင်းသူ၏မိဘများအား ယခုပင်သွားရောက်တွေ့ဆုံရင်းပြောပြမည်ဟု ဆုံးဖြတ်လိုက်သည်။

တပည့်လေးအိမ်ရောက်တော့ တပည့်လေး၏မိဘများ ရေနွေးသောက်ရင်း စကားစမြည်ပြောနေကြသည်ကိုအဆင်သင့် တွေ့ရသည်။ တပည့်လေး၏ဖခင်က "သမီးကလည်းကွာ ကျောင်းနေချင်တဲ့အကြောင်း ဆရာမတွေ သွားပူဆာနေပြန်ပြီလား။ မရဘူးနော် အဖေ့ကို စိတ်မကောင်းဖြစ်အောင်မလုပ်နဲ့။ ရှစ်တန်းဖြေချင်တယ်ဆိုလို့ဖြေခိုင်းပြီးပြီပဲ။ ကိုယ့်အိမ်အခြေအနေလည်းအဖေပြောထားရဲ့ သားနဲ့"ဟူ၍ သမီးကိုပြောသလိုလိုနှင့်ကျွန်မကိုပါ အသိပေးသည့်အပြောစပြောပါသည်။ ကျွန်မက "ဦးလေးရေ ပြန်ခါနီးကျွန်မတပည့်လေးငိုနေတာကို တွေ့တော့စိတ်မကောင်းလွန်းလို့ပါ။ ကလေးကိုကျောင်းဆက်ထားဖို့လေးတော့ စဉ်းစားပေးပါဦးလို့လာပြောပြတာပါ" ဟုကျွန်မကပြောသောအခါ

"ထားချင်ပါတယ်ဆရာမရယ်။ တောင်သူကသီးနှံမရ မွေးမြူရေးဘက်ကလည်း ပွားသမျှလေးရောင်းချစားလို့ကုန် အဆင်မပြေမှုတွေများလို့ပါ ဆရာမရယ်"ဟု တပည့်လေး၏ဖခင်က ပြန်ပြောပြပါသည်။

"ဘေးအိမ်ကသူနဲ့ ရွယ်တူတွေဆိုရင် အခုဆိုကုန်စုံဆိုင်မှာ တစ်လတစ်သိန်း စရိတ်ငြိမ်းရတယ်လေ။ သူ့သာကျောင်းဆက်ထားနေရလို့ စီးပွားရေးလည်းအဆင်မပြေတော့ ဦးနှောက်ခြောက်ရလွန်းလို့ပါ ဆရာမရယ်" ဟု တပည့်လေး၏မိခင်ကဝင်ပြောသဖြင့် "အဒေါ်ရယ် အဒေါ်တို့စီးပွားရေးမရှိတာကမှ မြေတွေယာတွေနွားတွေဝက်တွေနဲ့ အိမ်ပိုင်ဝိုင်းပိုင်တွေပါ။ ကျွန်မမိဘတွေဆိုရင် ကျွန်မရှစ်တန်းအထိ အိမ်ပိုင်ဝိုင်းပိုင်မရှိသေးပါဘူး။ ကျွန်မဆယ်တန်းနှစ်မှအိမ်ဝိုင်းပိုင်တာပါ။ ဟိုးအရင်အိမ်ဝိုင်းလေးတုန်းက ကျွန်မနှစ်တန်းကျောင်းသူဘဝကတည်းက အမေနဲ့ကျွန်မကျန်းမာရေးမကောင်းတာနဲ့ဘဲ ဆေးကုစရိတ်နဲ့ကုန်ပါလေရော။ ရွာနဲ့မိုင်ရာချီဝေးတဲ့ တောရွာလေးဆီရွှေ့ပြောင်းပြီး သစ်ခုတ်ဝါးခုတ်လက်လုပ်လက်စားလုပ်ကိုင်နေရတာပါ။ သူများအိမ်ဝိုင်းအလွတ်ထဲမှာတဲထိုးနေခဲ့ရဖူးတဲ့ဘဝပါ။ ဒါပေမယ့် ကျွန်မမိဘတွေကကျွန်မကို ကျောင်းထုတ်ဖို့ဘယ်တုန်းကမှမပြောဖူးဘူး။ မိဘတွေနဲ့ မိုင်ရာချီခွဲခွာနေရတာဟာ ဘဝရည်မှန်းချက်အောင်မြင်မှုအတွက်ပဲဆိုတဲ့စိတ်နဲ့ အားငယ်မနေဖို့ဆုံးမတယ်။ အထက်တန်းကျောင်းနားနီးတဲ့ အဖေ့ညီမအိမ်မှာနေပြီး အထက်တန်းပညာကို ပြီးအောင်သင်စေခဲ့တယ်။ အဖေတို့အမေတို့က အဝေးကနေ လိုတာကိုကြိုးစားထောက်ပံ့တယ်။ ဆယ်တန်းအောင်ပြီးမှ ဝန်ထမ်းဘဝနဲ့တက္ကသိုလ်ဆက်တက်ခိုင်းတယ်။ ကျွန်မရှစ်တန်းနှစ်လောက်ကအဖေနဲ့ သူ့အစ်မနဲ့စကားများခဲ့ဖူးတယ်။ သမီးလုပ်သူခိုင်းစားရမယ့်အရွယ်ရောက်နေပြီ။ ကိုယ့်လည်းစီးပွားရေးကောင်းတာ မဟုတ်ဘဲ ကျောင်းထားလို့တဲ့။ အဖေကအဖေ့အစ်မကိုကျွန်မရှေ့မှာပဲပြန်ပြောတယ်။ ကျုပ်သမီးကိုဘယ်တော့မှအညွန့်ချိုးစကားမပြောနဲ့တဲ့။

အဒေါ်ရေ နွေကျောင်းပိတ်ရက်တွေလည်းရှိပါသေးတယ်။ ကလေးအတွက်စဉ်းစားပေးကြပါဦး။ ကျွန်မမိဘတွေတောင် ကျွန်မကို ဘွဲ့ရအလုပ်အကိုင်ရတဲ့အထိ ပျိုးထောင်ပေးခဲ့တာပဲ။ အဒေါ်တို့ကကျွန်မမိဘတွေလောက် စီးပွားရေးအခြေအနေမဆိုးပါဘူး၊ ကျွန်မပြန်ပါဦးမယ်ရှင် ပြောပြရင်းပြန်လာခဲ့ပါတော့သည်။

အပြန်လမ်းတစ်လျှောက်လုံး တပည့်လေး၏ မျက်နှာကို တရေးရေးမြင်မိရင်း စိတ်မကောင်းဖြစ်ရပါသည်။ အခမဲ့ကျောင်းစရိတ်များ၊ ကျောင်းထောက်ပံ့ကြေးများ ပညာရေးပရဟိတများဖြင့် ဖွံ့ဖြိုးလျက်ရှိသော ယနေ့ခေတ်ခါမျိုးတွင် အမှန်တကယ်ချို့တဲ့သော်လည်း ပညာသင်လိုစိတ်ရှိသူများအတွက် အခွင့်အလမ်းများစွာရှိပါသည်။ ကျွန်မတို့လုပ်ဖော်ကိုင်ဖက်များကလည်း စိတ်တူကိုယ်တူဖြင့် တပည့်လေးအတွက် ကြိုးစားစွမ်းဆောင်ပေးပါဦးမည်။ ပညာရေး၊ ကျန်းမာရေးအပေါ် ရင်းနှီးမြှုပ်နှံမှုသည် လူ့အရင်းအမြစ်ဖွံ့ဖြိုးစေရန် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်ဟု တက္ကသိုလ်ဝင်တန်း ဘောဂဗေဒဘာသာရပ်တွင် ဖတ်ရှုခဲ့ရဖူးပါသည်။ ထိုအကြောင်းအရာများကို တပည့်လေး၏ မိဘများကိုထပ်မံရှင်းပြရပေဦးမည်။

ပညာရေးတြိဂံတွင် အနားသုံးနား၊ ထောင့်သုံးထောင့်ရှိပါသည်။ အနားတစ်ခုချင်းစီသည် မိဘ၊ ဆရာနှင့် ကျောင်းသားတို့ကို ကိုယ်စားပြုပါ၏။ ယခုအဖြစ်အပျက်တွင် ကျောင်းသားနှင့် ဆရာ အနားနှစ်နားဖြင့် တည်ဆောက်ထားနိုင်ခဲ့ပေပြီ။ မိဘဟူသောအနားတစ်နားကတော့ ကျန်ရှိနေပါသေး၏။ ကျောင်းသားနှင့် ဆရာအနားနှစ်နားပေါင်းမိသော်လည်း ထောင့်တစ်ထောင့်သာရရှိပါသေးသည်။မိဘဟူသော အနားတစ်နားထပ်မံပါဝင်မှသာ ထောင့်နှစ်ထောင့်တိုးလာကာ တြိဂံအင်္ဂါရပ်နှင့်ပြည့်စုံနိုင်ပါပေ၏။ မိဘ၊ ဆရာကျောင်းသားတို့၏ ပေါင်းစည်းမှုတွင်တစ်ဖက်လစ်ဟင်းသည်နှင့် နှစ်ထောင့်လစ်ဟာတတ်သည်ကို သတိပြုရပေမည်။ နောက်လာမည့်စာသင်နှစ်တွင် ထိုတြိဂံလေးကို ဂုဏ်အင်္ဂါရပ်ပြည့်စုံအောင် ကြိုးပမ်းရပေဦးမည်။ ။

■

## ဒုံးအက

ဟိုရှေ့က တညံညံ
ဘာသံလို့မေး။
ဖားစည်သံ တဗုန်းဗုန်း
ဒုံးကတဲ့လေး။
ဒုံးအက ပွဲတော်မှာ
မေကရင် ကိုယ်ဟန်နွဲ့လို့ရယ်
ပြုံးတဲ့မျက်နှာ။
ဖားစည်က သံသာသာ
ညီညာတဲ့ အက။
ကိုကရင် ဖားစည်နက်လို့ရယ်
လက်ကမချ။
ဖားစည်သံ တဗုန်းဗုန်းရယ်တဲ့
ဒုံးအက တပျော်ပျော်။
အခွင့်သာ အခါကြုံခိုက်
နွဲလိုက်ပါ့နော်။
ယဉ်ကျေးတဲ့ ပွဲတော်မှာ
မော်ပါလို့ ပျော်မဆုံး။
ရှုတိုင်း တယဉ်ယဉ်နဲ့
ကြည့်တိုင်း တယဉ်ယဉ်နဲ့
မေကရင် ချစ်ဆွေသက်ရယ်
မျက်နှာကပြုံး။ ။

**မောင်လှနွယ်**

## သင်္ကြန်မိုး

ကြည်သာရှင်မြူး လတန်ခူးတွင်
မြူးသည့်လေပြည် တိုက်ခတ်လေ၍
နေခြည်ဖြာသန်း ကောင်းကင်နန်းမှာ
ညိုသန်းပြာစွယ် တိမ်ပန်းနွယ်တို့
ရွာမယ်(မည်)အုံ့စင် တိုင်းရှစ်ခွင်...။
သင်္ကြန်မိုးသခင် ရွာဖို့ပြင်။
နွေနေပူပြင်း အေးရိပ်ကင်း၍
လေပြင်းထက်မှာ ပူလှိုင်းဖြာလို့
မျှော်ကာတမ်းတ စောင့်စားကြသည်
ဖျန်းပါ့ သင်္ကြန်မိုး။
ကောင်းကင်ရပ်လွှာ မှိုင်းညို့လာသည့်
ညိုပြာရိပ်စိုး သင်္ကြန်မိုးကို
မျှော်ကိုး၍သာ တမ်းတပါလည်း
မျှော်သာမျှော်ရ ရွာမချ ...။
ဟိန်းဟောက်မာန်ချီ ရွာမည်မထင်
တိုင်းရှစ်ခွင်၌ ကြယ်စင်ဖြူဖွေး
လရောင်အေးဖြင့် သွေးသွေးလေရူး
ရှင်မြူးနေချိန် တိမ်ညွန့်တိမ်နွယ်
မည်းမည်းခြယ်ကာ ရွာချတော့သည်
လီလီမိုးဖွဲ သွန်းဖြိုးနွဲ့...။
သင်္ကြန်မိုးဖွဲ လေအေးစဲ...။
မျှော်ကြသူတို့ ပျော်ရွှင်ပွဲ။ ။

**ဝန်းလက်**



## မောင်တင်

နောက်ဆုံးနှစ် အပိုင်း(ခ)
တပ်မတော်ဆေးတက္ကသိုလ်။

# လေးစားကြရဝယ်

တစ်ယောက်ရဲ့အတွေးအမြင်ကို တစ်ယောက်ကို ဖွင့်ဟဆွေးနွေးတတ်သော အကျင့်ရှိသူများ ဖြစ်သည့်အတွက် ကျွန်တော်တို့ မိတ်ဆွေတစ်စု အားလပ်ချိန်မှာ စကားဝိုင်းလေးဖွဲ့ဖြစ်ပါသည်။ စကားဝိုင်းဟုဆိုသော်လည်း အပြင်မှာ လူချင်းတွေ့ဆုံပြောဆိုကြသည်မဟုတ်ပါ။ အင်တာနက်လိုင်းကိုသုံး၍ အွန်လိုင်းပေါ်တွင်ပဲ ဆွေးနွေးကြခြင်းဖြစ်ပါသည်။ ဒါသည်ကိုပဲ ခေတ်မီခြင်းလို့ ခေါ်မလား ကျွန်တော်တို့တွေ အတော်လေး ပြောဖြစ်ခဲ့ကြပါတယ်။ ဒီတစ်ခါမှာ ပြောဖြစ်ကြတာတော့ တစ်ယောက်ချင်းစီရဲ့လေးစားခြင်းကို ခံရသူတွေအကြောင်းပါ။ အဆိုပါပွဲမှာတော့ ကျွန်တော်က နားထောင်သူသက်သက် ဖြစ်ခဲ့ပါတယ်။

မိတ်ဆွေတစ်ယောက်က ဒီလိုပြောပါတယ်။ 'ကျွန်တော်ကတော့ဗျာ လူတိုင်းကို မလေးစားတတ်ဘူး။ ကျွန်တော်လေးစားတဲ့သူရယ် ကျွန်တော်ရှုတ်ချတဲ့သူရယ်ဆိုပြီး သတ်သတ်စီရှိတယ်။ နောက်ပြီး ကျွန်တော်က တစ်ခါလေးစားမိပြီဆို အမြဲလေးစားပြီးသားပဲ။ တစ်ခါလောက် ကျွန်တော်သဘောမကျတာတွေ့လို့ ရှုတ်ချမိရင်လည်း ဘယ်တော့မှ မလေးစားတော့ဘူး'လို့ ပြောပါတယ်။

နောက်တစ်ဦးကတော့ 'ကျွန်တော်ကတော့ အဲလို မဟုတ်ဘူးခင်ဗျ။ ကိုယ့်ထက်တော်တဲ့တတ်တဲ့သူဆို လေးစားလိုက်တာပဲ။ ဘယ်သူရယ်ဘယ်ဝါရယ် မခွဲဘူးဗျ။ နောက်တစ်ခုက ကျွန်တော် ရှုတ်ချမိတဲ့သူဆိုတာလည်း အတော်နည်းသဗျာ။ မကောင်းမှုကို ကျူးလွန်ကြသူတွေကိုပဲ ကျွန်တော်က ရှုတ်ချတတ်တာ'လို့ ပြောပါတယ်။

မိတ်ဆွေ နောက်တစ်ယောက်ကတော့ ဒီလိုပြောလေရဲ့။ 'ကျွန်တော်အရင်တုန်းကတော့ ခင်ဗျားတို့ နှစ်ယောက်လိုပါပဲဗျာ။ ဒါပေမယ့် အခုတော့ပြောင်းသွားပြီခင်ဗျ။ အရင်တုန်းက ကျွန်တော်တစ်ယောက်ယောက်ကို လေးစားမိ၊ သဘောကျမိပြီဆိုရင် သူ့မကောင်းကြောင်းလာပြောတာတောင်မှ လက်မခံနိုင်၊ လက်မခံချင်ဘူးဗျာ။ ရှုတ်ချမိပြီဆိုလည်း နောင်ဆို ဟင့်အင်း လုပ်ခဲ့တာဗျ။ အခုဒီလိုမဟုတ်တော့ဘူးဗျာ။ အခုတော့ ကျွန်တော်လေးစားရတဲ့သူတွေ မကောင်းကြောင်းလာပြောလည်း လက်ခံတယ်ဗျာ။ လူဆိုတာ အမှားနဲ့ ဘယ်ကင်းနိုင်မလဲ မဟုတ်လား။ သူတစ်ယောက်လုံးကို တစ်နည်းအားဖြင့် သူပြုသမျှကို လေးစားတာထက်ကောင်းကွက်တွေကိုပဲရှာလေးစားတတ်၊ သဘောကျတတ်လာတယ်ဗျာ။ ရှုတ်ချလိုက်ရင်လည်း ဒီလိုပဲ။ ကျွန်တော်ပြောခဲ့သလိုပဲ အမှားမကင်းကြသူတွေ ပီပီ ဘဝတစ်လျှောက်လုံး အမှားတွေဆိုတာ သေးသေးကြီးကြီး ကျွန်တော်တို့လည်း ပြုမိကြတာပဲ မဟုတ်လား။ ဒဏ်ရာဗရပွနဲ့ပါဆိုသလိုပေါ့လေ။ ကောင်းကွက်တွေကိုရှာလေးစားယူတတ်လာပြီး ဆိုးကွက်တွေကို ရှုတ်ချရှောင်ဖယ်တတ်လာတယ်ဗျာ။ အမှားတွေ၊ အမှန်တွေထဲက သင်ခန်းစာယူတယ်ဆိုတာ အမြတ်ပဲမဟုတ်လား' လို့ ပြောပါတယ်။

သူတို့တွေ ပြောဆိုနေကြတာတွေ တွေ့ရတော့ ဖတ်ခဲ့ဖူးသော၊ ကြားနာခဲ့ရဖူးသော ဗုဒ္ဓချမှတ်ထားခဲ့တဲ့ စံနှုန်းတွေကို သတိရမိပါတယ်။ ကံ၊ ကံ၏အကျိုးကို ယုံကြည်လက်ခံကြတဲ့ ဗုဒ္ဓဘာသာဝင်များအတွက် ဒုစရိုက်(၁၀)ပါး ဆိုတာ ရှိပါတယ်။ အဲဒါတွေကတော့ ကာယဒုစရိုက် (၃)ပါး၊ ဝစီဒုစရိုက် (၄)ပါး၊ မနောဒုစရိုက် (၃)ပါးတို့ဖြစ်ပါတယ်။ ဒါတွေကိုလုပ်ရင် အကုသိုလ်ဖြစ်တယ်ပေါ့လေ။ ထို့အတူပဲ သုစရိုက် (၁၀)ပါးဆိုတာလည်း ရှိပါတယ်။ သုစရိုက်တွေကို ပြုသူဟာ ကုသိုလ်ဖြစ်တယ်ပေါ့ဗျာ။ သုစရိုက်တွေကို ဆောင်နိုင်တဲ့သူ၊ ဒုစရိုက်တွေကို ရှောင်နိုင်တဲ့သူတွေကို သူတော်ကောင်းတွေလို့ သတ်မှတ်ရမှာပါ။ တစ်နည်းအားဖြင့် ထိုသူတွေပြုသောအမှု၊ ပြောသောစကား၊ တွေးသောအတွေးများကလည်း လေးစားစရာတွေပဲဖြစ်နေမယ်ထင်ပါတယ်။

ဒီလိုနဲ့ ဘယ်သူတွေကို လေးစားကြရမလဲဆိုတဲ့ စကားဝိုင်းကနေ ဘယ်လိုလူတွေဟာ လေးစားစရာလူတွေလဲ၊ လေးစားဖွယ်သူတွေဆိုတာ ဘယ်လိုပြောဆို၊ ပြုမူ၊ ကျင့်ကြံကြသလဲ ဆိုတာကို ဗုဒ္ဓချမှတ်ထားခဲ့တဲ့ စံနှုန်းတွေနဲ့ တိုက်ဆိုင်ကြည့်ပြီး ကိုယ်ကိုယ်တိုင်လည်း လေးစားလောက်ဖွယ်လူဖြစ်အောင် တစ်နည်းအားဖြင့် ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး လေးစားနေရအောင် သတိလေးထားပြီး ပြောဆို၊ ပြုမူ၊ ကျင့်ကြံမှုပဲဆိုတာကို တွေးမိနေပါတော့တယ်။ ။

ဝတ္ထုတို

# လူ့အလိုနှင့် ခေတ်မီအလှတရား



အေးမြတ်မြတ်ဖြိုး (ကံမ)

ဒီနေ့ မြတ်တို့ ကျောင်းပိတ်ရက်။ တစ်ပတ်လုံး ပင်ပန်းနေတဲ့ အမေ့ကို နားခိုင်းဦးမှ၊ မနက်ပိုင်း ထမင်းဟင်းချက်၊ အိမ်သန့်ရှင်းရေးလုပ်ပြီးရင် နေ့လယ်ဘက်တော့ ရွှေရည်တို့ဆိုင် သွားဦးမှဖြစ်မယ်။

ရွှေရည်ဆိုတာက မြတ်တို့ကျောင်းအုပ်ရဲ့ ညီမအငယ်ဆုံး။

ဈေးနီး ကျောင်းနီးတဲ့ မြတ်တို့လမ်းထိပ်မှာ ``Royal Princess´´ဆိုတဲ့နာမည်နဲ့ အလှပြင်ဆိုင် လာဖွင့်ထားတာ သုံးလကျော်လောက်ရှိပြီလေ။

မြတ် ကျောင်းသွား ကျောင်းပြန်၊ ဈေးသွားဈေးပြန် သူ့ဆိုင်ရှေ့ကဖြတ်တိုင်း ခမျာလေးက လှမ်းလှမ်း နှုတ်ဆက်ရှာတယ်။

ရွှေရည်က အသက်လေးလည်းငယ် ရုပ်ကလေးကလည်းချော ဆက်ဆံရေးကလည်းကောင်း၊ အလုပ်အပေါ် လည်း စေတနာထား၊ လက်ရာလေးကလည်းကောင်းဆိုတော့ သူ့ဆိုင်ကို အားပေးသူများတယ်။ ခဏအတွင်း နာမည်ရပြီး လူစည်လာတာမြင်ရတော့ မြတ် တစ်ယောက် မုဒိတာပွားရသေးတယ်။ မြတ် ကိုယ်တိုင်ကတော့ အချိန်မရတာက တစ်ကြောင်း၊ ကောက်တာ ဖြောင့်တာ အလှပြင်တာတွေ ဝါသနာမပါတာကတစ်ကြောင်းကြောင့် သူ့ဆိုင်ကို အခုထိ အားမပေးဖြစ်သေးလို့ အားနာနေခဲ့တာ။

မြတ်က အလှပြင်တာ ဝါသနာမပါဘူးဆိုပေမယ့် အလှပြင်ဆိုင်တွေကို တစ်ခါမှမသွားဖူးဘူးတာတော့ မဟုတ်ပါဘူးလေ။ စိတ်မအားလူမအား ခေါင်းရှုပ်တဲ့အခါမျိုးမှာဆို ဆိုင်သွားပြီး အေးအေးဆေးဆေး ခေါင်းလျှော်ခံတတ်ပါတယ်။ အိမ်မှာ ကိုယ့်ဘာသာလျှော်လည်းရပေမယ့် ဆိုင်မှာက ဇိမ်ကျတယ်လေ။ ဒါပေမယ့် ဆိုင်တိုင်းတော့ ဇိမ်ကျတာ မဟုတ်ဘူးရယ်။

ရွှေရည့်ဆိုင်ရောက်ပြီ။ ခုမှ ဆိုင်ကို သေချာကြည့်မိတယ်။ ဆိုင်ရှေ့မှာ အလှပန်းအိုးလေးတွေနဲ့ ရှင်းသန့်နေတာပဲ။ ဆိုင်အပြင်က သုတ်ထားတဲ့ဆေးက ပန်းနုရောင်၊ ပြာလွင်လွင် မှန်တံခါးလေးတွေက ဖွင့်လျက်သား၊ ဆိုင်အဝင်တံခါးဝမှာ အလှဆင်ထားတဲ့ ကန့်လန့်ကာ တိုးလိုးတွဲလောင်းလေးတွေကို အသာတွန်းဖယ်ရင်း ဆိုင်ထဲ လှမ်းဝင်လိုက်တော့ အသံလေးတွေက တချွမ်ချွမ်မြည်သွားပါတယ်။

အဒေါ်ကြီးတစ်ယောက်ကို ဆံပင်ညှပ်ပေးနေတဲ့ ရွှေရည်က လှည့်ကြည့်ရင်း ဝမ်းသာအားရလေသံနဲ့ ကြိုပါတယ်။

"ဟာ-တို့ မမမြတ် လာတယ်ဟေ့၊ လာ မမ ထိုင်ပါ ထိုင်ပါ ရွှေရည် ဘာလုပ်ပေးရမလဲ" ရွှေရည့်ကို ပြုံးပြလိုက်ပြီး မြတ် တစ်ဆိုင်လုံးကို ဝေ့ကြည့်လိုက်ပါတယ်။ ဆိုင်မှာ ရွှေရည်နဲ့အတူ သူ့ဝန်ထမ်းကောင်မလေးတွေက သုံးယောက်။ ရွှေရည့်လိုပဲ ဆံပင်ညှပ်နေတာက တစ်ယောက်၊ ခေါင်းလျှော်ပြီးတဲ့ ဆံပင်အစိုကို လေမှုတ်စက်နဲ့ မှုတ်ပေးနေတဲ့ သူတစ်ယောက်။ ခေါင်းလျှော်ပေးနေတဲ့သူက တစ်ယောက်။ ဆိုင်ရှိလူကုန် အလုပ်လုပ်နေပေမယ့် ဝန်ထမ်းနဲ့ ဧည့်သည်က မမျှ။ ထိုင်ခုံတွေမှာ မဂ္ဂဇင်းဖတ်ရင်း ဖုန်းပွတ်ရင်း အလှည့်ကျဖို့ စောင့်နေတဲ့ ဧည့်သည်ကလေးမလေးတွေကလည်း လေးငါးယောက်။

"မမမြတ်လည်း ခေါင်းလျှော်မယ် ညီမလေးရေ"

ဒါပေမယ့် အေးဆေးပါ စာဖတ်ရင်း စောင့်ပါ့မယ်။ တမင်သက်သက် အလည်မလာဖြစ်တဲ့ အတူတူ"

မြတ်က ဆိုဖာတစ်ခုထက် အသာအယာ ဝင်ထိုင်ရင်း ခပ်အေးအေးပြောလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ် မမမြတ်ရယ်" လူကျနေတော့ အားလည်းနာပါတယ်။ ဒီမှာ ခုလထုတ် ရွှေအမြုတေပါ မမ ဖတ်ရင်း ခဏလေးစောင့်ပေးနော်။ မမကို ရွှေရည်ကိုယ်တိုင် လျှော်ပေးမယ် သိလား"

"ဟုတ်ပါပြီတော်-ကဲ-လုပ်-လုပ်"

ရွှေရည် တရိုတသေ ကမ်းပေးတဲ့မဂ္ဂဇင်းစာအုပ်လေးကို လှမ်းယူပြီး ဖတ်တော့မလို့ စာအုပ်မျက်နှာဖုံးလေးကိုအဖွင့် မြတ်ရဲ့ဘေးကနေ အသံစူးစူးလေးထွက်လာပါတယ်"

> **တစ်ယောက်နဲ့တစ်ယောက် စိတ်ကောက်နေရင် ဖြောင့်ပေးနိုင်တဲ့စက်၊ တစ်ယောက်နဲ့တစ်ယောက်ကြား သံသယတွေရှိနေရင် အဲဒီသံသယတွေ အဝေးလွင့်သွားအောင် မှုတ်ထုတ်ပစ်နိုင်တဲ့စက်၊ ယှဉ်ပြိုင်မှုတွေနဲ့ အေးစက်နေတဲ့ နှလုံးသားတွေကို နွေးထွေးနီးကပ် ချစ်မြတ်နိုးစေတဲ့စက် စသဖြင့် စိတ်အလှကို ထာဝရခေတ်မီစေတဲ့ စက်မျိုး တီထွင်နိုင်ရင် သိပ်ကောင်းမှာပဲ။**

"သမီးက တစ်ခေါင်းလုံး ကောက်မှာနော် မကြီးရွှေရည်"

အသံထွက်လာတဲ့ဆီ မြတ် ယောင်ယမ်းလှည့်ကြည့်မိတော့ "အမလေး"ဖြစ်ရလေကလေးမရယ်" ဒီလောက် ဖြောင့်စင်းလှပနေတဲ့ ဆံပင်ကလေးတွေကို။ နက်မှောင်ပြီး ဝဲဖြာကျနေတာ လှပဲလှသေးရဲ့။ သူ့အစား မြတ်နှမြောနေမိပါတယ်။သူကတော့ ပေ့ါပေ့ါပါးပါးပြုံးရင်း ဆက်ပြောနေတုန်း-

"ဆံပင်အဖြောင့်နဲ့က တောရုပ်ပေါက်နေတယ် မကြီးရ"

"သမီး ဝတ်ချင်တဲ့ နားကွင်းအကြီးကြီးတွေနဲ့ဆိုရင် တစ်ခေါင်းလုံး ကောက်မှလိုက်မှာ"

အမလေးတော်- ဆံပင်အဖြောင့်က တောရုပ်ပေါက်သတဲ့လား။ မြတ်ရင်ထဲမှာ အာမေဋိတ်သံ ထွက်သွားပါတယ်။ ဒီကတော့ သူငယ်ချင်းတွေကြား ဂုဏ်ယူလိုက်ရတာ။ "လူတကာတွေ ငွေကုန်ခံ ဆံပင်ဖြောင့်တဲ့ခေတ်မှာ အမေက မြတ်ကို ဆံပင်အတွက် ပိုက်ဆံကုန်သက်သာအောင် မွေးပေးထားတာ" လို့။ မြတ်က ကိုယ့်ဆံပင်အဖြောင့်လေးတွေဆီ ပြန်စမ်းရင်း ရယ်ချင်သွားပါတယ်။

ရွှေရည်ကတော့ သူညှပ်ပေးလက်စ အဒေါ်ကြီးရဲ့ ဆံပင်အဖျားလေးတွေကို သေချာလက်စသတ် တိညှပ်ပေးနေရင်း

"အိုကေ ညလေး-စိတ်ချ-အလှဆုံး ကောက်ပေးမယ်"

"ဟိုက်လိုက်လေးရော ဖောက်ဦးမလား။ ညလေး ဘာရောင်ကြိုက်လဲ"တဲ့။ ချိုချိုသာသာ လှမ်းမေးပါတယ်။

ကောင်မလေးက သူ့ပါးဖောင်းဖောင်းလေးပေါ် လက်ညှိုးလေးအသာထောက်ပြီး မျက်လုံးကလေးမှေးကာ ခဏစဉ်းစားလိုက်ရင်း

"အင်း. . . မဟော်ဂနီမှာ အဖြူကျားလေး ဖောက်ပေး မကြီး"

"အမလေးတော်"

ဒီတစ်ခါ "အမလေးတော်"က မြတ်ရဲ့ အမလေးတော် မဟုတ်ပါ။ ရွှေရည် ဆံပင်ညှပ်ပေးနေတဲ့ အဒေါ်ကြီးဆီက ထွက်လာတဲ့ အာမေဋိတ်သံ။ အဒေါ်ကြီးက ကောင်မလေးကို သေချာလှည့်ကြည့်ပြီး

"သမီးရယ် ညည်းဆံပင်လေး ဒီလောက်နက်မှောင်ပြီး လှနေတာအေ။ ကောက်တာတော့ ကောက်ပါ အဖြူတော့ မကျားပါနဲ့လား။ အန်တီတို့အရွယ်ရောက်ရင် မဖြူချင်လည်း ဖြူရမှာ။ နက်နိုင်တုန်းကို နက်စမ်းပါစေကွယ်။ ကဲ-ကဲ-ရွှေရည်ရေ-ညှပ်ပြီးရင် အန်တီ့ကို တစ်လက်စတည်း ဆံပင်နက်ဆေးဆိုးပေးပါဦး"

ရွှေရည်ကိုပါ တစ်ခါတည်း ဆက်ပြောလိုက်ပါတယ်။ ရွှေရည်ကတော့ ဒီတစ်ယောက်ကို လည်း "အိုကေပါ အန်တီ။ ရွှေရည် သေချာ ရှိုင်းပေးမယ်နော်"တဲ့။

မြတ်လည်း စာအုပ်ဆီပြန်ပြီး အာရုံစိုက်လိုက်ပါတယ်။ ဒါပေမဲ့ ဝတ္ထုတိုတစ်ပုဒ်တောင် ဖတ်လို့မပြီးသေး။ ဆိုင်တံခါးအဝ ကန့်လန့်ကာရဲ့ ဖန်စီတွဲလောင်းလေးတွေဆီက ခြိုးခြိုးချွမ်ချွမ် အသံတွေနဲ့အတူ "မကြီးရွှေရည်-ဟား-တို့မကြီးဆိုင် လူတွေအပြည့်ပါလား"ဆိုတဲ့ ကောင်လေးတစ်သိုက်ရဲ့ တစ်ယောက်တစ်ပေါက် အသံဆူဆူကြောင့် အာရုံပျက်သွားပါတယ်။မော့ကြည့်လိုက်တော့ လမ်းထဲက ဖိုးသားတို့အဖွဲ့။ ပြီးခဲ့တဲ့နှစ်က ဆယ်တန်းအောင်သွားတဲ့ မြတ်တပည့်တွေ။ ဖိုးသားက မြတ်ကိုမြင်တော့ သွားကလေးဖြဲရင်း နှုတ်ဆက်ရှာပါတယ်။

"အဲ-တို့တီချယ်ပါလား။ ဆံပင်လာညှပ်တာလားတီချယ်"

"ခေါင်းလျှော်မလို့ပါကွာ။ မင်းတို့ ကရော"

"အဟီး-သားတို့ နားဖောက်မလို့ တီချယ်။ ဇာနည်ကတော့ ဆံပင်ဖြောင့်ချင်လို့တဲ့"

မြတ်မျက်လုံးအကြည့်တွေက ဇာနည့်ခေါင်းဆီ ရောက်သွားပါတယ်။ တစ်ခေါင်းလုံး ကောက်ကွေးနေတဲ့ မွေးရာပါ ဆံပင်လိမ်လိမ်လေးတွေကြောင့် သူငယ်ချင်းတွေက "ကပ္ပလီ" လို့ စနောက်ကြတဲ့ ဇာနည်။ ခုတော့လည်း သူကဖြောင့်ချင်ပြန်သတဲ့လေ။

ဒါပေမဲ့ ဆိုင်မှာ လူတအားကျနေတော့ နောက်နေ့မှ လာမယ့်အကြောင်း ရွှေရည်နဲ့ မြတ်ကို ပြောဆိုနှုတ်ဆက်ရင်း ကောင်လေးတစ်သိုက် ပြန်ထွက်သွားကြပါတယ်။

"လာ-မမ မြတ်-လျှော်ရအောင်လေ"

တက္ကသိုလ်ကျောင်းသား ချစ်တပည့်များကို ငေးနေမိတဲ့ မြတ်တစ်ယောက် ရွှေရည့် အသံကြားမှ သတိဝင်လာပါရော။ လက်ထဲက မဂ္ဂဇင်းစာအုပ်လေးကို ချထားခဲ့ကာ လျှော်ခုံပေါ် တက်ပြီး အသာလှဲလိုက်ပါတယ်။

"ရေစ လောင်းပြီနော် မမမြတ်"

ရွှေရည်က သတိပေးလိုက်ရင်း မြတ်ဆံပင်တွေဆီ ရေစလောင်းလိုက်ပါတယ်။ အချိန်ကြာကြာ ထိုင်စောင့်နေရလို့ပဲလား၊ အေးခနဲ ခံစားချက်နဲ့အတူ ဆံပင်ကို ညင်ညင်သာသာ ထိကိုင်နေတဲ့ ရွှေရည့်လက်တွေကြောင့်လားတော့မသိ၊ ခပ်သင်းသင်းမွှေးမြလာတဲ့ ရှန်ပူနံ့လေးတွေကြားမှာ မြတ်ရဲ့မျက်လုံးတွေ မှေးလာပါတော့တယ်။ မျက်လုံးတွေကို အလိုက်သင့်အသာမှိတ်ထားလိုက်မိပေမယ့် မြတ်ရဲ့အတွေးတွေကတော့ ပြေးလွှားလို့နေတုန်းပါ။

ဩော်- ဆံပင်-ဆံပင်။

ခေတ်မီပစ္စည်းတွေ၊ နည်းပညာတွေ တိုးတက်လာတော့ ဖြောင့်သူလည်း ကောက်လို့ရသလို၊ ကောက်သူလည်း ဖြောင့်ခွင့်ရနေပြီ။ ဖြူရာက နက်မလား။ နက်ရာက စိမ်းမလား။ ဝါချင်သေးလား။ ရွှေရောင် လုပ်ဦးမလား။ အကုန်ရတဲ့ခေတ်။ အရင်ခေတ်တုန်းကတော့ နိုင်ငံခြားသူလေးတွေသာ မျက်လုံးပြာပြာ ဆံပင်ဝါဝါ။

ခုခေတ်ကတော့ ဝါချင်ဆေးဆိုး၊ ပြာချင် မျက်ကပ်မှန် အပြာရောင်တပ်။ အတုအပ အားလုံးရနေပြီ။

ဆံပင် ဖြူ နီကြောင် ကျား နားကွင်း နားကပ် ဘောင်းဘီအကျပ်တွေနဲ့ "ကျား"လား "မ"လား ခွဲခြားမရအောင် အလှပြင်ကြတဲ့ ခေတ်မှာ မြတ်တို့တွေက ခေတ်မမီတော့။ အို-ရုပ်အလှက ခေတ်မမီရင်နေ၊ စိတ်ဓာတ်နဲ့ အတွေးအမြင်က ကောင်းတဲ့ဘက်မှာ ခေတ်မီနေရင် ပြီးတာပဲ။ မြတ်က ကိုယ့်ကိုယ်ကိုယ် ခပ်ဖော့ဖော့ အားပေးလိုက်ပါတယ်။ တစ်ဆက်တည်း တွေးမိတာက ရုပ်အလှပြင်သလို စိတ်အလှပြင်တဲ့စက်တွေ ပေါ်လာရင် သိပ်ကောင်းမှာပဲလို့။ အသားဖြူဆေးတော့ရှိပြီး စိတ်ဖြူဆေးကျ ဘာလို့မထုတ်နိုင်ပါလိမ့်။

တစ်ယောက်နဲ့ တစ်ယောက် စိတ်ကောက်နေရင် ဖြောင့်ပေးနိုင်တဲ့စက်၊ တစ်ယောက်နဲ့တစ်ယောက်ကြား သံသယတွေရှိနေရင် အဲဒီသံသယတွေ အဝေးလွင့်သွားအောင် မှုတ်ထုတ်ပစ်နိုင်တဲ့စက်၊ ယှဉ်ပြိုင်မှုတွေနဲ့ အေးစက်နေတဲ့ နှလုံးသားတွေကို နွေးထွေး နီးကပ် ချစ်မြတ်နိုးစေတဲ့ စက် စသဖြင့် စိတ်အလှကို ထာဝရ ခေတ်မီစေတဲ့ စက်မျိုး တီထွင်နိုင်ရင် သိပ်ကောင်းမှာပဲ။

"ပြီးသွားပြီ မမမြတ်ရေ။ အိပ်ပျော်သွားတာလား မမ၊ ဆံပင်လေးတွေ အကုန်ခြောက်သွားအောင် လေမှုတ်စက်နဲ့ မှုတ်လိုက်ပါရစေဦး"

လက်မောင်းတစ်ဖက်ကို ခပ်ဖွဖွ ဆုပ်ကိုင်လှုပ်ရမ်းရင်း နှိုးလာတဲ့ ရွှေရည်ကြောင့် အတွေးလွန်နေတဲ့ မြတ် လူးလဲထရင်း ကိုယ့်ဆံပင်ကိုယ် ပြန်စမ်းလိုက်မိပါတယ်။ ဟယ်-ဟုတ်ပ့ါ။ ပျော့ပျောင်းပြီး မွှေးကြိုင်နေပါလား။ သန့်ရှင်းတဲ့ ခံစားမှုကြောင့် စိတ်ရှုပ်တာတွေ ပျောက်ပြီး တစ်ခေါင်းလုံး ပေ့ါသွားတဲ့အပြင် ဆံနွယ်လေးတွေဆီက ခပ်သင်းသင်းပျံ့လာတဲ့ မွှေးရနံ့လေးတွေ။

အို့. . . မြတ်ရဲ့ စိတ်တွေလန်းဆန်းသွားတာပဲကွယ်။

ကျောပေါ် ဝဲဖြာကျနေတဲ့ သန့်သန့်ရှင်းရှင်း ဆံပင်ဖြောင့်ဖြောင့်လေးတွေက မှန်ကြည်ကြည်ထဲမှာ နက်မှောင်တောက်ပြောင်နေပါတယ်။ မှန်ထဲက ကိုယ့်ဆံပင်ကိုယ် စိတ်ကျေနပ်စွာ ငေးကြည့်ရင်း မြတ် ပြုံးလိုက်မိတယ် ထင်ပါရဲ့။ ရှက်ကိုးရှက်ကန်းနဲ့ ဘေးက ကောင်မလေးတွေဆီ မလုံမလဲ လှည့်ကြည့်လိုက်တော့ သူ့တို့အာရုံနဲ့သူတို့ ကိုယ်စီ အလုပ်ရှုပ်လို့။

တော်ပါသေးရဲ့။ တော်ကြာ "အမယ်-ဆရာမကလည်း ကြီးကောင်ကြီးမားနဲ့ လှချင်နေတုန်းပဲဟ"လို့ ကဲ့ရဲ့နေမှဖြင့်။

ဩော်-မြတ်တို့လည်း ကလေးတွေ စံပြအတုယူစရာဖြစ်အောင် စေတနာ ဝါသနာအပြည့်နဲ့ သိက္ခာတွေ ကိုယ်ကျင့်တရားတွေ စည်းကမ်းတွေကို ဦးထိပ်ပန်ဆင်နေရတဲ့ ဆရာမတွေ ဆိုပေမယ့် လူထဲက လူပဲမဟုတ်လား။ မေတ္တာတရား ဘယ်လောက်ထားပါတယ်ဆိုဆို။ ဒေါသ မောဟ မာန်မာနတွေ ရှိနေတုန်းပဲလေ။ အတ္တတွေ လောဘတွေလည်း အလုံးစုံ ဘယ်ကင်းစင်နိုင်ဦးမှာလဲ။

ကိုယ့်ထက်သာသူကို မုဒိတာ ပွားနိုင်ဖို့ ကြိုးစားရင်းက မနာလိုဝန်တိုတာမျိုးလည်း တစ်ခါတလေ ဖြစ်တတ်သေးတာပဲ။

ဘာပဲပြောပြော ဆံပင်မှာ ဖုန်တွေ ကြေးညှော်တွေတင်လာတဲ့အခါ ရှန်ပူမွှေးမွှေးနဲ့ ဆေးလျှော် သန့်စင်လိုက်သလို ကိုယ့်စိတ်မှာ ညစ်ထေးတဲ့ အကုသိုလ် ကြေး ညှော်တွေ ကပ်ငြိလာတဲ့အခါလည်း "သတိ" ဆိုတဲ့ အလှပြင်ဆိုင်မှာ "အသိ ဉာဏ်ပညာ" ရှန်ပူလေးနဲ့ လျှော်ချရင်း ခေတ်မီအလှတရား ပိုင်ရှင်ဖြစ်ဖို့ ကြိုးစားရမှာပဲလေ။

အလှပြင်ဆိုင်လာရင်း အတွေးလှလှ လက်ဆောင်ရလာတဲ့ မြတ်ရဲ့အပြန်ခြေလှမ်းတွေဟာ ခေါင်းပေါ်က ဝဲဖြာလှပနေတဲ့ ဆံကေသာလေးတွေနဲ့အပြိုင် ပေါ့ပါးသွက်လက်လို့ နေပါတော့တယ်ရှင်။ ။

ဝတ္ထုတို

# အငွေ့ပြန်သွားသော ကျောက်စက်ရေ

လဝန်းချိုချို (YU)

တပေါင်းလရဲ့နွေနေ့လယ်။ နေ့လယ်ဆိုသည့်အတိုင်း အပူလှိုင်းတွေက ပေတရာလမ်းမပေါ်မှာ တလျှပ်လျှပ်ထလို့။ ခေါင်းပေါ်ကအပူကိုလည်း ဂရုမထားနိုင်။ ခြေထောက်အောက်ကအပူကိုလည်း မညည်းတွားနိုင်။ သမုဒ္ဒရာဝမ်းတစ်ထွာ၏အပူကို ငြိမ်းအေးနိုင်ရန်သာ ကိုလူအေးတစ်ယောက် အားထုတ်နေမိသည်။

"ကလင်. . . ကလင်. . . ကလင်
အမှိုက်ပစ်ဦးမလား. . . အမှိုက်"

တစ်လမ်းဝင်တစ်လမ်းထွက် အမှိုက်လှည်းကိုတွန်းရင်း အော်နေသော ကိုလူအေး၏ အသံဖြစ်သည်။ အမှိုက်လှည်းပြည့်လိုက်၊ အမှိုက်ကန်ကို လာသွန်လိုက်၊ နောက်တစ်ခေါက် ပြန်ထွက်သွားလိုက်နှင့် မောရပန်းရကောင်းမှန်းတောင် သိပုံမပေါ်ပါ။ နေဝင်ချိန် ရောက်ပြန်တော့လည်း ကိုလူအေးမနားရသေးပါ။ အမှိုက်ကန်ထဲက အမှိုက်များကို တူးဆွပြီး ပြန်ရောင်း၍ရသော ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေရပြန်သည်။ တစ်ခါတစ်ရံအမှိုက်ထုပ်ထဲကနေ မွေးပွအရုပ်ကလေးများ၊ ကော်ပတ်အရုပ်ကလေးများ၊ ပလတ်စတစ်ကားခပ်လတ်လတ်ကလေးများ ပါလာတတ်သည်။ ထိုအခါတွင်တော့ ကိုလူအေး၏ မျက်နှာမှာ လမင်းကြီးလို ထိန်ထိန်သာလို့ပေါ့လေ။ ဒီကားလေးက သားအတွက်၊ ဒီအရုပ်ကလေးက သမီးအတွက် ဆိုသည့်အတွေးများနှင့် ပျော်နေတတ်သည်။ အိမ်ရောက်သည်နှင့် ကိုလူအေးခမျာ သားနှင့်သမီးကို တကြော်ကြော်ခေါ်တော့သည်။

"သားရေ. . . သမီးရေ. . . ဒီနေ့ ဖေကြီး သားနဲ့ သမီးအတွက် အရုပ်တွေယူလာတယ်ကွ။ ရော့ဒီကားလေးက သားအတွက်၊ သမီးအတွက်လည်း ပါတယ်။ ဒီမှာ မွေးပွအရုပ်ကလေး"

"ဟေး. . . ဒါမှ တို့ဖေကြီးကွ"

ဝမ်းသာအားရ အော်ဟစ်ပွေ့ဖက်လာသော သားနှင့်သမီးကြောင့် တစ်နေ့တာ ပင်ပန်းမှုတွေက ဘယ်ရောက်ကုန်သည်မသိတော့။

ထိုအခါများတွင်တော့ ဇနီးသည် မမြကြူ၏ ချစ်စဖွယ်မျက်စောင်းများက အပုံလိုက်အခဲလိုက် ကိုလူအေးထံကျရောက်လာပါတော့သည်။

"တော်သားနဲ့ သမီးအတွက်ပဲလား။ ကျုပ်အတွက်ကရော"

ညစ်တစ်တစ်လေသံနှင့် မမြကြူက ပြောလိုက်သည်။

"အော် မိန်းမရယ်. . . မင်းကြောင့် ဒီဆည်းလည်းလေးတွေရလာတာ။ သားနဲ့သမီးရရင် မင်းရသလိုလို့ သဘောထားလိုက်ပေါ့ကွ"

ပြုံးချိုချိုနှင့် ကိုလူအေး အပြောကြောင့်

"အလကား စတာပါတော်။ ရှင် ဒီလိုတာဝန်ကျေနေတာနဲ့တင် ကျုပ်ဝမ်းသာလှပါပြီ။ ဒါနဲ့ရှင့်ကို ကျုပ်ပြောရဦးမယ်။ သမီးကို မူကြိုပို့ဖို့ အရွယ်ရောက်လာပြီ။ ကျုပ်သမီးလေးကို ကျောင်းပို့ချင်တယ်တော်။ ကျုပ်တို့စာမတတ်တော့ ဘာပဲဖြစ်ဖြစ် မူကြိုကျောင်းကိုပို့ရင် ကျောင်းကြီးတက်တဲ့အခါ အဆင်ပြေမယ်ထင်တယ်"

"အေးပါ. . . မိန်းမရယ်။ သမီးကို ကျောင်းထားဖို့ ငါပိုကြိုးစားပါ့မယ်"

ဇနီးသည်ကို လေးကန်သောလေသံဖြင့် ပြန်ပြောလိုက်သည်။ ကိုလူအေး၏ ခေါင်းထဲတွင်တော့ နှစ်ဆတိုး၍ အလုပ်လုပ်ရမည်ဆိုသော အတွေးတို့က တရစပ်ဝင်လာတော့သည်။ ကိုလူအေးက အလုပ်တွေ ပိုလုပ်သလို မမြကြူကလည်း တစ်အိမ်ဝင် တစ်အိမ်ထွက် အဝတ်လိုက်လျှော်သည်။ သမီးလေးကို မူကြိုပို့ရန်က သူတို့လင်မယားနှစ်ယောက်၏ အဓိကရည်ရွယ်ချက် မဟုတ်ပါလား။

**တစ်ညနေတော့**

အိမ်ပြန်အရောက် တရှုတ်ရှုတ်ငိုနေသော မမြကြူကို မြင်လိုက်ရ၍ ကိုလူအေးရင်တွေ ထိတ်ထိတ်ပြာပြာ ဖြစ်သွားသည်။ မမြကြူ၏ဘေးတွင်လည်း ညှိုးငယ်တိတ်ဆိတ်စွာ ထိုင်နေသော သားလေးကိုသာ တွေ့ရသည်။

"မိန်းမ ဘာဖြစ်နေတာတုံးကွ။ သမီးရော . . . သမီး။ သမီး ဘာဖြစ်လို့လဲ"

"ဟီး. . . ဟီး. . . ဟင့်. . . ဟင့်"

ကိုလူအေး အမေးကို မမြကြူက ပြန်မဖြေ။ ငိုမြဲသာ ငိုနေသည်။ မေးလို့မရသော ဇနီးသည်ကို ကြည့်ရင်း ကိုလူအေးခမျာ ငိုရမလို၊ ရယ်ရမလို၊ ဆောက်တည်ရာမရ။

**"ဝါး. . . ဖေဖေကြီး"**

ခြောက်လှန့်သံတစ်ခုနှင့်အတူ ကိုလူအေး၏နောက်ကျောကို သိုင်းဖက်လာသောသမီးကြီး။

"ဟား . . . ဟား . . . ဟား"

"ဝါး. . . ဟားဟား. . . ခ် ခ် . . . ဖေကြီး ဒီမှာကြည့်ဦး။ သမီး လှလား။"

အားရပါးရရယ်မောသံများနှင့်အတူ အမူအရာပြောင်းလဲသွားသောဇနီးနှင့် သားလေးကိုကြည့်ရင်း သမီးကြီးကိုလည်း တအံ့တဩ ကြည့်မိသည်။ မူကြိုဝတ်စုံလေးနှင့် အသစ်ကလေးကိုလွယ်လျက် လက်ထဲမှာလည်း မွေးပွရုပ် အနွမ်းကလေးကို ပွေ့ဖက်ထားသောသမီးကြီး။

**"မြင်ရတာ ကျက်သရေရှိလိုက်တာ သမီးကြီးရယ်"**

ပီတိမျက်ရည်တို့နှင့်အတူ သမီးကြီးကို ပွေ့ဖက်နမ်းရှုတ်မိသည်။ ပြီးတော့ တအံ့တဩဖြစ်အောင် ပြုလုပ်ပေးသော ဇနီးနှင့် သားလေးကိုလည်း ပွေ့ဖက်ထားလိုက်သည်။ ထိုညနေသည် ကိုလူအေးအတွက် သိန်းထောင့်ငါးရာ ထီဆုကြီးပေါက်သလိုပေါ့။

"မနက်ကျရင် သမီးကျောင်းတက်ရတော့မယ် ဖေကြီး"

သမီးကြီးက အားရဝမ်းသာပြောရှာသည်။ မမြကြူကလည်း ဝင်၍ပြောသည်။

"ဟုတ်တယ် တော်ရေ။ တော့်သမီး မနက်ကျရင် ကျောင်းတက်ရတော့မှာ"

"ဒါနဲ့ နေပါဦး မိန်းမရ။ သမီးကျောင်းအပ်ဖို့ ပိုက်ဆံ မင်း ဘယ်ကရလဲ"

ကိုလူအေးက မမြကြူကို မေးလိုက်သည်။ ကိုလူအေး၏အမေးကို မမြကြူက ချက်ချင်းပြန်မဖြေ။ အတန်ငယ်ကြာမှ. . .

"ဩော်. . . တော်ကလည်း ဘယ်ကရရမှာလဲ။ ကျုပ်အဝတ်လျှော်လို့ရတဲ့ ပိုက်ဆံတွေ စုထားတာပေါ့တော့။ ကဲ. . . ကဲ အမေးတွေလျှော့။ ထမင်းစားရအောင်။ ဒီညတော့ ကြက်သားချက်ထားတယ်။ ထမင်းမြိန်မယ် တော်ရေ"

ထိုညနေစာ ထမင်းဝိုင်းလေးက သာယာလွန်းလှသည်။ ကျောင်းတက်ရတော့မှာမို့ ပြုံးရွှင်နေသော သမီးကြီး။ ကြက်သားတုံးကို အားရပါးရ ကိုက်ဖဲ့နေသော သားလေးတို့ကို ကြည့်ရင်း ကိုလူအေးနှင့် မမြကြူပီတိတွေ ဝေဖြာနေတော့သည်။ သကာပေါ် ပျားရည်ဆမ်းထားသော မိသားစုထမင်းဝိုင်းကလေး မဟုတ်ပါလား။

နောက်ရက်များတွင်တော့ သမီးကြီးက မူကြိုသွား၊ ကိုလူအေးက အမှိုက်သိမ်းသွားနှင့် မမြကြူတစ်ယောက် သားငယ်လေးကို တစ်ယောက်တည်း ထားခဲ့ဖို့ မဖြစ်တာကြောင့် အဝတ်သွားမလျှော်ဖြစ်တော့။ အဝတ်မလျှော်တော့ပေမယ့်လည်း ကိုလူအေးတို့မိသားစု အရင်ကလောက်မကျပ်တည်း။ နေထိုင်စားသောက်မှုပုံစံက နဂိုကထက်တောင် အနည်းငယ်ချောင်လည်လာသည်။

ထုံးစံအတိုင်း အမှိုက်လှည်းကလေးတွန်းရင်း ကိုလူအေး လမ်းထဲသို့ထွက်အလာ. . .

"ဟေ့ လူအေး။ မတွေ့တာတောင် အတော်ကြာပေါ့။ မင်း. . . ငါ့ကို မမှတ်မိဘူးလားကွ"

လူတစ်ယောက်၏ ဖက်လှဲတကင်း နှုတ်ဆက်မှုကြောင့် ကိုလူအေး ထိုလူကို စေ့စေ့ကြည့်မိသည်။

"ဟာ အောင်ဌေး။ မင်းကို မမှတ်မိဘူးကွာ။ မင်းက အတော်ကိုပြောင်းလဲသွားတာပဲကွ"

အောင်ဌေးဆိုသည်က လူရှုပ်လူပွေတစ်ယာက်။ ကိုလူအေး၏ အပြောကြောင့် ထိုလူက

"အေး ဟုတ်တယ်ကွ။ ငါအတော်အဆင်ပြေနေတာ။ ဟိုရက်တွေကတောင် မင်းမိန်းမ ငါတို့အိမ်ကို အဝတ်လာလျှော်သွားသေးတယ်ကွ"

"အင်း ဟုတ်တယ်။ အခုရက်တော့ မလျှော်ဖြစ်တော့ပါဘူးကွာ။ အိမ်မှာ အငယ်ကောင်ကို ကြည့်မယ့်သူမရှိလို့လေ"

စကားစမြည်နှုတ်ဆက်ပြီး ထိုလူနှင့် ကိုလူအေး လမ်းခွဲလိုက်ကြသည်။

**လအနည်းငယ်အကြာ. . .**

မမြကြူတစ်ယောက် တရှောင်ရှောင် ဖြစ်လာသည်။ မကြာခဏဆိုသလို ဆေးခန်းသွားနေရသည်။ တစ်ခါတစ်ရံ မူးမေ့တောင် လဲတတ်သည်။ ကိုလူအေးလည်း အလုပ်ကို ဖြောင့်ဖြောင့်မလုပ်နိုင်တော့။

"ဒီအတိုင်းဆိုရင်တော့ ခင်ဗျား မိန်းမကို သွေးစစ်ကြည့်ဖို့လိုလာပြီ"

ဆရာဝန်၏အကြံပြုချက်ကြောင့် မမြကြူကို သွေးစစ်ဖို့ ကိုလူအေး သဘောတူလိုက်သည်။ ဆေးစစ်ချက်အဖြေထွက်လာတော့ ဆရာဝန်က ကိုလူအေးအား ခေါ်ယူဆွေးနွေးသည်။

"ကျွန်တော်ပြောမယ့် စကားကို ခင်ဗျား စိတ်ခိုင်ခိုင်ထားပြီး နားထောင်နော်။ မပြောမဖြစ်လို့ ပြောရမှာ စိတ်တော့မကောင်းဘူးဗျာ။ ခင်ဗျား အမျိုးသမီးမှာ HIV ပိုးရှိနေပြီ။"

"ဗျာ"

"ဗျာ" တစ်လုံးတည်းနှင့် ကိုလူအေး ကြက်သေသေသွားသည်။ မိသားစုစားဝတ်နေရေးအကျပ်အတည်းကြောင့် သူတစ်ပါးအိမ်တွင် အဝတ်လျှော်သည့်အလုပ်သွားလုပ်ခြင်းကို မပိတ်ပင်မိ။ မမြကြူ၏ကိုယ်ကျင့်သိက္ခာတရားကို ယုံကြည်ခဲ့တာလည်းပါသည်။ "ငွေ" ဆိုသော အရာဝတ္ထုက မမြကြူ၏ကိုယ်ကျင့်တရားကို ဖျက်ဆီးလိုက်သည်သာမက ကိုလူအေးတို့၏ သာယာအေးချမ်းသော မိသားစုဘဝလေးကိုပါ အပိုင်းပိုင်းအထစ်ထစ် ထိုးခုတ်သတ်ဖြတ်လိုက်သည်ပါတကား။ ။

## တမာအားမာန်

အညာမြေ ဂိမှာန်တွင်းပေမို့
တမာတွေ အိမ်ခြံတလင်းမှာဖြင့်
ခင်းအနံ့ ကြွေရှာပြီ။
ရာသီပြောင်းချိန်ပေါ့
ရွက်ဟောင်း ညှာသိမ်သိမ်နှင့်
ဝါထိန်ထိန် အနေခက်သလိုပ
ခါကြိမ်ကြိမ် လေပြည်နှက်ပြန်တော့
ဆင်းသက်မဟီ။
တမာထူးပုံက
ရွက်ဦးအစုံစုံနှင့်
ခက်ဖူးငုံ လျှင်မြန်လျက်ပေမို့
ပင်ယံထက်မှာတဲ့ မကြာမီ
ရာသီပန်းအဖြစ် ပွင့်ပေတောင်း။
နွေတစ်လျှောက်မှာဖြင့်
ကြွေသလောက် တဝေဝေနှင့်
လေခြွေခြွေ နေညင်းညင်း
သူ့အဆင်း သူဆင်လို့
သူ့အချင်း ယူငင်လို့
နွေပန်းချီ သူလျှင်ရေးပေလိမ့်
(အလိုကွယ်. . .)အားသွေးနေကြောင်း။ ။

ကိုကြီး(ဆောင်းနှင်းဆီ)

## ပျော်ရွှင်ကြည်နူး လတန်ခူး

သင်္ကြန်တေးကျူး
ခါတန်ခူး
မြူးလွင့်သံသာ ရွှင်ပျစွာ။
ကြင်ဖော်ကွာဝေး
ချိုး ငှက်တေး
အေးမြကြည်သာ လွင့်မြူးလာ။
လေပြည်ဖြန့်သွေး
သင်းထုံမွှေး
လေးမျက်နှာမှာ ပိတောက်ဝါ။
ကောင်းမြတ်ဖြူစင်
စိတ်အစဉ်
တွင်တွင်မွေးပါ နှစ်သစ်မှာ။
သင်္ကြန်ခါပွဲ
တို့ဆင်နွှဲ
ကွဲလွဲမပါ ယဉ်ကျေးစွာ။

မြတ်မင်း(ခြုံကြီး)

ဆောင်းပါး

# နားလည်ခဲ့ပါသည်

မျိုးဇော်ဦး
B.C.Sc

ကျွန်တော်တို့သူငယ်ချင်းတစ်သိုက်သည် တက္ကသိုလ်ကျောင်းသား ကျောင်းသူများဖြစ်သည့်အလျှောက် ခေတ်နှင့်အညီ ပျော်ပျော်ရွှင်ရွှင် ပြောဆိုနေထိုင်တတ်ကြသူများဖြစ်ကြပါသည်။ ကျွန်တော်ပိုလို့ပင် အပျော်အပါးမက်အစအနောက်သန်သူတစ်ယောက်ဖြစ်သည်။ ကျွန်တော်တို့အဖွဲ့ထဲတွင် "တင်မောင်"ဆိုသော ခပ်နုံနုံတောသားတစ်ယောက်ပါသည်။ တက္ကသိုလ်ကျောင်းသားဆိုပေမယ့် နေပုံထိုင်ပုံ၊ စားပုံသောက်ပုံတို့မှာ တောဆန်လွန်းသောကြောင့် "တောသား"ဟု အမြဲစနောက်ဖြစ်ပါသည်။ စာတော့ ကျွန်တော်တို့ထက် ကြိုးစားသည်။ သို့သော် သိပ်မတော်ပေ။ သူ ဟန်လုပ်နေသည်။ ကောင်မလေးများ အထင်ကြီးအောင်နေသည်ဟု ကျွန်တော်ထင်မိသည်။ မကြာခဏဆိုသလိုလည်း ထိုအခြင်းအရာနဲ့ပတ်သက်ပြီး စဖြစ်ပါသည်။ သူကတော့ တုံ့ပြန်မှုအားနည်းသည်။ ကျွန်တော်စနောက်တိုင်း ရယ်ကျဲကျဲနှင့် "ရုပ်ဆိုးတော့ ကောင်မလေးတွေ ကြည်ဖြူအောင် လုပ်ပြတာပေါ့"လို့ အမြဲပြန်ပြောတတ်ပါသည်။ ရယ်လျက်ပါ။ ကန်တင်းန်သွားဖို့ခေါ်တိုင်းလည်း အမြဲမလိုက်ဘဲ ပါလာသော ထမင်းချိုင့်ကိုသာ ဖွင့်စားတတ်သူပါ။ တက္ကသိုလ်မှာ အခန်းထဲတွင် ထမင်းစားသူမှာ မရှိသလောက်ပင်ရှားပါသည်။ ကပ်စေးနှဲသူဟု ကျွန်တော်ထင်မိပြန်သည်။ အပြင်သွားတိုင်းလည်း မလိုက်ဘဲ အခန်းတွင် ကျန်ရစ်နေတတ်သူဖြစ်သည်။ ဒီလိုနဲ့ တစ်နေ့တော့ ကျွန်တော် အိမ်နှင့် ပြဿနာတတ်၍ စိတ်ညစ်ညစ်နဲ့ပင် လစ်ထွက်လာသည်။ ကျွန်တော့်သူငယ်ချင်းအများစုကို အကူအညီတောင်းကြည့်ပါသည်။ ကူညီလိုသော်လည်း အဆင်မပြေသူများ။ အဆင်ပြေသော်လည်း မကူညီချင်သလိုလိုတွေ ဖြစ်နေကြသည့်အတွက်မို့ ကျွန်တော် "တောသား"ဆီမှ အကူအညီတောင်းရန် ဖုန်းလှမ်းဆက်လိုက်သည်။ ကျွန်တော့်ကို သူတတ်နိုင်သရွေ့ ကူညီမည်ဟုပြောသည်။ ကျွန်တော် သူ့အိမ်လာမည်ပြောတော့ သူအနည်းငယ် တိတ်ဆိတ်သွားသည်။ "အေး မင်းလာနေနိုင်ရင်တော့ အဆင်ပြေပါတယ်" ဟူသော အပြောက ကျွန်တော့်အား တွေဝေသွားစေသည်။ သူဆက်ပြောသည် "ကားဂိတ်ကို ကားစီးလာခဲ့၊ ငါလာစောင့်နေမယ်။ ကားဂိတ်ရောက်ရင် ဖုန်းဆက်"တဲ့ မထူးဘူးဆိုပြီး ကျွန်တော် သူ့ဆီထွက်ခဲ့တယ်။ သူလာကြိုပါတယ်။ ကျွန်တော့်ကို သူ့အိမ်ခေါ်သွားတယ်။ တင်မောင့်အိမ်က သန့်ပေမယ့် ခပ်နုပ်နုပ်ရယ်ပါ။ ကျွန်တော်တို့အိမ်က ကားမောင်းသမားတွေ နေတဲ့နေရာကပင် ထိုအိမ်လေးထက် ပိုသန့်၊ ပို့ကျယ်မည် ထင်ပါသည်။ တင်မောင့်အမေက အိမ်ရောက်တော့ ပြုံးရွှင်သောမျက်နှာဖြင့် "သားရဲ့ သူငယ်ချင်းလား။ လာ လာ သားလေး ဒီမှာထိုင်" ဟု အလျှင်အမြန်ပင် ဖျာကလေးကို ခင်းလိုက်သည်။ ဖော်ရွေလွန်းပါသည်။ "သမီးလေးရေ ညည်းအစ်ကိုစားဖို့ ထမင်းခူးထားပါအေ" လို့ လှမ်းပြောလိုက်သည်။ ဘာပြောရမှန်းတောင်မသိဘူး။ "မစားတော့ပါဘူး" ကျွန်တော်ငြင်းလိုက်တော့ "စားပါ။ အားမနာပါနဲ့သားရယ်။ သားအိမ်လိုပဲ သဘောထား။" တင်မောင်ကလည်း "စားပါကွာ မင်းဟင်းမကြိုက်ရင် ငါလမ်းထိပ် သွားဝယ်လိုက်မယ်" ဟု ဖော်ရွေစွာ ပြောရှာသည်။ ကျွန်တော်သာ တင်မောင့်နေရာမှာဆို ထိုစကားထွက်မလာနိုင်ပါ။ ကျွန်တော် စားဖြစ်ပါသည်။ အလွန်လည်း စားကောင်းပါသည်။ ထမင်းစားပြီး ခဏအကြာတွင် "တင်မောင် သားရေ သားဒီနေ့ အလုပ်မသွားပါနဲ့တော့လေ။ သားသူငယ်ချင်းကလည်း ရှိနေတော့ သူပျင်းနေမှာပေါ့" ကျွန်တော့်ရင်ထဲတစ်ခုခု ခံစားမိပါသည်။ ကျွန်တော်တို့ မိဘပိုက်ဆံဖြုန်းနေချိန်မှာ တင်မောင်က မိမိအတွက်ရော မိသားစုအတွက်ပါ တာဝန်ယူ လုပ်ကျွေးနေတယ်။ ကျွန်တော်ထင်ခဲ့သော တင်မောင်နှင့် ကျွန်တော်ယခုမြင်ခဲ့ရသည့် တင်မောင်ဟာ အရုပ်တူသော်လည်း အရည်အချင်း ကွာဟလွန်းနေသည်။ အိမ်အပြင်ကို နှစ်ယောက်သား လမ်းလျှောက်ထွက်လာခဲ့သည်။ "တင်မောင် မင်းက ဘာအလုပ်လုပ်တာလဲ" သူမဖြေပါ။ သူအားငယ်နေတာများလား။ ကျွန်တော့်အတွေးတို့ ဝေဝါးလျက်။ ကျွန်တော်သိလိုက်ပြီ။ ကျွန်တော်တို့နဲ့အတူ အပြင်မသွားဘူးဆိုတာ သူပိုက်ဆံ ကုန်မှာစိုးလို့။ ကျွန်တော်တို့အများစု မိဘပိုက်ဆံသုံးနေချိန်မှာ သူကသူကိုယ်တိုင် ကျောင်းအသုံးစရိတ် ရှာနေရလို့၊ သူကန်တင်းန်မလိုက်ဘူးဆိုတာ အပိုပိုက်ဆံ အကုန်မခံနိုင်လို့။ အဲ့ဒီပိုက်ဆံတွေက သူ့အိမ်ကဈေးဖိုးတွေ ဖြစ်ရဦးမှာလေ။ အတန်းထဲမှာ စာတွေ အသေအကျေလုပ်တယ်ဆိုတာ သူ့အိမ်မှာ စာမကြည့်ဘဲ အလုပ်ဆင်းရမှာကို သိလို့။ စာသိပ်မတော်ဘူးဆိုတာ သူ့မှာစာကြည့်ချိန်မရှိလို့။ အို. . . . . ဘုရား ဘုရား ကျွန်တော်သာ သူ့နေရာမှာဆို ဒီလိုနေရာမျိုးကို ဝင်ဆန့်နိုင်ပါ့မလား။ ရောက်တောင်ရောက်မည်မထင်။ သူ့ကိုလည်းလေးစားမိပါသည် သူ့ရပ်တည်မှုကိုလည်း မလေးစားဘဲ မနေနိုင်အောင်ဖြစ်ခဲ့ရပါသည်။ မနက်ဖြန်မရောက်ခင် ယခုပဲ ယခင်က သူ့အား စနောက်ပြောင်ခဲ့သည်များကို တောင်းပန်လိုက်ပါသည်။ ထိုကဲ့သို့ ဘဝများကို နားလည်ခဲ့ပါသည်။ ကျွန်တော် မသိတဲ့ ထိုကဲ့သို့သော ဘဝများမှ ကျောင်းသား ကျောင်းသူအားလုံး အောင်မြင်မှုတွေနှင့် ပြည့်နှက်သော ဘဝများဆီသို့ ချီတက်နိုင်ရန် ဆုမွန်ပြုလျက် . . . . ။

ကြေးမုံ
အထူးကဏ္ဍ
၂၆ - ၃ - ၂၀၁၇ (တနင်္ဂနွေနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# သတင်းအချက်အလက်မျှဝေရေးနှင့် စာပေလောကဖွံ့ဖြိုးရေးကို ရှေးရှုဆောင်ရွက်သွားမည့် ပြန်ကြားရေးဝန်ကြီးဌာန

သွန်းဝသန်
ဓာတ်ပုံ – မေဦးမိုး

ပြန်ကြားရေးဝန်ကြီးဌာန၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နိုင်မှုများကို သိရှိနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အဓိကလုပ်ငန်းဆောင်တာတွေကို ပြောပြပေးစေလို ပါတယ်ရှင့်။

ဖြေ။ ။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အဓိကလုပ်ငန်းများကို အတိုဆုံးချုပ်ပြီး ပြောရမယ်ဆိုရင် အစိုးရနဲ့ပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးနေတာဖြစ်ပါတယ်။ အစိုးရများအနေနဲ့ တိုင်းပြည်အတွက် မိမိတို့ ဘာတွေဆောင်ရွက်နေပါတယ်ဆိုတာကို ပုံမှန်အစီရင်ခံဖို့ တာဝန်ရှိပါတယ်။ ဒီတာဝန်ကို ပြန်ကြားရေးဝန်ကြီးဌာနက မိမိမှာရှိတဲ့ ရုပ်သံမီဒီယာ၊ ပုံနှိပ်မီဒီယာနဲ့ ပြည်သူနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံနေတဲ့ ပြည်သူ့ဆက်ဆံရေးဌာနတွေက ဆောင်ရွက်ပေးရပါတယ်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူကို အစိုးရရဲ့လုပ်ငန်းဆောင်ရွက်ချက်တွေအပေါ် အစီရင်ခံတဲ့နည်းတူ အခြားလုပ်ဆောင်ချက်တစ်ခုကတော့ အများပြည်သူရော၊ အစိုးရတာဝန်ရှိသူများအတွက်ပါ သတင်းအချက်အလက်တွေ ပြည့်စုံစွာရရှိဖို့ တင်ပြပေးခြင်းဖြစ်ပါတယ်။

မေး။ ။ ပြီးခဲ့တဲ့တစ်နှစ်တာအတွင်းမှာ ပြည်သူနဲ့ အစိုးရအကြား ဘယ်လိုပေါင်းကူးဆောင်ရွက်ပေးနိုင်ခဲ့တယ်ဆိုတာလည်း သိချင်ပါတယ်ရှင့်။

ဖြေ။ ။ ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်းမှာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ တိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့အကြောင်းခြင်းရာများ၊ အဖြစ်အပျက်များ၊ တိုင်းပြည်နဲ့ဆက်စပ်နေသော နိုင်ငံတကာမှာဖြစ်ပျက်နေတဲ့ အကြောင်းခြင်းရာ အဖြစ်အပျက်များ ဒါတွေကို အများပြည်သူသိအောင် ပြည့်စုံစွာ စီစဉ်တင်ဆက်ပေးနိုင်ခဲ့ပါတယ်။ ဒီတာဝန်ဟာ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အဓိကတာဝန်တစ်ရပ် ဖြစ်ပါတယ်။

ဒီတာဝန်နဲ့ပတ်သက်ပြီးတော့ ပိုပြီးထင်ရှားအောင် ဥပမာအနေနဲ့ပြောရမယ်ဆိုရင် အခုတင်ဆက်နေတဲ့ အစိုးရရဲ့ တစ်နှစ်တာဆောင်ရွက်မှုများအစီအစဉ်ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို ရုပ်သံကနေ ရိုက်ကူး တင်ဆက်ပြသပါတယ်။ နေ့စဉ်ထုတ်သတင်းစာတွေကနေလည်း အထူးအစီအစဉ်စာမျက်နှာတွေအနေနဲ့ တင်ဆက်ဖော်ပြတာရှိပါတယ်။ ပြီးရင် ဒါတွေအားလုံးစုပေါင်းပြီး မှတ်တမ်းစာအုပ်ကြီး ထုတ်ဖို့ရှိပါတယ်။

ဒီအစီအစဉ်ထဲမှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် စတဲ့ ဥပဒေပြုရေးမဏ္ဍိုင်က အဖွဲ့အစည်းတွေ ပါဝင်ပါတယ်။ ထို့အတူ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်တဲ့ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ ဝန်ကြီးဌာနအသီးသီး ပါဝင်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့စတဲ့ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များ၊ တရားစီရင်ရေးမဏ္ဍိုင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် အဖွဲ့အစည်းများက ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း မိမိတို့ဆောင်ရွက်ခဲ့တာတွေကို အများပြည်သူကို အစီရင်ခံဖို့ရှိပါတယ်။

ဒါတွေအစီရင်ခံပြီးတဲ့နောက်မှာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ စောစောကပြောတဲ့ ဝန်ကြီးဌာနတွေအလိုက်မဟုတ်ဘဲနဲ့ ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်းမှာ ဒီပေါ်လစီတွေအားလုံးစုပေါင်းပြီးတော့ ဆောင်ရွက်ခဲ့တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ ဖြစ်ပေါ်စေခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုများအကြောင်းကို စုစည်းတင်ဆက်သွားဖို့လည်း ရှိပါတယ်။

တင်ပြချက်တွေအားလုံးပေါင်းပြီး စုစည်းလိုက်တဲ့အခါကျတော့ ပြီးခဲ့တဲ့တစ်နှစ်တာအတွင်းမှာ လက်ရှိအစိုးရရဲ့ ဆောင်ရွက်ခဲ့ပုံများဟာ သမိုင်းမှတ်တမ်းဖြစ်သွားပါလိမ့်မယ်။ ဒီလိုမှတ်တမ်းတင်ခြင်းဟာ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းတာဝန်များထဲက တစ်ခုဖြစ်ပါတယ်။

မေး။ ။ ဝန်ကြီးဌာနအောက်က ဌာနတွေအကြောင်းနဲ့ လုပ်ဆောင်ချက်တွေကိုလည်း ရှင်းပြပေးပါဦး။

ဖြေ။ ။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာ လုပ်ငန်းဌာနအဖွဲ့အစည်း

အထူးကဏ္ဍ (ခ) သို့ »»



မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဆောက်အအုံကို ဝေဟင်မှတွေ့ရစဉ်။



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် Community Centre ဖွင့်ပွဲကျင်းပစဉ်။




မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီထုတ်လွှင့်ပေးလျက်ရှိသည်။




**အထူးကဏ္ဍ (က) မှ »»**

အသီးသီးရှိပါတယ်။ ထိုအထဲက ဝန်ကြီးရုံးအဖွဲ့ကို ချန်လှပ်ပြီးပြောရမယ်ဆိုရင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) ရှိပါတယ်။ နောက်တစ်ခုက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဖြစ်ပါတယ်။ အမြို့မြို့အနယ်နယ်မှာ စာကြည့်တိုက်တွေနဲ့ ပြည်သူ့ဆက်ဆံရေးရုံးတွေ ဖွင့်လှစ်ဆောင်ရွက်နေတဲ့ ဌာနဖြစ်ပါတယ်။ အဲဒီနောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရှိပါတယ်။ အဲဒီဌာနကတော့ ကျောင်းသုံးစာအုပ်တွေ၊ နိုင်ငံတော်ပြန်တမ်းတွေအပါအဝင် အစိုးရစာရွက်စာတမ်းတွေ ပုံနှိပ်ထုတ်ဝေနေတဲ့ ဌာနဖြစ်ပါတယ်။ အဲဒီဌာနအောက်မှာပဲ အများသိကြတဲ့ စာပေဗိမာန်ဆိုတဲ့ အဖွဲ့ကြီးလည်းရှိပါတယ်။ နောက်ဆုံးတစ်ခုကတော့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဖြစ်ပါတယ်။ ကြေးမုံ၊ မြန်မာ့အလင်းနဲ့ Global New Light of Myanmar သတင်းစာတွေ ထုတ်ဝေနေတဲ့ဌာနဖြစ်ပါတယ်။

မေး။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ပြည်သူနဲ့ အစိုးရအကြား အပြန်အလှန် ပေါင်းကူးပေးနေတဲ့ ဌာနတစ်ခုဖြစ်တဲ့အပြင် အခြား ဘယ်ကဏ္ဍတွေကိုရော တာဝန်ယူထား ရပါသလဲ။

ဖြေ။ ။အများပြည်သူက ပြန်ကြားရေးလို့ ဆိုလိုက်ရင် ရေဒီယို၊ ရုပ်သံနဲ့ သတင်းစာတွေလို့ပဲ မြင်ကြပါတယ်။ အများပြည်သူကို သတင်းအချက်အလက်တွေ ပေးခြင်းအပြင် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ အရေးကြီးတဲ့ အခြားကဏ္ဍတစ်ရပ်ကိုလည်း ထမ်းဆောင်နေတာရှိပါတယ်။ အဲဒါက အများပြည်သူတို့ အသိပညာဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံမှာ စာအုပ်စာပေများ ထွန်းကားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။

အဲဒီကဏ္ဍနဲ့ပတ်သက်ပြီး တစ်နှစ်တာအတွင်းမှာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ စာပေလှုပ်ရှားမှုအစီအစဉ်တွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဥပမာအားဖြင့်ပြောရရင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနကနေ ဦးဆောင်ပြီး ဆောင်ရွက်ခဲ့တဲ့ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနဲ့ မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်၊ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနဲ့ ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော် စတာတွေရှိပါတယ်။ လာမယ့် မကြာခင်ကာလအတွင်းမှာ ဘာသာပြန်စာပေဆိုင်ရာ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲတွေ ကျင်းပပေးသွားဖို့ ရှိပါတယ်။ စာအုပ်ဈေးရောင်းပွဲတော်တွေကို စာတမ်းဖတ်ပွဲတွေနဲ့ ပူးတွဲပြီးတော့ ဆောင်ရွက်ပေးနေရာကနေ အဆင့်မြှင့်တဲ့အနေနဲ့ စာတမ်းဖတ်ပွဲတွေ ကျင်းပလေ့ရှိတဲ့ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရုံးတည်ရှိရာ ရန်ကုန်မြို့ သိမ်ဖြူလမ်းကို စာအုပ်လမ်းအဖြစ် မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ ဒါက စာအုပ်စာပေထွန်းကားရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တစ်ခု ဖြစ်ပါတယ်။

တစ်ဖက်မှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း စာပေဖွံ့ဖြိုးရေးအတွက် ကလေးစာပေပွဲတော်တစ်ရပ်ကို အမြို့မြို့အနယ်နယ်မှာ ဆက်တိုက်စီစဉ်ကျင်းပနေတာတွေ ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်းက နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ မျှားမကြာခင်ကာလက မန္တလေးမှာ ကျင်းပခဲ့ပါတယ်။ အခု မော်လမြိုင်မှာ ကျင်းပလျက်ရှိပါတယ်။

နေပြည်တော်မှာ ကျင်းပစဉ်က ပြန်ကြားရေးဝန်ကြီးဌာနတစ်ခုတည်းကဦးစီးပြီး ကျင်းပခဲ့ပေမယ့် မန္တလေးမှာ ကျင်းပတဲ့အခါကျတော့ ပြန်ကြားရေးဝန်ကြီးဌာနအပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ပါ ပူးတွဲကျင်းပနိုင်ခဲ့ပါတယ်။ မော်လမြိုင်မှာ ကျင်းပနေတဲ့ ကလေးစာပေပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာနနဲ့အတူ ပညာရေးဝန်ကြီးဌာနနဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပတာဖြစ်ပါတယ်။

မေး။ ။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ စာပေဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပူးပေါင်းဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေရော ရှိပါသလား။

ဖြေ။ ။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ စာပေဖွံ့ဖြိုးတိုးတက်ဖို့ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွေ ဆောင်ရွက်တဲ့နေရာမှာ စောစောက ပြောသလို ဝန်ကြီးဌာနများ၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့များနဲ့ ပူးတွဲလုပ်ဆောင်မှုတွေရှိတဲ့အပြင် အခြားသော ပုဂ္ဂလိကအဖွဲ့အစည်းများ၊ တစ်ဦးချင်းသော စေတနာရှင်များ၊ ပုဂ္ဂိုလ်များနဲ့လည်း ပူးတွဲလုပ်ဆောင်နေတာတွေ ရှိပါတယ်။

ဥပမာအနေနဲ့ပြောရမယ်ဆိုရင် ထွန်းဖောင်ဒေးရှင်းနဲ့ စာပေဗိမာန်အဖွဲ့တို့ ပူးတွဲအကောင်အထည်ဖော်ဖို့စီစဉ်နေတဲ့ မြန်မာ့စွယ်စုံကျမ်း ပုံနှိပ်ထုတ်ဝေဖို့အစီအစဉ် ဖြစ်ပါတယ်။ မြန်မာ့စွယ်စုံကျမ်းဟာ မြန်မာနိုင်ငံအတွက် အင်မတန်ဂုဏ်ယူဖွယ်ရာ ကျမ်း

**အထူးကဏ္ဍ (ဂ) သို့ »»**



မန္တလေးတိုင်းဒေသကြီးတွင် ကလေးစာပေပွဲတော် ကျင်းပစဉ်။

**စာအုပ်ဈေးရောင်းပွဲတော်တွေကို စာတမ်းဖတ်ပွဲတွေနဲ့ ပူးတွဲပြီးတော့ ဆောင်ရွက်ပေးနေရာကနေ အဆင့်မြှင့်တဲ့အနေနဲ့ စာတမ်းဖတ်ပွဲတွေ ကျင်းပလေ့ရှိတဲ့ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနရုံးတည်ရှိရာ ရန်ကုန်မြို့ သိမ်ဖြူလမ်းကို စာအုပ်လမ်းအဖြစ် မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ ဒါက စာအုပ်စာပေ ထွန်းကားရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တစ်ခုဖြစ်**



ပုံနှိပ်ရေးနှင့် စာပိုထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အရောင်းဆိုင်ကို တွေ့ရစဉ်။

**အစိုးရသစ်တာဝန်ယူပြီးသည့် တစ်နှစ်တာအတွင်း ပြည်သူ့အကျိုးပြုမီဒီယာဖြစ်သည်နှင့် အညီ မီဒီယာသမားများလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ၊ လုပ်ငန်းကျွမ်းကျင်မှုများ ပိုမိုစနစ်ကျနစေရန်အတွက် နိုင်ငံတကာမီဒီယာများမှ ပညာရှင်များကို ဖိတ်ခေါ်ကာ ပူးတွဲလုပ်ဆောင်ခြင်း၊ သင်တန်းများ ပို့ချစေခြင်းနှင့် ပြည်ပသို့ လေ့လာရေးများ၊ ပညာသင်ကြားရေးများ၊ ဆွေးနွေးပွဲများ စေလွှတ်ကာ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်မှ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုအဆင့်ကို မြှင့်တင်လျက်ရှိ**

**အထူးကဏ္ဍ (ခ) မှ »»**
တစ်စောင်ဖြစ်ပါတယ်။ ဒီကျမ်းကြီးကို ၁၉၅၄ ခုနှစ်က စတင်ပြုစုပုံနှိပ်ခဲ့တာ ဖြစ်ပါတယ်။ ဒီအတွက် အင်မတန်မှ ခေတ်နောက်ကျနေပြီ ဖြစ်ပါတယ်။ အဲဒီစွယ်စုံကျမ်းကြီးကို ခေတ်မီတဲ့ စွယ်စုံကျမ်းကြီးဖြစ်အောင် ပြန်လည်ပြင်ဆင်ဖြည့်စွက်တည်းဖြတ်ပြီး ခေတ်မီတဲ့ စွယ်စုံကျမ်းကြီးအဖြစ် ထုတ်ဝေနိုင်အောင် ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မိမိတို့ရဲ့ လုပ်ငန်းတာဝန်များကို မိမိတို့ဘာသာဆောင်ရွက်သလို အခြားသော စာပေဖွံ့ဖြိုးရေးအပိုင်းမှာဆိုရင် စာပေဖွံ့ဖြိုးရေးကိစ္စကို စိတ်အားထက်သန်သော၊ စေတနာရှိသော အဖွဲ့အစည်းများ၊ တစ်ဦးချင်းပညာရှင်ပုဂ္ဂိုလ်များနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ရှိတယ်ဆိုတဲ့ အကြောင်း ပြောကြားလိုပါတယ်။

**ကလေးစာဖတ်ခန်းများ**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာကြည့်တိုက်များကို Community Center များအဖြစ် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ အကူအညီကို ရယူကာ ပြောင်းလဲနိုင်ခဲ့ပြီး ခရိုင်နှင့် မြို့နယ် ၁၃၃ ရုံးတွင် ကလေးစာဖတ်ခန်းများကို ထားရှိကာ တစ်နှစ်တာအတွင်း ကလေးငယ်များအတွက် ပဟေဠိပွဲ ၅၁ ကြိမ်၊ ပုံပြင်ပြောပြိုင်ပွဲ ၂၀၇ ကြိမ်၊ ကဗျာရွတ်ဆိုပြိုင်ပွဲ ၄၈ ကြိမ်၊ စာစီစာကုံးပြိုင်ပွဲ ၂၀ ကြိမ်၊ စာဖတ်ဝိုင်းများကို ၂၂၂ ကြိမ်အထိ ကျင်းပနိုင်ခဲ့သည်။

**အသိပညာပေးမှု**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများကိုသုံးစွဲခြင်းဖြင့် လူ့ပတ်ဝန်းကျင်တစ်ခုလုံး ထိခိုက်ကြရပြီး မိမိဘဝနစ်မွန်းစေမည့် အသိပညာပေးမှုအဖြစ် သူငယ်ချင်းသုံးယောက်ရှိလေသည် ဗီဒီယိုဇာတ်ကားကိုလည်းကောင်း၊ လောကနီတိသင်ခန်းစာများကို ပြည်သူများ သတိပွားများနိုင်စေရေးအတွက် အမှိုက်ကစ ဗီဒီယိုဇာတ်ကားကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတန်ဖိုးထားတတ်စေရေးနှင့် ကာကွယ်စောင့်ရှောက်တတ်စေရေးအတွက် စူပါမင်းလည်း မကယ်နိုင် ဗီဒီယိုဇာတ်ကားကိုလည်းကောင်း ရိုက်ကူးတင်ဆက်ခဲ့သည်။

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာပြီး ခေတ်စနစ်နှင့် ဒီမိုကရေစီကျင့်စဉ် နည်းလမ်းကောင်းများကို ပြည်သူများ သိရှိနားလည်သဘောပေါက်စေရန်အတွက်လည်း ဟိုဘက်အိမ်က မီးထိန်ထိန် ရုပ်မြင်သံကြားဇာတ်လမ်းကိုလည်း ရိုက်ကူးတင်ဆက်နိုင်ခဲ့ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တစ်နှစ်တာအတွင်း နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အချက်အလက်များကို ခေါင်းစဉ်ခွဲခြား၍ သုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲများမှ ရရှိသည့်စာတမ်းများကို စုစည်းကာ ၂၀၁၆ ခုနှစ် မြန်မာ့ရေးရာ အမှတ် (၁) နှင့် ၂၀၁၇ ခုနှစ် မြန်မာ့ရေးရာ အမှတ် (၂) တို့ကို ထုတ်ဝေနိုင်ခဲ့သည်။

**ခေတ်နှင့်အညီပြောင်းလဲခဲ့**

အစိုးရသစ်တာဝန်ယူပြီးသည့် တစ်နှစ်တာအတွင်း ပြည်သူ့အကျိုးပြု မီဒီယာဖြစ်သည်နှင့်အညီ မီဒီယာသမားများ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ၊ လုပ်ငန်းကျွမ်းကျင်မှုများ ပိုမိုစနစ်ကျနစေရန်အတွက် နိုင်ငံတကာမီဒီယာများမှ ပညာရှင်များကို ဖိတ်ခေါ်ကာ ပူးတွဲလုပ်ဆောင်ခြင်း၊ သင်တန်းများ ပို့ချစေခြင်းနှင့် ပြည်ပသို့ လေ့လာရေးများ၊ ပညာသင်ကြားရေးများ၊ ဆွေးနွေးပွဲများ စေလွှတ်ကာ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်မှ ဝန်ထမ်းများ၏ကျွမ်းကျင်မှုအဆင့်ကို မြှင့်တင်လျက်ရှိသည်။ ရိုက်ကူးထုတ်လုပ်မှု၊ အနုပညာဖန်တီးမှု၊ နည်းပညာအသုံးပြုမှု၊ တည်းဖြတ်မှုနှင့် သတင်းရယူမှုတို့တွင် မူလထက်ပိုမိုကောင်းမွန်သည့် တင်ဆက်မှုများ ပြုလုပ်နိုင်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်အောက် ဝန်ထမ်းများမှာလည်း နည်းပညာ၊ စာပေဖွံ့ဖြိုးရေးနှင့် ဆက်ဆံရေး၊ အချက်အလက်နှင့် မှတ်တမ်းများ သိမ်းဆည်းရေးနှင့် မှတ်တမ်းများ စုဆောင်းရယူမှုဆိုင်ရာ လေ့ကျင့်မှုများကို ပြုလုပ်နိုင်ခဲ့ပြီဖြစ်သည်။ သတင်းစာတိုက်များကိုလည်း Newsroom အဆင့်မြှင့်တင်ခြင်း၊ သတင်းထောက်များနှင့် အယ်ဒီတာများ၊ ဖြန့်ချိမှုစနစ်များ စသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် အခြေခံအဆောက်အအုံများ၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်ခဲ့ပြီး ဘက်မလိုက်မျှတသည့် ပြည်သူ့မီဒီယာများ၊ ပြည်သူ့ဆက်ဆံရေးဌာနများအဖြစ် ပြုပြင်ပြောင်းလဲလျက်ရှိသည်။

**ရန်ကုန်မြို့က စာအုပ်လမ်း**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် စာပေလုပ်ငန်းများ၊ နိုင်ငံတော်ပြန်တမ်းများ ပုံနှိပ်ထုတ်လုပ်ဖြန့်ချိခြင်း၊ ပညာရေးဝန်ကြီးဌာနမှ အပ်နှံသည့် အခြေခံပညာ ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ပေးခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အပ်နှံသည့် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော ဆန္ဒမဲလက်မှတ်များကို ရိုက်နှိပ်ပေးခြင်းများ အဓိကဆောင်ရွက်နေသည့် ဦးစီးဌာနတစ်ခုလည်း ဖြစ်သည်။

စာတမ်းဖတ်ပွဲများနှင့်တွဲဖက်၍ စာအုပ်ဈေးပွဲတော်များကျင်းပလေ့ရှိသည့် ပုံနှိပ်ရေးနှင့်

**အထူးကဏ္ဍ (ဃ) သို့ »»**



စာတမ်းဖတ်ပွဲများ၊ စာအုပ်ဈေးရောင်းပွဲများမှတစ်ဆင့် စာပေဖတ်ရှုလေ့လာမှုများတိုးပွားလာစေရန် ဆောင်ရွက်လျက်ရှိသည်။

အထူးကဏ္ဍ (ဂ) မှ »»

ထုတ်ဝေရေးဦးစီးဌာနရုံး ရန်ကုန်မြို့ သိမ်ဖြူလမ်းမကြီးအား စာအုပ်လမ်းအဖြစ် မြှင့်တင်ပေးနိုင်ခဲ့သည်မှာလည်း ပြန်ကြားရေးဝန်ကြီးဌာန၏ တစ်နှစ်တာအတွင်း အောင်မြင်မှုများအနက်မှ တစ်ခုဖြစ်သည်။

**နေ့စဉ်နှင့်အမျှ**

မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာကြီးများသည် အစိုးရသစ်စတင်တာဝန်ယူသည့်နေ့မှစတင်ကာ မိဘပြည်သူများအတွက် အသိပညာပေးဝေရေး၊ ဖျော်ဖြေရေး၊ ပြန်ကြားပေးရေး၊ သတင်းထုတ်ပြန်ပေးရေးနှင့် ဆွဲဆောင်မှုရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး သတင်းစာမျက်နှာများဖြစ်လာစေရေး နေ့စဉ်နှင့်အမျှ ကြိုးပမ်းနေကြပြီး မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာ၊ ပအိုဝ်းဘာသာတို့ဖြင့်လည်းကောင်း၊ မန္တလေးသတင်း၊ ဆောင်းပါးများအတွက် မန္တလေးစာမျက်နှာကိုလည်းကောင်း အပတ်စဉ်ထုတ်ဝေကာ သတင်းစာများအတွင်း ဖော်ပြလျက်ရှိသည်။

**ဝန်ဆောင်မှုပေးနိုင်**

နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံအတွင်း စောင်ရေရိုက်နှိပ်မှုအများဆုံးသတင်းစာများဖြစ်ခြင်းနှင့် ပြည်သူလူထုယုံကြည်အားကိုးလာခြင်း စသည့်အချက်များကြောင့် ကြော်ငြာထည့်ဝင်မှုများပြားသဖြင့် သတင်းစာတစ်စောင်၏ အမှန်တကယ်ထုတ်လုပ်မှုစရိတ်ကို တွက်ချက်ပါက တစ်စောင်လျှင် အကြမ်းဖျင်း ငွေကျပ် ၁၅၀ ကျော် ကုန်ကျသော်လည်း ပင်ရင်းဈေး ငွေကျပ် ၅၀ ဖြင့် ဝန်ဆောင်မှုပေးနိုင်သည့်အပြင် နိုင်ငံ့ဘဏ္ဍာအတွက် အမြတ်ငွေများစွာကို ရှာဖွေပေးနိုင်ခဲ့သည်။

မျိုးဆက်သစ်ရင်ပြင်ကဏ္ဍကို ကြေးမုံသတင်းစာတွင် အပတ်စဉ်ဖော်ပြပေးလျက်ရှိပြီး ကလေးများအတွက် မြန်မာ့အလင်းနှင့် ကြေးမုံတို့တွင်ပါရှိသည့် အပတ်စဉ် ဆန်းဒေးကာတွန်း အစီအစဉ်ကြောင့်လည်း ကလေးငယ်များအတွက် စာဖတ်ရှိန်မြှင့်တင်ပေးနိုင်ခဲ့ပြီး အနုပညာစွမ်းအား၊ စိတ်ဓာတ်နှင့်စာရိတ္တသတ္တိများကိုပါ ပေးဝေနိုင်ခဲ့သည်။

**ဝေဖန်ထောက်ပြနိုင်**

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ပြည်သူ့သဘောထားစင်မြင့်၊ ထင်သာမြင်သာပြုပြင်စရာ၊ စာတည်းထံပေးစာ စသည့်ကဏ္ဍများကို ထည့်သွင်းဖော်ပြလျက်ရှိခြင်းကြောင့် ပြည်သူများအတွက် ခံစားချက်များ၊ အခက်အခဲများ၊ စိုးရိမ်ပူပန်မှုများ၊ ပြုပြင်ဆောင်ရွက်စေလိုမှုများကို အစိုးရထံ အပြုသဘောဆောင်သည့် ရေးသားမှုတို့ဖြင့် လွတ်လပ်စွာဖော်ပြနိုင်သကဲ့သို့ အပြုသဘောဖြင့် ဝေဖန်ထောက်ပြနိုင်သည့်အတွက် နေ့စဉ်နှင့်အမျှ တိုက်ရိုက်အကျိုးသက်ရောက်မှုများရှိသည်ကို မြင်တွေ့ရသည်။



ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar နေ့စဉ်ထုတ်သတင်းစာများကို ဖြန့်ချိလျက်ရှိသည်။

**တိုင်းရင်းသား ၁၁ ဘာသာ**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အစိုးရသစ်တစ်နှစ်တာအတွင်း တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို မတူညီကွဲပြားသည့် နည်းပညာများ၊ ရိုက်ကူးတင်ဆက်မှုများဖြင့် ထုတ်လွှင့်နိုင်ခဲ့ပြီး ပျောက်ကွယ်လုနီးပါး တိုင်းရင်းသားရိုးရာအသုံးအနှုန်းများ၊ ဘာသာစကားများ၊ ယဉ်ကျေးမှုများကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။ တစ်နှစ်တာကာလအတွင်း တိုင်းရင်းသားဘာသာ ၁၁ ဘာသာ၏ နယ်သတင်းဌာနခွဲ ၁၁ ခုမှပေးပို့သည့် ဒေသသတင်းများကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေး စသည့်သတင်းဌာနခွဲများမှ သတင်းများဖြင့် ပေါင်းစပ်ကာ သတင်းပေးပို့သည့်စနစ်ကိုလည်း အဆင့်မီအောင် ပြောင်းလဲနိုင်ခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ သိရသည်။

**ဒစ်ဂျစ်တယ်အသွင်ပြောင်းမည်**

ပြောင်းလဲလာသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်သည်နှင့်အညီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို Analogue Switch off လုပ်ငန်းစဉ်အတွက် လိုအပ်သည့် ထပ်ဆင့်လွှင့်စက်များ၊ ရေဒီယိုလှိုင်းလွှင့်စက်များ တိုးချဲ့နိုင်ရေး ပြင်ဆင်လျက်ရှိခြင်းကြောင့် မကြာမီအချိန်အတွင်း ဒစ်ဂျစ်တယ်ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းနှင့် ဒစ်ဂျစ်တယ်ရေဒီယိုထုတ်လွှင့်မှုသစ်များဖြင့် စတင်နိုင်တော့မည်ဖြစ်သည်။

မြင့်မားလာခဲ့သည့် သတင်းအချက်အလက် နည်းပညာများအရ ပြည်သူများ အွန်လိုင်းမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ရယူနိုင်ရေးကို ရှေးရှုကာ ဒစ်ဂျစ်တယ်သတင်းစာအဖြစ် တိုးမြှင့်ထုတ်လွှင့်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်သည်။

မေး။ ။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ရှေ့ဆက်သွားမယ့်မူဝါဒနဲ့ ဆောင်ရွက်မယ့် အခြေအနေကိုလည်း ပြောပြပေးပါဦးရှင့်။

ဖြေ။ ။ ပြန်ကြားရေးဝန်ကြီးဌာနဟာ အစိုးရနဲ့ ပြည်သူအကြား ပေါင်းကူးဆောင်ရွက်ပေးတဲ့ ဌာနတစ်ခုဖြစ်ပါတယ်။ ဒီလို ပေါင်းကူးဆက်သွယ်နိုင်ဖို့အတွက် သတင်းအချက်အလက်များကို အများသိအောင် တင်ဆက်ပေးတဲ့ အစီအစဉ်များကိုလည်း ကျွန်တော်တို့ အဓိကဆောင်ရွက်ရပါတယ်။ တစ်ဖက်မှာလည်း ကျွန်တော်ပြောခဲ့တဲ့အတိုင်း အများပြည်သူတို့ အသိပညာပြည့်ဝရေးအတွက်နဲ့ စာပေလောကတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကျေးဇူးတင်ပါတယ်ရှင့်။ ။

၀၀၀




မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ပြည်သူ့သဘောထားစင်မြင့်၊ ထင်သာမြင်သာပြုပြင်စရာ၊ စာတည်းထံပေးစာ စသည့်ကဏ္ဍများကို ထည့်သွင်းဖော်ပြလျက်ရှိခြင်းကြောင့် ပြည်သူများအတွက် ခံစားချက်များ၊ အခက်အခဲများ၊ စိုးရိမ်ပူပန်မှုများ၊ ပြုပြင်ဆောင်ရွက်စေလိုမှုများကို အစိုးရထံ အပြုသဘောဆောင်သည့် ရေးသားမှုတို့ဖြင့် လွတ်လပ်စွာဖော်ပြနိုင်သကဲ့သို့ အပြုသဘောဖြင့် ဝေဖန်ထောက်ပြနိုင်သည့်အတွက် နေ့စဉ်နှင့်အမျှ တိုက်ရိုက်အကျိုးသက်ရောက်မှုများရှိသည်ကို မြင်တွေ့ရ

နေ့စဉ်ထုတ်သတင်းစာများကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ချိပေးလျက်ရှိသည်။

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ တစ်နှစ်တာခရီး

နန္ဒာဝင်း(သတင်းစဉ်)

စားဝတ်နေရေးအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းများကို အသုံးပြု၍ နေ့စဉ် သွားလာလှုပ်ရှားနေကြရရာ သယ်ယူပို့ဆောင်ရေးကဏ္ဍသည် မြို့ပြအင်္ဂါရပ်နှင့်ကိုက်ညီစွာ ခေတ်မီတိုးတက်ရန် လိုအပ်သည်။

"ဆိပ်ကမ်းသို့ သင်္ဘောကပ်လျှင်ကပ်ချင်း လုတက်ကြသော ခရီးသည်တို့သည် ဆင်းသွားသော ခရီးသည်များ စွန့်ပစ်သွားသည့် အမှိုက်ထဲ၊ ဖုန်ထဲတွင်တိုးဝှေ့၍ ခင်းကျင်းထိုင်ကြရသည်။ သင်္ဘောပေါ်၌ အမှိုက်တသောသော၊ ဖုန်တသောသောရှိသည့်အတွက် စိတ်မသန့်ခြင်း၊ မျက်စိရှုပ်ခြင်းမရှိကြ။ ညစ်ပတ်ခြင်းတွင် အရေထူကာ အစွမ်းကုန်ကျင့်သားရနေကြသည်"ဟူ၍ ပြည်တော်သာခေတ် ဧရာဝတီမီးသင်္ဘောဖြင့် ရန်ကုန်မြို့မှ မြစ်ဝကျွန်းပေါ်သို့ ခရီးသွားရာ၌ စိတ်အနှောင့်အယှက်ဖြစ်ရပုံများကို ဝတ္ထုတိုတစ်ပုဒ်တွင် ဂျာနယ်ကျော်မမလေးက ရေးဖွဲ့ခဲ့ဖူးသည်။

**အားထား**

လူနှင့် ကုန်စည်များကို ထိရောက်စွာ သယ်ယူပို့ဆောင်နိုင်ရန်နှင့် အများပြည်သူ အားထားရသည့် ပို့ဆောင်ရေးကဏ္ဍတစ်ခု ဖြစ်ရန် ယနေ့ခေတ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြုပြင်ပြောင်းလဲလျက်ရှိသည်။

လူမှုဘဝဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်ရန်၊ ရေရှည်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ အပြည်ပြည်ဆိုင်ရာ စံညွှန်းများနှင့်ညီညွတ်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေးတို့ကို ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရန် ယခင်က သီးခြားစီဖွဲ့စည်းထားသည့် ဝန်ကြီးဌာနများကို ပေါင်းစည်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအဖြစ် ဌာန၊ အဖွဲ့အစည်း ၁၈ ခုဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်။

**ADB ပညာရှင်များနှင့် ညှိနှိုင်း**

"လူမှုစီးပွားတိုးတက်နိုင်မှု အခြေအနေတွေနဲ့ ကိုက်ညီအောင် ADB ပညာရှင်တွေနဲ့ ညှိနှိုင်းပြီး လက်ရှိနိမ့်ကျနေတဲ့ လမ်းပန်းဆက်သွယ်ရေးအခြေခံအဆောက်အအုံ စတဲ့ တိုင်းပြည်ရဲ့ သယ်ယူပို့ဆောင်ရေးမူဝါဒကို မေလအတွင်းမှာ ရေးဆွဲချမှတ်ခဲ့ခြင်းဖြစ်ပါတယ်။ အဓိကရည်မှန်းချက်ကတော့ **ထိရောက်ပြီး စရိတ်ကျဉ်းသော သယ်ယူပို့ဆောင်ရေးစနစ်** ထူထောင်ဖို့ဖြစ်ပါတယ်"ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောသည်။

အဆိုပါမူဝါဒများနှင့်အညီ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)က ရေးဆွဲထားသည့် အမျိုးသားသယ်ယူပို့ဆောင်ရေးပင်မစီမံကိန်း (National Transport Master Plan 2016-2040) နှင့် လိုက်လျောညီထွေဖြစ်ရန် သက်ဆိုင်ရာ လေကြောင်း၊ ရေကြောင်း၊ ရထားကဏ္ဍများအလိုက် ငါးနှစ်စီမံကိန်းကို အသေးစိတ်ရေးဆွဲထားသည်။

ယခုနှစ်အတွက် ယခင်အစိုးရလက်ထက်က ရေးဆွဲထားသည့် ဘတ်ဂျက်ဘောင်ထဲမှ ပြည်သူလူထုအကျိုးမရှိသည့် လုပ်ငန်းများကို ရပ်ပြီး မြန်မြန်နှင့် ရေရှည်အကျိုးရှိနိုင်မည့် လုပ်ငန်းများကို ပြင်ဆင်သုံးစွဲရန် စီစဉ်နေသည်ဟုလည်း သိရသည်။

**လုံခြုံစိတ်ချစွာ ပျံသန်း**

လေကြောင်း ပို့ဆောင်ရေးကဏ္ဍတွင် အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်၏ စံညွှန်းသတ်မှတ်ချက်များ၊ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဘေးအန္တရာယ်ကင်းစွာ ပျံသန်းနိုင်ရေး ၊ လုံခြုံစိတ်ချစွာပျံသန်းနိုင်ရေး၊ စွမ်းအားပြည့်ပျံသန်းနိုင်ရေး၊ စဉ်ဆက်မပြတ်တိုးတက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာသို့ လေကြောင်းပျံသန်းနိုင်ရန် နှစ်နိုင်ငံလေကြောင်းစာချုပ် ၄၈ ခု ချုပ်ဆိုထားပြီးဖြစ်သည်။ အာဆီယံနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV) လေးနိုင်ငံဒေသတွင်း မူဘောင်သဘောတူစာချုပ်များကိုလည်း လက်မှတ်ရေးထိုးထားသည်။ တစ်နှစ်တာကာလအတွင်း မြန်မာ-ဘူတန် လေကြောင်းသဘောတူစာချုပ်၊ မြန်မာ-နယ်သာလန် လေကြောင်းသဘောတူစာချုပ်တို့ကို ချုပ်ဆိုခဲ့ပြီး မြန်မာ-အင်ဒိုနီးရှား စာချုပ်သစ် ချုပ်ဆိုရန် မူကြမ်းရေးဆွဲနိုင်ခဲ့သည်။

ယခု လက်ရှိအချိန်တွင် မြန်မာနိုင်ငံသို့ နိုင်ငံတကာလေကြောင်းလိုင်း ၃၂ လိုင်း၊ ပြည်တွင်းလေကြောင်းလိုင်း ၁၀ လိုင်း ပျံသန်းလျက်ရှိသည်။ အစိုးရသစ်လက်ထက်တွင် Hong Kong Express Airlines၊ Thai Lion Air၊ Emirates Airline နှင့် Air KBZ နိုင်ငံတကာလေကြောင်းလိုင်း လေးလိုင်းကိုလည်း တိုးချဲ့ပျံသန်းနိုင်ခဲ့သည်။

**စင်းလုံးငှားခရီးစဉ်**

မြန်မာ အမျိုးသားလေကြောင်းသည် ကော်ပိုရေးရှင်းအသွင်ပြောင်းလဲ၍ ပြည်တွင်း၊ ပြည်ပ လေကြောင်းခရီးစဉ်နှင့် စင်းလုံးငှားခရီးစဉ်များပြေးဆွဲခြင်း၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအပါအဝင် ဝင်ငွေတိုးတက်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းလေဆိပ် ၂၈ ခုသို့ ပုံမှန်ခရီးစဉ်များ ပျံသန်းလျက်ရှိပြီး ပြည်ပခရီးစဉ်များကိုလည်း တိုးချဲ့ပြေးဆွဲလျက်ရှိသည်။ ရန်ကုန်-စင်ကာပူ-ရန်ကုန် ခရီးစဉ်ကို ပြီးခဲ့သည့်နှစ် ဩဂုတ်လတွင်လည်းကောင်း၊ ရန်ကုန်-မန္တလေး-ဘန်ကောက်-ရန်ကုန် ခရီးစဉ်ကို စက်တင်ဘာတွင် လည်းကောင်း၊ ဗုဒ္ဓဂယာခရီးစဉ်နှင့် ရန်ကုန်-ဟောင်ကောင် ခရီးစဉ်တို့ကို အောက်တိုဘာတွင်လည်းကောင်း၊ ချင်းမိုင်ခရီးစဉ်ကို နိုဝင်ဘာတွင်လည်းကောင်း စတင်ပျံသန်းခဲ့သည်။

"ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ်က ခရီးသည် ငါးသိန်းနှစ်သောင်းကျော်သာရှိခဲ့ပေမယ့် အခုဘဏ္ဍာရေးနှစ်မှာတော့ ဇန်နဝါရီလကုန်အထိ ခရီးသည် ရှစ်သိန်းခွဲကျော် ပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။ လေယာဉ်လက်မှတ်ကိုလည်း Online စနစ်နဲ့ တစ်ကမ္ဘာလုံးက ဝယ်ယူနိုင်အောင် စီစဉ်ထားလို့ နှစ်ကုန်ရင်တော့ ခရီးသည် နှစ်ဆတိုးတက်ပို့ဆောင်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ATR လေယာဉ်များ အကြီးစားပြုပြင်ထိန်းသိမ်းရေးအတွက် ပြီးခဲ့သည့်နှစ် ဧပြီတွင် နိုင်ငံခြားအင်ဂျင်နီယာနှင့် မြန်မာအင်ဂျင်နီယာများပူးပေါင်း၍ ATR လေယာဉ်တစ်စင်းကို ပထမအကြိမ် အကြီးစားပြင်ဆင်နိုင်ခဲ့သည်။

**အသိအမှတ်ပြု**

လာမည့် မေလတွင် ဥရောပလေကြောင်းဘေးကင်းလုံခြုံမှု အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ လာရောက်စစ်ဆေးထုတ်ပေးမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ပသို့ လေယာဉ်များ ပို့ဆောင်ပြင်ဆင်ရန် မလိုအပ်တော့သည့်အတွက် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်ပြီး အခြားလေကြောင်းလိုင်းများမှ လေယာဉ်များကိုပါ ပြင်ဆင်ပေးနိုင်သည့်အတွက် နိုင်ငံခြားငွေများ တိုးတက်ရှာဖွေနိုင်တော့မည်ဖြစ်သည်။

ပြည်သူလူထု သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လူနှင့်ကုန်ပစ္စည်းများကို ရေကြောင်းမှ သယ်ယူခြင်းသည် စရိတ်စကအသက်သာဆုံးဖြစ်သည်။ မြန်မာနိုင်ငံတွင် သယ်ယူပို့ဆောင်ရေးလုပ်နိုင်သည့်မြစ်များဖြစ်သော Navigable River ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်၊ ကုလားတန် စသည်ဖြင့် များစွာရှိသော်လည်း တောပြုန်းခြင်း၊ တောင်ပြုန်းခြင်း၊ စည်းကမ်းမဲ့သတ္တုတူးခြင်း၊ ရွှေတူးခြင်းများရှိသဖြင့် မြစ်ကြီးများ တိမ်ကောလာပြီး ရေကြီးနစ်မြုပ်ခြင်း၊ ကမ်းပါးပြိုခြင်းတို့ကြောင့် မြစ်ကြောင်းပြောင်းလဲခြင်းများ ဖြစ်ပေါ်ခဲ့သည်။

"မိုးအခါ ရေကြီးပြီး နွေအခါ သောင်ထွန်းမှုတွေဟာ နှစ်ပေါင်းများစွာမြစ်ရေလမ်းကြောင်းကောင်းမွန်ရေးနဲ့ထိန်းသိမ်းမှု (Waterway Channel Management နဲ့ River Training) တွေ မလုပ်ခဲ့လို့ဘဲဖြစ်ပါတယ်။ ကမ်းပြိုမှုတွေ

**အထူးကဏ္ဍ (စ) သို့ »»**




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့အဆောက်အအုံသစ်ကို တွေ့ရစဉ်။

ကြေးမုံ အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ


ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း မြစ်ငယ်ဒွေးလမ်းတံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

**အထူးကဏ္ဍ (င) မှ »»**
ကြောင့် ပြည်သူအများ ထိခိုက်မှုလျော့ပါးစေဖို့ တမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေကို လက်ရှိမှာ ဆောင်ရွက်နေပါတယ်။ တကယ်တော့ ကျွန်တော်တို့ဟာ အဓိကရောဂါကိုမကုနိုင်ဘဲ လတ်တလောပေါ်ပေါက်လာတဲ့အနာတွေကို ဖြေရှင်းနေရတာဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးများရဲ့ ရန်ပုံငွေနဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း စုစုပေါင်း ၁၃၃ ခု ဆောင်ရွက်လျက်ရှိပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

**ပြဋ္ဌာန်းချက်များနှင့်အညီ**

ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေး၊ လုံခြုံမှုရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်၏ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

“ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ပြည်ထောင်စုရန်ပုံငွေနဲ့ လုပ်ငန်း ခုနစ်ခု၊ အရေးပေါ် ရန်ပုံငွေနဲ့လုပ်ငန်း ၁၃ ခုကိုလည်း စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တွေမှာ ဆောင်ရွက်လျက်ရှိပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် မန္တလေး-ညောင်ဦးအပိုင်း မြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် စီမံချက်ရေးဆွဲပြီး စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ်းပြိုကာကွယ်မှုများကို ကုန်ကျစရိတ်သက်သာစွာ ဆောင်ရွက်နိုင်ရန် ဗာတီဗာမြက် ငါးသောင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စမ်းသပ်စိုက်ပျိုးလျက်ရှိပြီး အောင်မြင်လျှင် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**ရပ်တည်ရန် ခက်ခဲ**

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ကော်ပိုရေးရှင်းဆန်ဆန် ဆောင်ရွက်ရမည်ဖြစ်သော်လည်း ရပ်တည်ရန်ခက်ခဲသဖြင့် ဝန်ထမ်းများထိခိုက်မှုမရှိစေရန် ပြည်ထောင်စုဘတ်ဂျက်သို့ ပြန်လည်ဝင်ရောက်ခဲ့သည်။

“နောင်မှာ ချင်းတွင်းရေကြောင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ဧရာဝတီရေကြောင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ရခိုင်ရေကြောင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ဧရာဝတီကုန်စည်ပို့ဆောင်ရေးလုပ်ငန်း စသဖြင့် အများပိုင်ကုမ္ပဏီထူထောင်ခြင်း၊ ဖက်စပ်ကုမ္ပဏီထူထောင်ခြင်း၊ ကော်ပိုရိတ်ဖွဲ့စည်းခြင်းတွေကို စနစ်တကျပြင်ဆင်ပြောင်းလဲပြီး ရေကြောင်းပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးအောင်ဆောင်ရွက်မှာဖြစ်ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးကဆိုသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကဏ္ဍ တိုးတက်လာရန် အမျိုးသားသယ်ယူပို့ဆောင်ရေး ပင်မစီမံကိန်း (National Transport Master Plan)တွင် ရေးဆွဲထားသည့် အတိုင်း ကုန်သေတ္တာများ တင်/ချနိုင်သည့် ဆိပ်ကမ်းခြောက်ခုကို ဧရာဝတီမြစ်ပေါ်တွင် လေးခု၊ ဗန်းမော်၊ မန္တလေး၊ ပခုက္ကူ၊ မကွေးနှင့် ချင်းတွင်းမြစ်ပေါ်တွင် နှစ်ခု၊ မုံရွာနှင့် ကလေးဝတို့တွင်လည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဘယ်လ်ဂျီယံနိုင်ငံ၏ ချေးငွေ**

“ပထမဦးစားပေးဆိပ်ကမ်းကို မန္တလေးမှာ အရင်ဆုံး တည်ဆောက်ဖို့နေရာရွေးချယ်ပြီးဖြစ်ပါတယ်။ Container သင်္ဘောပြေးဆွဲနိုင်ဖို့ ရန်ကုန်-ဆီမီးခုံအကြား စမ်းသပ်ပြေးဆွဲပြီးဖြစ်ပါတယ်။ ရန်ကုန်နဲ့ မန္တလေးအကြား ကုန်သေတ္တာ ကုန်စည်တွေကို ရေကြောင်းနဲ့ စရိတ်စက သက်သာစွာပို့ဆောင်နိုင်ဖို့ မန္တလေးဆိပ်ကမ်းကို ၂၀၂၀ ခုနှစ် နောက်ဆုံးထား ပြီးစီးရေး အလျင်အမြန်ဆောက်လုပ်သွားမှာဖြစ်ပါတယ်။ မြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ဘယ်လ်ဂျီယံနိုင်ငံရဲ့ ချေးငွေရရှိရေးကို စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက တစ်ဆင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောသည်။

ရေကြောင်းကုန်စည်၏ ရာခိုင်နှုန်း ၉၀ ကျော်ကို ရန်ကုန်ဆိပ်ကမ်းမှ ဆောင်ရွက်ပေးလျက်ရှိရာ ဆိပ်ခံတံတားနှင့် ဆက်စပ်အခြေခံအဆောက်အအုံများဖြစ်သည့် ဆိပ်ကမ်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ၊ စီမံခန့်ခွဲမှုစနစ်များကို ကွန်ပျူတာအသုံးချဝန်ဆောင်မှုများဖြင့် အစားထိုးနိုင်ရန်၊ အာဆီယံပြတင်းတစ်ပေါက်စနစ် (National Single Window)ကို အထောက်အကူပြုနိုင်ရန် Port-EDI စီမံကိန်းကိုလည်း ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပြီး ယခုနှစ် အောက်တိုဘာလတွင် အသုံးချနိုင်တော့မည်ဖြစ်သည်။

**လျှပ်စစ်ရထားကိစ္စ**

“ရထားကဏ္ဍကိုပြောမယ်ဆိုရင် ရန်ကုန်ကမ်းနားလမ်းမှာ ပြေးဆွဲတဲ့ လျှပ်စစ်ရထားကို အမြန်ဆုံးရပ်ပစ်လိုက်ပါတယ်။ တစ်နေ့ ၁၀ ယောက်လောက်ပဲစီးပြီး ပြေးဆွဲနေတာ အရှုံးပေါ်နေတယ်။ ပြည်သူလူထုအတွက်လည်း မလိုအပ်ဘူး။ ဒါကြောင့် နောက်ထပ် ရင်းနှီးမြှုပ်နှံဖို့ တင်ပြထားတဲ့ အမေရိကန်ဒေါ်လာ သုံးသန်းနီးပါးနဲ့ ကျပ်သန်း ၂၀၀ လောက်ကို အကျိုးရှိတဲ့ အခြားနေရာကို လွှဲပြောင်းသုံးဖို့ စီစဉ်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

ရန်ကုန်မြို့ပတ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဂျပန် ODA ချေးငွေနှင့် ဆောင်ရွက်နေသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ရန်ကုန်နှင့် လှော်ကားအကြား သံလမ်း ခြောက်ချောင်းဂဟေဆက်ခြင်း ၁၇ မိုင်၊ တံတားအစင်း ၂၀ တွင် ပေါင်များအသစ်လဲလှယ်ခြင်း၊ ဘူတာခြောက်ခုတွင် စင်္ကြံအမြင့်ပြုလုပ်ခြင်းများလည်း ဆောင်ရွက်ပြီးစီးခဲ့ရာ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ရုပ်လုံးပေါ်လာတော့မည်ဖြစ်သည်။ ယခု ၂၅ ကီလိုမီတာမှ ကီလိုမီတာ ၆၀ သို့ တိုးမြှင့်ခုတ်မောင်းနိုင်တော့မည်ဖြစ်ပြီး ခရီးသွားကြာချိန်ကို ၂ နာရီ မိနစ် ၅၀ မှ ၁ နာရီ မိနစ် ၅၀ သို့ လျှော့ချနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

“ဒ့ါအပြင် အင်းစိန်ဘူတာ၊ ရေကူးဘူတာတွေမှာ ဘတ်စ်ကားနဲ့ ရထားလမ်း ဆက်စပ်နိုင်တဲ့ Interchange Station တွေ၊ ကားပါကင်တွေ၊ Public Area တွေကို စနစ်တကျ တည်ဆောက်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့ကြီးကို တောင်-မြောက်ဖြတ်မယ့် UMRT (၁)၊ အရှေ့-အနောက်ဖြတ်မယ့် UMRT (၂) တွေကို ဖောက်လုပ်ဖို့ JICA ရဲ့ ရန်ကုန်မြို့တော် သယ်ယူပို့ဆောင်ရေးစီမံကိန်း (YUTRA)မှာ အကြံပြုတင်ပြထားပါတယ်။

**အထူးကဏ္ဍ (ဆ) သို့ »»**


မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။


ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

အထူးကဏ္ဍ (စ) မှ »»

အဲဒီ Mass Rapid Transit System (Rail) နှစ်ခုအတွက် ဖြစ်မြောက်နိုင်ခြေလေ့လာမှုကို စတင်ဆောင်ရွက်ကြဖို့ JICA ရော KOICA ကိုပါ နှိုးဆော်ထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**အားထားနိုင်**

မြန်မာ့မီးရထားကို ပြည်သူအများ အားထားနိုင်သည့် လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေး၊ မန္တလေး-မြစ်ကြီးနားလမ်း အဆင့်မြှင့်တင်ရေး၊ ရန်ကုန် မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် ရန်ကုန်-ပြည်ရထားလမ်းပိုင်း အဆင့်မြှင့်တင်နိုင်ရေးအတွက် ADB မှ ပညာရှင်များဖြင့် ယခုနှစ်အတွင်း လေ့လာမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"High Speed Railway လိုမျိုးကို ဒီငါးနှစ်မှာ မစဉ်းစားနိုင်သေးပါဘူး။ High Speed Railway ဆိုတာ တစ်နာရီ ကီလိုမီတာ ၂၅၀ အထက် ပြေးဆွဲမှ မြန်နှုန်းမြင့်လို့ ခေါ်တာပါ။ ကျွန်တော်တို့ရဲ့ တစ်ဦးချင်းဝင်ငွေက အမေရိကန်ဒေါ်လာ ၁၁၀၀ အောက်မှာရှိသေးတဲ့ နိုင်ငံအနေနဲ့ High Speed Railway ကို မဖောက်သင့်သေးဘူးလို့ ပညာရှင်တွေက ဆိုကြပါတယ်။ ဒါကြောင့်လည်း ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည်ဆိုတဲ့ အဓိကရထားလမ်း လေးခုကိုပဲ ပြုပြင်မှာပါ။ ရထား မူလဈေးကွက်ကြီးရဲ့ ရာခိုင်နှုန်း ၈၀ ဟာ ဒီလမ်းလေးလမ်းမှာပဲရှိပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ခရီးသည်များ ဘေးကင်းလုံခြုံစွာသွားလာနိုင်ရန် အချိန်တိုတိုနှင့် လိုရာအရပ်ကို သွားလာနိုင်ရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေခြင်းဖြစ်သည်။ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ရထားများ ဘေးအန္တရာယ်ကင်းရှင်းပြီး အချိန်တိုတောင်းစွာ အစုန်/အဆန် သွားလာနိုင်ရန် အရှည်ပေ ၈၆၀ ရှိ မြစ်ငယ်ဒွေးလမ်းရထားတံတားကိုလည်း အပြီးတည်ဆောက်ပေးနိုင်ခဲ့သည်။

**သုတေသနပြုလုပ်**

မန္တလေး-မြစ်ကြီးနားအတွက် အဓိက ကြန့်ကြာမှုအဖြစ်ဆုံး၊ အကွေ့အကောက်နှင့် လျှောစောက် အများဆုံးဖြစ်သည့် ဂျိုးထောင်၊ နမ့်ခမ်း၊ ဘုံချောင်း၊ မဲဇာဘူတာ လေးခုကို လမ်းအူကြောင်းပြောင်းရန် ကိုရီးယား အင်ဂျင်နီယာများနှင့် ယခုနှစ်အတွင်း သုတေသန Survey ပြုလုပ်ပြီးဖြစ်သည်။

"ဥမင်လမ်းအသစ်နဲ့ တံတားအသစ်တစ်ခုအပါအဝင် လမ်းကြောင်းသစ် ဖောက်လုပ်ရမှာပါ။ ကိုရီးယားနိုင်ငံ EDCF Loan အမေရိကန် ဒေါ်လာသန်း ၁၀၀ နဲ့ ပြင်ဆင်ဖို့ ညှိနှိုင်းနေပါတယ်။ ကျန်တဲ့လမ်းပိုင်းတွေကိုလည်း ဝန်ကြီးဌာန ဘတ်ဂျက်အတွင်းက တဖြည်းဖြည်း ပြင်နေပါတယ်။ စီမံကိန်းကို ၂၀၁၇ မှ ၂၀၁၉ ခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခု တစ်နာရီ ၁၆ ကီလိုမီတာကနေ ၄၅ ကီလိုမီတာကို တိုးမြှင့်ခုတ်မောင်းနိုင်မှာဖြစ်ပါတယ်။ ခရီးကြာချိန်ကိုလည်း နှစ်နာရီခွဲကျော်ကျော် လျှော့ချနိုင်မှာဖြစ်ပါတယ်။ ရန်ကုန်-မန္တလေးနည်းတူ ခေတ်မီတွဲသစ်များဖြင့် ပြေးဆွဲသွားမှာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ယာဉ်များကို စစ်ဆေးမှတ်ပုံတင်ခြင်း၊ ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ အငှားယာဉ်များကို လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန် စစ်ဆေးကြပ်မတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ်မော်တော်ယာဉ်များကို မှတ်ပုံတင်ပေးလျက်ရှိရာ ယခုအခါ စုစုပေါင်းမော်တော်ယာဉ် ၁၀၀၃၅၈၈ စီး၊ ဆိုင်ကယ် ၅၁၂၂၇၀၁ စီး စုစုပေါင်းယာဉ်စီးရေ ၆၁၂၆၂၈၉ စီး အထိ မှတ်ပုံတင်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

**ပြည်သူများ၏ အသက်**

ယာဉ်မတော်တဆထိခိုက်မှုကြောင့် ပြည်သူများ၏ အသက်နှင့် လူမှုစီးပွားဘဝ ဆုံးရှုံးမှုများ လျော့နည်းကျဆင်းစေရန် "အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ"ကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ်(၂၇/၂၀၁၆)ဖြင့် ဖွဲ့စည်း၍ မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက် (၂၀၁၄-၂၀၂၀) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

"မော်တော်ဆိုင်ကယ်စီးသူတွေကို အရည်အသွေးပြည့်မီတဲ့ ဆိုင်ကယ်စီးဦးထုပ်တွေ ဝတ်ဆင်မောင်းနှင်ရန်၊ မော်တော်ယာဉ်မောင်းသူနဲ့ လိုက်ပါစီးနင်းသူတွေ ယာဉ်မောင်းနှင်စဉ်နဲ့ စီးနင်းလိုက်ပါစဉ် ထိုင်ခုံခါးပတ်ဝတ်ဆင်ရန်၊ အရက်သေစာသောက်စား၍ မော်တော်ယာဉ်မောင်းနှင်ခြင်းတွေမရှိစေရန်၊ မော်တော်ယာဉ်မောင်းနှင်သူတွေ လက်ကိုင်ဖုန်း အသုံးမပြုရန် စတဲ့အစီအမံ လေးရပ်ကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ အရင်ကာလနဲ့ နှိုင်းယှဉ်ရင် ယာဉ်မတော်တဆမှုတွေ လျော့နည်းလာတယ်လို့ မဆိုနိုင်သေးပေမယ့် တိုးတက်လာတဲ့ ယာဉ်စီးရေနဲ့နှိုင်းယှဉ်ရင် မတော်တဆဖြစ်ပွားမှုနှုန်း လျော့နည်းကျဆင်းလာတာကို တွေ့ရပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ယာဉ်စီးရေတိုးတက်မှုကြောင့် ဖြစ်ပေါ်လာသည့် ယာဉ်ကြောပိတ်ဆို့မှုများ၊ ယာဉ်မတော်တဆထိခိုက်မှုများကို ဖြေရှင်းရန်၊ ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် မော်တော်ယာဉ်များကို အလွယ်တကူစိစစ်ဖော်ထုတ်ဖမ်းဆီးနိုင်ရန်နှင့် တရားမဝင်မှတ်ပုံတင်မဲ့ယာဉ်များကို စစ်ဆေးထိန်းချုပ်ရန် ရည်ရွယ်၍ [Radio Frequency Identification (RFID) System] တပ်ဆင်ခြင်းလုပ်ငန်းကို PPP အစီအစဉ်ဖြင့် အကောင်အထည်ဖော်ရေးအတွက် အကြံပြုပညာရှင် ငှားရမ်းရန် ဆောင်ရွက်လျက်ရှိသည်။


ကစ္ဆပနဒီ (၁) ရေယာဉ်ကို တွေ့ရစဉ်။


ကစ္ဆပနဒီ (၂) ရေယာဉ်ကို တွေ့ရစဉ်။

**အမျိုးသားဆိုက်ဘာလုံခြုံရေး**

ဆက်သွယ်ရေးကဏ္ဍတွင် ဆက်သွယ်ရေးကွန်ရက်များ တိုးချဲ့တည်ဆောက်ခြင်း၊ ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရန် ကြိုးပမ်းခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အမျိုးသားဆိုက်ဘာလုံခြုံရေး အစီအစဉ်များ တိုးတက်ကောင်းမွန်ရန် ဆောင်ရွက်ခြင်းနှင့် e-Government လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည်လည်း ကော်ပိုရိတ်ဖွဲ့စည်းရန် လိုအပ်နေသလို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့ကိုလည်း ကော်ပိုရိတ် ဖွဲ့စည်းရမည်ဖြစ်သည်။

"ကော်ပိုရေးရှင်းဆိုတာ နိုင်ငံပိုင် အဖွဲ့အစည်းတွေသာဖြစ်ပြီး စီးပွားရေးအရ လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်အောင် စီမံခန့်ခွဲမှုအပိုင်းကို ပြင်ဆင်ခြင်းသာ ဖြစ်ပါတယ်။ နိုင်ငံပိုင်၊ အများပိုင်အဖြစ် ရှိနေမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မူဝါဒနဲ့ ဥပဒေအတိုင်း ကြီးကြပ်သွားမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

**ဂြိုဟ်တုချန်နယ်**

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ပြီးခဲ့သည့် မေလအတွင်း Intelsat Global Sale and Marketing Ltd နှင့် ငါးနှစ်သက်တမ်းစာချုပ် ချုပ်ဆိုခဲ့ပြီး မြန်မာဂြိုဟ်တုစနစ်စီမံကိန်း Myanmar Sat 1 ကို တည်ထောင်ခဲ့သည်။ ဂြိုဟ်တုချန်နယ်များကို ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများသို့ သက်သာသော နှုန်းထားများဖြင့် တစ်ဆင့်ပြန်လည်ငှားရမ်းသွားရန် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အော်တိုတယ်လီဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ၄၄ သန်းကျော်၊ သိပ်သည်းဆသည် လူဦးရေ၏ ၈၆ ဒသမ ၂၀ ရာခိုင်နှုန်းရှိရာမှ ယခုနှစ် ဇန်နဝါရီလကုန်အထိ တယ်လီဖုန်း ၅၄ သန်းကျော် တပ်ဆင်ခဲ့ပြီး သိပ်သည်းဆသည် ၁၀၄ ဒသမ ၆၂ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့သည်။

အင်တာနက်သုံးစွဲမှုအနေဖြင့်လည်း ယခင်နှစ်က လူဦးရေ ၃၆ သန်းကျော် သိပ်သည်းဆ ၇၀ ဒသမ ၆၀ ရာခိုင်နှုန်းရှိရာမှ ဇန်နဝါရီလကုန်အထိ ၄၆ သန်းကျော် သိပ်သည်းဆ ၈၈ ဒသမ ၉၅ ရာခိုင်နှုန်းသို့ ရောက်ရှိလာသည်။

Mobile ကွန်ရက်များ တစ်နိုင်လုံးလွှမ်းခြုံနိုင်ရေးအတွက် Mobile Tower တိုင် စုစုပေါင်း ၁၆၉၆၅ တိုင် ဆောက်လုပ်ရန်ရှိသည့်အနက် ယခုနှစ် ဇန်နဝါရီလကုန်အထိ ၁၄၈၇၂ တိုင်ဆောက်လုပ်ပြီးစီးခဲ့သည်။ Fiber Cable ဆက်သွယ်မှုအနေဖြင့် စုစုပေါင်း ၃၅၃၆၂ ဒသမ ၂၇ ကီလိုမီတာ တည်ဆောက်ထားရှိပြီး ၁၀၇၃၀ ဒသမ ၀၂ ကီလိုမီတာ ထပ်မံတည်ဆောက်လျက်ရှိသည်။

အထူးကဏ္ဍ (ဇ) သို့ »»

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ကော်ပိုရေးရှင်းဆန်ဆန် ဆောင်ရွက်ရမည်ဖြစ်သော်လည်း ရပ်တည်ရန်ခက်ခဲသဖြင့် ဝန်ထမ်းများထိခိုက်မှုမရှိစေရန် ပြည်ထောင်စုဘတ်ဂျက်သို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ နောင်မှာ ချင်းတွင်းရေကြောင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ဧရာဝတီရေကြောင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ရခိုင်ရေကြောင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ဧရာဝတီကုန်စည်ပို့ဆောင်ရေးလုပ်ငန်း စသဖြင့် အများပိုင်ကုမ္ပဏီထူထောင်ခြင်း၊ ဖက်စပ်ကုမ္ပဏီထူထောင်ခြင်း၊ ကော်ပိုရိတ်ဖွဲ့စည်းခြင်းတွေကို စနစ်တကျပြင်ဆင်ပြောင်းလဲပြီး ရေကြောင်းပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးအောင်ဆောင်ရွက်မှာဖြစ်**



ကျောက်ဖြူရေဒါစခန်း။



ရန်ကုန်ရေဒါစခန်း။



တည်ဆောက်ဆဲ မန္တလေးရေဒါစခန်း။

အထူးကဏ္ဍ (ဆ) မှ »»

### စာတိုက်လုပ်ငန်း

စာတိုက်လုပ်ငန်း ဖွံ့ဖြိုးလာစေရန် ဂျပန်နိုင်ငံ၏ အကူအညီများရယူဆောင်ရွက်လျက်ရှိသလို ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းများကို မှတ်ပုံတင်စနစ်ဖြင့် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကို ခွင့်ပြုလုပ်ကိုင်စေလျက်ရှိသည်။ နိုင်ငံတော်၏ အထိမ်းအမှတ်နေ့ရက်များအတွက် စာပို့တံဆိပ်ခေါင်းများ၊ ပို့စ်ကတ်များကိုလည်း အထူးထုတ်လုပ်ပေးလျက်ရှိသည်။ ငွေပို့လွှာလုပ်ငန်း၊ Online Shopping နဲ့ Mobile Money ပေးပို့ခြင်းများကို တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မိုးလေဝသနှင့် ဇလဗေဒကဏ္ဍအနေဖြင့် မုန်တိုင်းများ၏ တည်နေရာ၊ ပြင်းအားနှင့် ရွေ့လျားမှုလမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းပြီး သတိပေးချက်များ အခါမလပ်ထုတ်ပြန်နိုင်ရန် မိုးလေဝသရေဒါ သုံးလုံးကို ဂျပန်နိုင်ငံ၏အကူအညီဖြင့် တပ်ဆင်ခဲ့သည်။ ပထမရေဒါကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကျောက်ဖြူမြို့နယ် ကင်းရွာနှင့် ဒုတိယရေဒါကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေး၌ တပ်ဆင်ပြီးဖြစ်သဖြင့် မုန်တိုင်းဖြစ်ပေါ်မှုများကို သုံးနာရီလျှင် တစ်ကြိမ် တစ်နေ့ရှစ်ကြိမ် ရှာဖွေထောက်လှမ်းလျက်ရှိသည်။ မန္တလေးရေဒါကိုလည်း ယခုနှစ် မေလတွင် တပ်ဆင်ပြီးစီးရေး ဆောင်ရွက်လျက်ရှိသည်။

### အလိုအလျောက်

"ရေဒါ သုံးလုံးနဲ့အတူ အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ ၃၀ ကိုလည်း ဂျပန်နိုင်ငံရဲ့အကူအညီနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံးမှာ တစ်ပြိုင်တည်း တပ်ဆင်ထားပြီးဖြစ်ပါတယ်။ အရင်က မြန်မာတစ်နိုင်ငံလုံးမှာ မိုးလေဝသနှင့် ဇလဗေဒစခန်း၊ မြေငလျင်စခန်း စုစုပေါင်း ၁၈၈ ခုရှိရာမှ ယခုနှစ်အတွင်း မိုးလေဝသစခန်း (မြောက်ဦး)နဲ့ ဇလဗေဒစခန်း (မြဝတီ) တို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ ယခင်ဇလဗေဒတိုင်းတာရေးစခန်း ခုနစ်ခုကိုလည်း ခန့်မှန်းရေးထုတ်ပြန်တဲ့စခန်းတွေအဖြစ် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ညောင်ရွှေမိုးလေဝသနှင့် ဇလဗေဒစခန်းအသစ်ကို အခု မတ်လကုန်မှာ ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမှုရေးလိုအပ်ချက်များကို အထောက်အကူပြုနိုင်ရန်၊ ပို့ဆောင်ရေးကဏ္ဍကို အသုံးပြုသူများက စိတ်တိုင်းကျရွေးချယ်နိုင်ပြီး ၎င်းတို့၏လိုအပ်ချက်အတိုင်း ဝန်ဆောင်မှုပေးနိုင်သော အစိုးရစွက်ဖက်မှုကင်းသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်ရေးကဏ္ဍကိုလည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအနှံ့အပြား အထူးသဖြင့် ကချင်ပြည်နယ်၊ နာဂတောင်တန်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် စသော ဝေးလံခေါင်ဖျားသည့် ဒေသများအထိ ဆက်သွယ်မှုကွန်ရက်ရောက်ရှိရေး ဆောင်ရွက်လျက်ရှိသည်။

### တစ်နိုင်ငံလုံး ဖြန့်ကြက်

တစ်ခေတ်တစ်ခါက နိမ့်ကျခဲ့သော အများပြည်သူအသုံးပြုနေရသည့် သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ယခုအခါ ခေတ်စနစ်၏ တောင်းဆိုချက်အရ ခေတ်မီတိုးတက်ရန် ပြုပြင်ပြောင်းလဲနေပြီဖြစ်သည်။ လူချမ်းသာတို့သာ သုံးစွဲနိုင်ခဲ့သော မိုဘိုင်းဖုန်းများသည်လည်း တစ်နိုင်ငံလုံးဖြန့်ကြက်ကာ လူတိုင်းနီးပါး သုံးစွဲနိုင်ခဲ့ပြီ။

ထိုသို့ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံများ ကောင်းမွန်တိုးတက်လာခြင်းသည် လူမှုစီးပွားဘဝများ အပါအဝင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများပင်ဖြစ်ရာ မဝေးတော့သည့် အနာဂတ်တွင် ကမ္ဘာ့အလယ်၌ ခေတ်မီတိုးတက်သည့် နိုင်ငံတစ်ခုအသွင် ရုပ်လုံးကြွလာရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကလည်း တစ်ထောင့်တစ်နေရာမှ ပံ့ပိုးလျက်ရှိပါကြောင်း. . .။ ။

မိုးလေဝသနှင့် ဇလဗေဒကဏ္ဍအနေဖြင့် မုန်တိုင်းများ၏တည်နေရာ၊ ပြင်းအားနှင့် ရွေ့လျားမှုလမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းပြီး သတိပေးချက်များ အခါမလပ်ထုတ်ပြန်နိုင်ရန် မိုးလေဝသရေဒါသုံးလုံးကို ဂျပန်နိုင်ငံ၏အကူအညီဖြင့် တပ်ဆင်ခဲ့သည်။ ပထမရေဒါကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကျောက်ဖြူမြို့နယ် ကင်းရွာနှင့် ဒုတိယရေဒါကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေး၌ တပ်ဆင်ပြီးဖြစ်သဖြင့် မုန်တိုင်းဖြစ်ပေါ်မှုများကို သုံးနာရီလျှင်တစ်ကြိမ် တစ်နေ့ရှစ်ကြိမ် ရှာဖွေထောက်လှမ်းလျက်ရှိသည်။ မန္တလေးရေဒါကိုလည်း ယခုနှစ် မေလတွင် တပ်ဆင်ပြီးစီးရေး ဆောင်ရွက်လျက်ရှိ



ပင်မဂြိုဟ်တုမြေပြင်စခန်း တည်ဆောက်ထားရှိမှုကို တွေ့ရစဉ်။